
www.burmeseclassic.com

# ကျော်မြသန်း

မထင်မှတ်ဘာ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ.... မောင်တင်ဒွေး

မျက်နှာဖုံးပန်းချီ.... မောင်မောင်သိုက်

အုပ်ရေ.... (၅၀၀)

တန်ဖိုး.... ၁၇ဝိ/-

ပထမအကြိမ်

၁၉၉၀ - ခုနှစ်။

# ကျော်မြသန်း

မ ထင် မှတ် ဘဲ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၃၁/၉၀/၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၁၇/၉၁/၈

ထုတ်ဝေသူ- ဒေါ်မြမြ (၀၁၆၆၃)
ဘိုးတော်စာပေ၊ ဖဆပလ။
တိုက်(၇)၊ အခန်း(၆)၊
ရန်ကုန်မြို့။

ပုံနှိပ်သူ- ဒေါ်မြရီ (မြ- ၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်၊
၁၃(အေ)၊ (၉၇)လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

မျက်နှာဖုံး- ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်၊
၁၇၊ သင်္ဂဟလမ်း၊ ကျောက်
မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး....ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# ကျော်ဖြူသန်း

## မထင်မှတ်ဘဲ

ဝတ္ထုသစ် (စ, ဆုံး)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဘုရား၊ တရား၊ သံဃာ

အမိ၊ အဖ၊ ဆရာသမား

အနန္တော အနန္တ ငါးပါးအား

ဦးထိပ်ထားလျက်

မောင်တင်ရွှေ

ရွှေဟင်္သ ၁၀၁ပေ

www.burmeseclassic.com

www.burmeseclassic.com

လောကလူသားအများနေထိုင်လျက်ရှိသော လောကဝန်းကျင်တွင် ထူးထွေသည်ဟု သတိမူထိရသော၊ မထင်မှတ်ဘဲဖြစ်သည့် ဖြစ်ရပ်ပေါင်း မြောက်မြားစွာရှိပါသည်။

ဤဝတ္ထုမှာ မထင်မှတ်ဘဲ ဖြစ်ရသည့် တစ်ယောက် အဖြစ်အပျက် ဖြစ်ရပ်ကြောင်းကို အခြေခံပြီး ဖြည့်စွက် ဇာတ်ကြောင်းဆက်နွယ်၍ ရေးဖွဲ့လိုက်သော ဝတ္ထုဖြစ်ပါသည်။

မထင်မှတ်ဘဲဖြစ်ခဲ့ရသည့်ဖြစ်ရပ်ကြောင်းကို ပြန်လည် ပြော ပြ သည့် ဦးမင်းသူမှာ အသက် ၄၀ ဆယ် ဝန်းကျင်သို့ ရောက်ရှိနေသည့်တိုင်၊ တစ်ကိုယ်တည်း လူပျိုကြီးအဖြစ် ဘဝလမ်းခရီးကို ဆက်လက် လျှောက်လှမ်းနေဆဲရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်ဆန်းဟု မဆိုသာစေတာမူ၊ ကံကြမ္မာ အတိမ်းအစောင်း၊ အလှည့်အပြောင်းဒဏ်ကို နှင့်နှင့်ပိုးပိုး ခံလိုက်ရသောကြောင့် အရှုံးနှင့် မလိုက်အောင် ရင့်ရော်အိုမင်းနေသည်။

လူသားတို့၏ကံကြမ္မာမှာ အစောင်းနှင့် အဆုံး ဖွင့်တွဲနေစမြဲ ရှိပါသည်။

အတိုင်းထက်အလွန် အဆုံးဘက်သို့ ထိုန်းသိမ်းသွားသည့် ကြမ္မာဆိုးကြီးနှင့် တွေ့ကြုံဆုံစည်းလိုက်ရသူတို့မှာ ဘဝ ခရီး လမ်းကြောင်းကို ဆက်လက် လျှောက်လှမ်းနေရသော်လည်း အဓိပ္ပာယ်မဲ့၊ ရည်ရွယ်ချက်မဲ့ ဆက်လက် လျှောက်လှမ်း နေရတိသို့ ရှိပါချေ၏။

ဤဝတ္ထုတွင် စာရေးသူ၏ ရေးဖွဲ့နေကျ ပုံစံအတိုင်း လူကောင်း တစ်ယောက် ဖြစ်ပါလျက် ကြမ္မာ အလှည့် အပြောင်းကြောင့် လူသတ်မှုကို မကျူးလွန်ရဘဲ တစ်ကျွန်းခံဘဝသို့ ရောက် သွား ရ သူ တစ်ယောက် အကြောင်း၊ လူမိုက်ဘဝမှ လူကောင်းဘဝသို့ ကူးပြောင်းခဲ့သူ တစ်ယောက် အကြောင်းနှင့် မိဘ အမွေ အနှစ်ကို မထိန်းသိမ်းသူ တစ်ယောက်၏ ဥစ္စာရွှေအိုး လူခိုးခံရပုံဖြစ်ရပ်ထူးများကိုလည်း ဖော်ညွှန်းထားပါသည်။

လူ့ဘဝတွင် သာယာကြည်နူး ပျော်ရွှင်ချမ်းမြေ့ခြင်း ဆိုသည်မှာ တခဏ်ပဟာန်ပါ ကလေးဟု ဆိုရမည်ဖြစ်သော မတင်မှတ်ဘဲကို ဆက်လက်ဖတ်ရှုကြပါဟု....။

လေးစားသမှု ပန်ကြား မှုပြုလျက်....

ကျော်မြသန်း

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

မင်းသူသည် တစ်အိမ်လုံး၏ အခြေအနေကို အကဲခတ် ကြည့်လိုက်သည်။

သူရောက်ရှိနေသည့် အိမ်မှာ သူစိမ်းတစ်ရံစာ တစ်ဦးတစ်ယောက်၏အိမ်မဟုတ်။

ဖခင်ဖြစ်သူ၏ အစ်ကိုအရင်း၊ ကြီးဒေါ်ဖြစ်သူ၏အိမ်။

ကြီးဒေါ် ဒေါ်သိန်းနွဲ့မှာ မင်းသူကို တူဖြစ်သူကား သားအရင်းပမာသို့ ယုယကြင်နာ ချစ်ခင်သည်။

အိမ်ကို အတားအဆီးမရှိ လွတ်လွတ်လပ်လပ် ဝင်ထွက်ခွင့်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသူမှာ မုန့်ဖိုးအတွက်အမြဲတမ်း ကြီးဒေါ်အိမ်သို့ ရောက်စမြဲရှိသည်။

ဆယ်တန်းရောက်သည့်နှစ်အထိ ဘာပြဿနာမှ မဖြစ်ခဲ့ဖူးခဲ့။

ဒေါ်သိန်းနွဲ့မှာ ဈေးမျက်နှာစာတန်းတွင် ရွှေထည် ရတနာဆိုင်ဖွင့်ပြီး စီးပွားရေး လုပ်ကိုင်နေသူ ဖြစ်သည့် အလျောက် အစစအရာရာ ပြည့်စုံသည်။

ရတနာဆိုင်ဖွင့်၍ စီးပွားရေး လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်ပြီ။

ဝါရင့် ရတနာဆိုင်မို့ တောရော မြို့ပါ အဆက်အဆံ များသည်။

ရောင်းသူရော ဝယ်သူပါ စိတ်ချလက်ချ လာကြသည်။ ရောင်းကြဝယ်ကြသည်။

စီးပွားလည်း တရှိန်ရှိန်တက်ခဲ့သည်။

ခင်ပွန်းသည်က ရုံးအုပ်စာရေးကြီး။

စီးပွားရော ဂုဏ်ပါ နှစ်ထွေနှစ်ဖြာ ပြည့်စုံသည်။



ဝင်းခြံတိုက်တာနှင့် နေနိုင်ရုံမက၊ ကိုယ်ပိုင်ကားစီးနိုင်သူ အနည်းစုထဲတွင် ပါဝင်သည်။

ဒေါ်သိန်းနွဲ့တို့မှာ ရင်သွေးရတနာ ထွန်းကားခဲ့သော်လည်း သားယောက်ျားလေး မပါ။

သမီးချည်းမွေးခဲ့သည်မို့ တူဖြစ်သူကို သားကဲ့သို့ချစ်ခင်ခဲ့သည်။

မင်းသူမှာ အလိုလိုက်သော အမေနှင့် အလိုလိုက်သော ကြီးဒေါ်ကြောင့် သူငယ်ချင်း အပေါင်းအသင်းများနှင့် အသည်အပတ်များ၌ အသုံးအစွဲ လက်ဖွာသော်လည်း ဆေးကင်းသည်၊ လောင်းကစား ကင်းသည်၊ အသောက်အစား ကင်းသည်။

ချစ်သူတော့ မထင်။
ဒါကလည်း လူငယ်သဘာဝမို့ အဖြစ်ဟူ၍ မသတ်မှတ်နိုင်။

ရုပ်ကလေးကလည်း ဖြောင့်သည်။ မိဘတွေကလည်း တင့်တောင့်တင့်တယ်မို့ စွံသည်ဟု ဆိုရလေမလား၊ ချစ်ခြေ ချစ်ရာ ပါရမီခံပဲ ကောင်းသည်ဟု ဆိုရမလားမသိ၊ ဖိုးစွံ ဟု အသိအမှတ်ပြုခံရသူထဲမှာ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူချစ်ထက် ကိုယ်ချစ်မိန်းမလေးကို တွေ့တော့ အရွ
အမူ အစွဲအလမ်းကြီးခဲ့ရာမှ လူရိုးကနေ လူခိုးဖြစ်ပြီး အချုပ်
ထဲသို့ ရောက်သွားရသည်။

မင်းသူ၏ဖခင် ဦးစံထွန်းတို့မှာ မောင်နှမ သုံးယောက်
ရှိသည်။

ဒေါ်သိန်းနွဲ့က အကြီးဆုံး။

ဦးစံထွန်းက ဒေါ်သိန်းနွဲ့အောက် အလယ်လူ။

အငယ်ဆုံးက ဦးသိန်းထွေး။

သူတို့မောင်နှမသုံးယောက်မှာမိဘများလက်ထက်ကတည်း
က ရွှေပေါ်မြို့တင် နေခဲ့ရသည်။

သူတို့၏ဖခင် ဦးရွှေအောင်မှာ ဆန်စက်ပိုင်ရှင်၊ မြေပိုင်ရှင်
သူဌေး။

သူတို့မောင်နှမတွေ ကြီးပြင်းလာသည့် အချိန်တွင်မူ ဖခင်
ကြီး၏ စီးပွားရေးလုပ်ငန်းမှာ အတက်ဘက်မှ အကျဘက်သို့
ယိုင်နေလာသည်။

လယ်မြေတွေ အသိမ်းခံလိုက်ရသည်။



ဆန်စက်လုပ်ငန်းမှာလည်း အမိန့်တန်းဝင် ဆန်စက်ဖြစ်
လာသောကြောင့် အလုပ်သိပ်မဖြစ်။

စီးပွားရေးကျဆင်းလာသော်လည်း ဆင်ပိန်ကျွဲအဆင့်မို့
ထိခိုက်မှု သိပ်မရှိလှ။

မိဘများ မျက်ကွယ်ပြုသွားချိန်တွင် အတွင်းပစ္စည်း
အထောင်များများ ကျန်ရစ်ခဲ့သောကြောင့် သူတို့မောင်နှမ
သုံးယောက်မှာ စီးပွားရေး လုပ်ငန်းများ ထူထောင်နိုင်
လောက်အောင် အမွေစုခွဲ ပစ္စည်းများရရှိလိုက်ကြသည်။

ဒေါ်သိန်းနွဲ့က ရွှေဆိုင်။

ဦးစံထွန်းက တွင်ခုံနှင့် ဝပ်ရှော့လုပ်ငန်း။

ဦးသန်းထွေးက ဆန်စက်လုပ်ငန်း။

သူတို့မောင်နှမသုံးယောက်၏စီးပွားရေးလုပ်ငန်း အတိုင်း
အတာမှာ အောင်မြင်ဖြစ်ထွန်းခဲ့ကြသည်။

စားနိုင်သောက်နိုင်ရှိဟုတ်၊ အဆင့်အတန်းမိမိ နေနိုင်ပြီ
ဆိုရလျှင် အဆင့်အတန်းဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးသန်းထူးတစ်ယောက်သာ မိဘလက်ငုတ်တိ ဆန်စက်တည်ရှိရာ ကြို့ပင်ကောက်တွင် နေထိုင်ခဲ့သည်။

ဦးစံထွန်းနှင့် ဒေါ်သိန်းနွဲ့တို့မှာ အင်းစိန်သို့ ပြောင်းရွှေ့နေထိုင်ကြ၍ လုပ်ငန်းအခြေချခဲ့ကြသည်။

ဒေါ်သိန်းနွဲ့က စိန်ရွှေအရောင်းအဝယ်လုပ်ငန်းနှင့်အကျိုးဖြစ်ထွန်းခဲ့သလို ဦးစံထွန်း၏လည်း ဝပ်ရှော့လုပ်ငန်းနှင့် အကျိုးပေးသန့်ခဲ့သည်။

မင်းသူတို့က မောင်နှမသုံးယောက်။

မင်းသူက အကြီးဆုံးသော ယောကျ်ားလေး။

သူ့အောက်နှစ်ယောက်က မိန်းကလေး။

မင်းသူက သားဦး ယောကျ်ားလေးမို့ မိဘများ၏ အချစ်တော်။

အထူးသဖြင့် မိခင်ဖြစ်သူက နင့်နင့်ပိုးပိုး ချစ်သည်။

ဖခင်က စည်းကမ်းသမားမို့ အလွန်အကျွံ အလိုမလိုက်။

မင်းသူက အသားဖြူသည်။



ငယ်စဉ်ကတည်းက ကြွက်ဖြူဟု ချစ်စနိုး အမည်ခေါ်ခဲ့သည်။

မင်းသူက ပညာရေး မထွန်းပေါက်။

သူနှင့် တစ်နှစ်လေးလကွာသည့် နှမဖြစ်သူက ဆယ်တန်းအောင်သွားသည့်တိုင် သူက ဆယ်တန်းမအောင်သေး။

အလိုလိုက်သည့် အမေဖြစ်သူ တိတ်တခိုး သာသာထိုးထိုးပေးသည့် မုန့်ဖိုးကို ဖောဖောသုံး၍ အပေါင်းအသင်းများနှင့် လည်ကာပတ်ကာ အချိန်ဖြုန်းနေသည်။

ဖခင်ကြီးက သူ့အနေအထိုင်၊ သူ့အပြုအမူကို သဘောမတွေ့။

ဆူပူကြိမ်းမောင်းသည့်အခါ မိခင်ဖြစ်သူက ကာဆီးကာဆီးလုပ်သည်။

ဆူပူ ကြိမ်းမောင်းသည်က အရာမထင်၊ လင်မယားအကောက်ကဆတ်ဖြစ်ရသည်သာ အဆုံသင်သည်။

ဦးစံထွန်းမှာ အလုပ်အလွန်များသည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်ဆယ်ယောက်ကို အုပ်ချုပ်ပြီး လုပ်ငန်းနှင့် လက်ဟင်းမှုမရှိအောင် ဂရုစိုက်နေရသောကြောင့် နေ့မအား ညမအားမို့ မင်းသူကို သိပ်ဂရုမစိုက်နိုင်။

တစ်ခုတော့ရှိသည်။

မင်းသူက ဆေးဆောင်းသည်၊ အလောင်းအစားကင်းသည်၊ အသေးကဲအစားတာတော့ မဆောင်းတဆောင်း။

အရက်ပြင်းတော့ မသောက်။ အပေါင်းအသင်းများနှင့် တစ်ခါတစ်ရံ ဘီယာလေး ဘာလေး သောက်သည်မျိုးတော့ ရှိသည်။

ဆေးလိပ်ကိုတော့ ဖခင်ကြီး မမြင်ကွယ်ရာမှာ သောက်သည်။

ချင်ကလေးကလည်း ချော၊ ဖောဖောသီသီ ဝတ်နိုင်စားနိုင် သုံးနိုင်စွဲနိုင် အဆင့်သည်းရှိသမို့ အချစ်တော့ မကင်း။

မိန်းကလေးများနှင့် ပတ်သက်၍ မျက်စိကို အနှုံးမပေးတတ်သလို အကင်မြန်သည်၊ အပြောသွက်သည်၊ အတွယ်သည်။

ခု ကြီးဒေါ်ဖြစ်သူ၏တိုက်သို့ရောက်နေသည်မှာ ခါတိုင်းလို လာရိုးလာစဉ် အရိုးခံလာခြင်း မဟုတ်။

အကြံနှင့်လာခြင်း ဖြစ်သည်။

မကောင်းသောအကြံနှင့်။

ထိုအချိန်မှာ အိမ်တွင် ကြီးဒေါ်တို့ မရှိသည့်အချိန်။

ဗာယာရှိခိုင်းသည့် အိမ်ဖော်ကောင်မလေးနှင့် မီးဖိုချောင်ဦးစီး ဒေါ်ကြီးတင်တို့ပဲ ရှိကြသည်။

ခါတိုင်းလည်း သည်လိုအချိန်မျိုး ဆေးလာတတ်သည်။ ဘာသောက်ပြီးမှ ပြန်လေ့ရှိသည်။

ထို့ကြောင့် သူရောက်လာသည်ကို အိမ်ဖော်မလေးနှင့် ဒေါ်ကြီးတင်တို့က ဖထူးတလည် ဂရုမထားမိကြ။

www.burmeseclassic.com

www.burmeseclassic.com



မင်းသူတလည်း သူတို့ သံသယမဖြစ်အောင် ဒေါ်ကြီးတင်ကို ထမင်းပြင်ခိုင်းပြီး ထမင်းစားသည်။

ပြီးတော့မှ ဒုံးယားတစ်လိပ်နှင့် ကုလားထိုင်ပေါ် ထိုင်နေပြီး သူ ကြံစည်လာသည့် လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကွက် ဘယ်လိုအကောင်အထည်ဖော်ရမည်ကို ထိုင်ပြီးစဉ်းစားနေသည်။

သူ့မှာ အရေးတကြီး ငွေလိုနေသည်။

လိုနေသည့် ငွေအရေအတွက်က များသည်။

သူလိုနေသည့် ငွေအရေအတွက်ကို အမေ့ဆီ ခေါင်းခွဲတောင်းသည့်တိုင် ထိုအရေအတွက်ကို အမေက မပေးနိုင်။

အိမ်မှာ ငွေနှင့် ရတနာပစ္စည်းများထားသည့် အသေးစား မီးခံသေတ္တာသေ့ာနှင့် ဗီရိုသော့ကို အဖေအသာ ကိုင်သည်။

ကြီးဒေါ်က အိမ်တွင်းပစ္စည်းထားသည့် ဗီရိုသော့ကို ဆိုင်သို့ ယူသွားလိမ့်မည်မထင်။

အပေါ်ထပ် အိပ်ခန်းတစ်နေရာရာမှာ ထားခဲ့လိမ့်မည်လို့ သူကထင်သည်။



သူထင်သည့်အတိုင်းသာဖြစ်ခဲ့ရင် သူ့ကိစ္စပြီးပြီ။

ဒေါ်ကြီးတင်က မီးဖိုသဲက ထွက်လေ့မရှိ။

အိမ်ဖော်ကောင်မလေး မိစိန်က နောက်ဖေးရေကန်မှာ အဝတ်လျှော်နေသည်။

အပေါ်ထပ်သို့ တက်ခဲ့သည်။

ကြီးဒေါ်တို့ အိပ်ခန်းမှာ ပိတ်ထားသော်လည်း လက်ကိုင်ဘုတို လှည့်လိုက်သည့်အခါ သော့ခတ်မထားသည်ကို တွေ့လိုက်ရသည်။

အိပ်ခန်းကို ရှင်းလင်းဖို့နှင့် တံမြက်စည်း လှည်းကျင်းဖို့ သော့မခတ်ထားခြင်း ဖြစ်မည်။ အတွင်းဘက်မှာ ဘယ်သို့ရှိလိမ့်မည် မသိ။

သူက အိပ်ခန်းထဲ ဝင်၍ အိပ်ခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။

သည်အချိန်မျိုး အိမ်ဖော်ကောင်မလေးမိစိန် အပေါ်တက်လာစရာ အကြောင်းမရှိ။

ခုချိန်အထိတော့ အခွင့်အလမ်း အသာစီး၏ သူ့ဘက်မှာ ရှိနေသည်ဟု ဆိုရမည်ပါ။

www.burmeseclassic.com

ပထမ မှန်တင်ခုံ အံဆွဲအသေးများကို ဖွင့်ကြည့်သည်။ ဘာသေတ္တာမှ မတွေ့။

ဟိုဟိုသည်သည် ချက်ပိတေ၊ ကြွေသို့ပတ်၊ ဒေသဘသား မည်သည့်နေရာကိုမှ မတွေ့။

ခေါင်းအုံးအောက်ကို လှန်ကြည့်သည်။ မတွေ့။

ဟော...တွေ့ပြီ။

မွေ့ရာကိုလှန်လိုက်သော သွားတွေ့သည်။

ဗီရိုက နံရံကပ်ဗီရို။

သော့နှစ်ဆင့်ခတ်ထားသည့်ကြောင့် အကွင်းမှာ ငွေနှင့် ပစ္စည်းများထားသည်မှာ မသေချာသည်။

အပေါ်ထပ်သို့ အရောက် အပေါက်များသော်လည်း အိပ်ခန်းထဲသို့မူ တစ်ခါမှ မဝင်ဖူးခဲ့။

အိပ်ခန်းအပြင်အဆင်မှာ အလွန်အခန်းထူးခြားမှု မရှိသော်လည်း သပ်ရပ်သန့်ရှင်းသည်။

ပစ္စည်းအထားအသို ရှင်းလင်း၍ စနစ်ကျသည်။

လက်ထဲရောက်နေသည့်သော့နှင့် နံရံကပ်ဗီရိုကိုဖွင့်ခဲ့ရာ သော့သုံးချောင်းထဲမှ ဖွင့်၍ရသည့်သော့ကို တွေ့သည်။



အထဲမှာ လက်ဆွဲမီးခံသေတ္တာအသေးလေးကို ထပ်ဖွင့်ရသည်။

ငွေစက္ကူအသစ် နှစ်အုပ်နှင့် ရွှေထည်၊ စိန်ထည်များကို တွေ့လိုက်ရသည်။

မင်းသူက ငွေစက္ကူတစ်အုပ်နှင့် သူလိုချင်သည့်ရွှေထည် တချို့နှင့် စိန်ထည်တချို့ကို ယူလိုက်သည်။

ပစ္စည်းပမာဏ မများသော်လည်း တန်ဖိုးနည်းလိမ့်မည် မဟုတ်သည်ကိုတော့ သိလိုက်သည်။

ပစ္စည်းများကို လက်ကိုင်ပဝါနှင့်ထုပ်၍ အင်္ကျီအတွင်း ဘက်သို့ထည့်ပြီး ဗီရိုကို ပြန်ပိတ်သည်။

ဗီရိုတံခါးမှာ ဖွင့်လျှင်တစ်ချက်သာဖွင့်ရ၍၊ ပြန်ပိတ်လျှင် နှစ်ချက်လှည့်မှ ချက်ကျသည့်သော့အမျိုး။

ဒါကို သူက မသိ။

တစ်ချက်တည်း လှည့်ပိတ်ခဲ့သည်။

ထို့နောက် နောက်ဖေးဘက်မှ အပေါ်ထပ်သို့တက်လာသည့် ခြေသံကြားသောကြောင့်၊ ကပျာကသီ အပြင်ဘက်သို့ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒေါ်သိန်းနွဲ့၏ခင်ပွန်း ဦးဘအေး၏စာအုပ်စင်နားမှာ မယောင်မလည်ရပ်၍ စာအုပ်ရှာသလိုလို၊ ဘာလိုလို လုပ်နေလိုက်သည်။

အိမ်ဖော်မလေးမိစိန် အဝတ်ဇလုံကြီးကိုင်ပြီး တက်လာသည်ကို တွေ့လိုက်ရ၏။

သူ့ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး အိပ်ခန်းထဲသို့ဝင်သွားသည်။

တော်တော်နှင့် ပြန်ထွက်မလာ။

ဘာလုပ်နေသည်မသိ။

သူလည်း အောက်ထပ်သို့ပြန်ဆင်းခဲ့သည်။

သူက သူ့အပေါ် အထင် မလွဲအောင် အောက်ထပ်နောက်ဖေးဘက်ရှိ ဒေါ်ကြီးတင်ကို သူပြန်မည့်အကြောင်း ပြော၍ထွက်ခဲ့သည်။

ကိုယ်က မဟုတ်တာ လုပ်ထားသည့်အတွက် ခါတိုင်းလို မဟုတ်၊ စိတ်ထဲမှာ စနောင့်စနင်းဖြစ်နေသည်။



မဟုတ်တာ လုပ်ထား၊ ကိုင်ထားသူများမှာ ထိုသို့ပင် ဖြစ်တတ်စမြဲရှိကြသည်။

သူက မလုပ်ကောင်းမှန်းသိစေကာမူ၊ မလုပ်မဖြစ်သော ကြောင့် လူငယ်ဘာဝ ဆင်ကန်းတောတိုး လုပ်လိုက်ခြင်း ဖြစ်၏။

ထိုသို့လုပ်ရသည်မှာလည်း သူ၏ချစ်သူကြောင့်ပင်။

ဟီလမင်းဆလွန်ကား အနက်ကလေးမှာ ခြံတွင်းသို့ ငြိမ့်ငြိမ့်ကလေးဝင်လာကာ တိုက်ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။

ဒေါ်သိန်းနွဲ့က ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။

ဒေါ်သိန်းနွဲ့တို့လို ရတနာဆိုင်ဖွင့်ထားသူများမှာ အိမ်မှာလည်း အလှအပအတွက် ထုံမွှမ်းခြယ်သရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာလည်း ထစ်ခနဲ့ သုံးကြိမ်ဆက် မနည်း ခြယ်သ ထုံမွမ်းရသည်။

ဒေါ်သိန်းနွဲ့မှာ နဂိုကလည်း အလှအပ ကြိုက်သလို၊ အသက်အချိန်ကြည့်ကြည့် ကိုယ့်ကိုယ်ကို အလှရိပ်ထင်အောင်၊ သသ ထင်အောင် နေတတ်သူဖြစ်၏၊

သက်ခေတ်သင့်သော်သာ အဆောင်း အဝယ် လုပ်နေသူထဲမှာ သူတို့ ထိပ်ဆုံးက ပါသည်။

ဒေါ်သိန်းနွဲ့သည် ကားမောင်းသူ ကိုအချစ်ကို ခင်ပွန်းဖြစ်သူအား သွားကြိုခိုင်းပြီး သူက အိမ်သို့ဝင်လာသည်။

အိမ်ဖော်ကလေး မိစိန်က ကိုအချစ် ကားထဲမှထုတ်ပေးခဲ့သည့် ပစ္စည်းများကို အထဲသို့ယူ၍ နေရာချထားလိုက်၏။

ဒေါ်သိန်းနွဲ့က အပေါ်ထပ်သို့ တက်ခဲ့သည်။

ဒေါ်သိန်းနွဲ့မှာ အဝတ်အစား လဲရန်အတွက် အိပ်ခန်းထဲသို့ တန်းဝင်ခဲ့ရာ၊ လုပ်ကိုင်ပေးရန်ရှိသည်များကို လုပ်ကိုင်ပေးရန် အိမ်ဖော်ကလေး မိစိန်သည်း ဝင်လိုက်လာ၏။



ဒေါ်သိန်းနွဲ့က ခုတင်ခေါင်းရင်း ဘက်ပလွှင်လွှဲ တိုင်၍ ကိုင်နေကျ လက်ဖွဲ့အိတ်ကို ခုတင်ဘေး၌ ကော်ဇောပေါ်သို့ ချထားလိုက်သည်။

ထိုအိတ်မှာ ဗီရိုထဲသို့ သည့်သွင်းသိမ်းဆည်းရမည့်အိတ်။

အိတ်ထဲမှာ ပစ္စည်းတော့ပါသည်။

အဝတ်လဲခင် အိတ်ကို ဗီရိုထဲသည့်ရန် ထိုင်လှုံ တ၍ ဗီရိုရှိရာသို့ မျက်နှာမူလိုက်သူ၊ ဗီရိုတံခါးမှာ ချက်မကျဘဲ အသည်းငယ်က နေသည်ကို တွေ့လိုက်ရသောကြောင့် စိတ်ထဲမှာ အသင်တစ်ချို့ ဖြစ်သွားသည်။

မနက်က သူကိုယ်တိုင် စေ့စေ့စပ်စပ် အနေသေချာ ပိတ်ခဲ့ပါလျက် ဘာ့ကြောင့်များ...

မွေ့ရာအောက်မှ သော့တွဲကိုယူ၍ ဖွင့်လိုက်သည်။

အနေအထား ပျက်ခနေသည့် မီးခံသေတ္တာလေးကြောင့် ကစဉ့်ကလျား အနှောင့်အယှက်ရှိနေပြီ ဟု စိတ်ထဲမှ ထင်နေမိ ဖြစ်သွားသည်။

မီးခံသေတ္တာလေးကို လျှပ်ကာသီ ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရာ ပျက်နေသည်ကိုတော့ ချက်ချင်း သိလိုက်သည်။ ဘာပစ္စည်းတွေ ပျောက်သည်ကိုတော့ စစ်ဆေးပြီးမှသိမည်။

'မိစိန်ရေ....မိစိန်'

အိမ်ဖော်မလေးကို အော်ခေါ်လိုက်သည်။

မိစိန်က လာပြီဒေါ်လေးဟု ထူးသံပြန်ပေး၍ ချက်ချင်း တက်လာသည်။

'ဒီနေ့ ဒီအခန်းထဲကို ညည်းအမြင် တယ်သူဝင်သေးသလဲ'

'ဘယ်သူ ဝင်တယ်ဆိုတာကိုတော့ ကျွန်မ မမြင်ပါဘူး။ ကိုမင်းသူ အိမ်ကိုရောက်လာပြီး အပေါ်ထပ်မှာ တစ်နာရီလောက် နေသွားပါတယ်'

'ဘယ်အချိန်လောက်လာပြီး၊ ဘယ်အချိန်လောက် ပြန်သွားသလဲ'

'နာရီတော့ အတိအကျမသိပါဘူး၊ ဆွမ်းခံချိန် ရောက်လာပါတယ်၊ ကျွန်မလည်း အောက်ထပ်မှာ လုပ်ကိုင်နေတာနဲ့



သတိမထားလိုက်မိဘူး၊ ကျွန်မ လျှော်ဖွပ်ပြီးလို့ အခန်းရှင်းဖို့ အပေါ်တက်လာတော့ အပေါ်ထပ်မှာ တွေ့ရပါတယ်'

'သူဘယ်အချိန် ပြန်သွားသလဲ'

'ကျွန်မ အပေါ်ရောက်ပြီး ခဏနေတော့ ပြန်ဆင်းသွားပါတယ်'

အိမ်ဖော်မလေး မိစိန်က သူတွေ့လိုက်ပုံကို ပြန်ပြောပြသည်။

ဒေါ်သိန်းနွဲ့က သေတ္တာထဲက ပစ္စည်းများကို စစ်ဆေးလိုက်သည်။

ထားနေကြမို့ ဘာမတွေပျောက်သည်ကို ချက်ချင်းသိသည်

ထိုစဉ်မှာပင် ခြံထဲသို့ကားဝင်လာသံ ကြားလိုက်ရသည်။

ခင်ပွန်းဖြစ်သူ ဦးဘအေး ပြန်လာသည်နှင့် အတော်ဖြစ်သွားသည်။

ဦးဘအေးက အဝတ်အစားလဲရန် အပေါ်သို့ တန်းတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းနွဲ့က ခင်ပွန်းဖြစ်သူ အငတ်အစား လဲသည်ကိုပင် မစောင့်နိုင်တော့ဘဲ ပြဿနာပေါ်နေသည့် အကြောင်းကို ဘီးပြောလိုက်သည်။

ဦးဘအေးက ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်ပြီး၊ အပေါ်အင်္ကျီပင် မချွတ်နိုင်တော့ဘဲ၊ ပက်လက်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဒေါ်သိန်းနွဲ့က သူဈေးမှပြန်လာပြီး တွေ့လိုက်ရသည့် ဖြစ်ရပ်ကြောင်းနှင့် အိမ်ဖော်မလေး မိစိန်ပြောပြသည်များကို အပြည့်အစုံ ပြောပြလိုက်သည်။

'ခင်းသူကို ထင်ရအောင် ဖြစ်ကောဖြစ်နိုင်ပါ့မလား၊ တစ်ခါမှ ဒီလိုမျိုးမလုပ်ခဲ့ဘူးဘဲဟာ၊ မိစိန်ကိုရော သေသေချာချာ မေးခဲ့လား'

'မိစိန်ယူမှတော့ မိစိန်က ကျွန်မတို့ ပြန်မရောက်တဲ့အထိ နေပါ့မလား၊ တစ်ခါတည်း ထွက်သွားမှာပေါ့၊ ပစ္စည်းတွေလည်း ဆက်ယူသွားမှာပေါ့၊ ကဲ... ခုဘာလုပ်ကြမလဲ၊ ရဲစခန်းကို အချိန်မီတိုင်မှဖြစ်မယ်၊ ဒါမှ ပစ္စည်းတွေကို လက်မလွှတ်ခင် အုပ်မိမှာ'

ဦးဘအေး အတော်ကြာကြာ ငိုင်တွေစဉ်းစားရင်း ဆေးလိပ်ထုတ်၍ သောက်နေသည်။

'အစ်ကိုကြီးက အရေးထဲ ဆေးလိပ်က အရေးကြီးနေပြန်ပလား'

'ဆေးလိပ်သောက်တာ အလကား သောက်တာ မဟုတ်ဘူးကွ၊ ခုကိစ္စကို ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားဖို့သောက်တာ'

ဦးဘအေးက အတော်ကြာကြာ ဆေးလိပ်ဖွာပြီးမှ ဘာလုပ်ရမည်ကို ပြောသည်။

ဦးစံထွန်းကို ပထမသွားခေါ်ရမည်၊ အကျိုးအကြောင်း ပြောပြပြီးမှ ဘာဆက်လုပ်ရမည်ကို တိုင်ပင်ရမည်ဟု သူ၏ သဘောထားကို ပြောပြသည်။

'မင်းသူဟာ တခြားလူ မဟုတ်ဘူး မင်းတူအရင်း၊ သူလုပ်တာပါလို့ သေချာပေါက် စွပ်စွဲလို့မဘူး၊ မပြောသော် ကာနိုရှိတာတော့မှန်တယ်၊ ကိုစံထွန်းကို အသိမပေးဘဲ တို့က ဘာမှ လုပ်လို့မဖြစ်ဘူး၊ လုပ်လဲ မလုပ်ကောင်းဘူး

www.burmeseclassic.com

အဲဒီတော့ ဘချစ်ကိုလွှတ်ပြီး ခေါ်ခိုင်းလိုက်၊ ငါလည်း အဝတ်အစား လဲလိုက်ဦးမယ်'

ဦးဘအေးက ထိုသို့ပြောဆိုပြီး ထိုင်ရာမှ ထသွားသည်။

ဒေါ်သိန်းနွဲ့က အောက်ထပ်ဆင်းပြီး ဒရိုင်ဘာ ဘချစ်ကို သူ့မောင် ကိုစံထွန်း ကားနှင့်တပါတည်း လိုက်လာဖို့ ခေါ်ခိုင်းလိုက်သည်၊

သားအရင်းလို ချစ်ရသည့် တူဖြစ်သူ၏ ဘဝအကြောင်းကြောင့်များ ဒီလိုလုပ်သွားရသလဲဟု တွေးရခက်ကြီး ဖြစ်နေသည်။

ဖြစ်နိုင်စရာကလည်း သူပဲရှိသည်။

အပြင်သူခိုးက နေ့ခင်းတောင်ကြောင် အိမ်ထဲအထိ ရောက်လာဖို့မလွယ်၊ရောက်လာခဲ့ချင်လည်း ခုလို တချို့တစ်ဝက်သာ ရွေးပြီး ယူသွားမည်မဟုတ်၊ သေတ္တာလိုက်မသွားမှာ သေချာသည်။

မိစိန်လည်း ဘယ်လိုမှ မဖြစ်နိုင်။

သူတို့နှင့် နေလာတာ ခြောက်နှစ်ကျော်ပြီ၊ ခြေဆော့ လက်ဆော့ တစ်ခါမှ မလုပ်ဖူးခဲ့။



မင်းသူမှတပါး အခြားသူ မဖြစ်နိုင်။

ထိုသို့ အတွေးနှင့် ယှက်နွယ်နေစဉ် ခြံထဲသို့ ကားဝင်လာသံ ကြားလိုက်ရသည်။

ထိုင်နေရာမှ ထ၍ မောင်ဖြစ်သူပါလာ၊ မပါလားကို ကြည့်လိုက်သည်။

ဦးစံထွန်း ပါလာသည်။

ဦးစံထွန်းက ကားပေါ်မှ ဆင်းလိုက်သည်နှင့် အိမ်ထဲ ရောက်မီ မေးခွန်းဖြင့် စတင်လာသည်။

'ဘာများ အရေးတကြီးဖြစ်လို့လဲ မမ'

'ကဲ...အထဲဝင် အထဲကျမှ အေးအေးဆေးဆေး ပြောပြမယ်'

အဝတ်အစားလဲပြီးသည့် ဦးဘအေးလည်း အောက်ထပ် ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှီသည်နှင့် ဒေါ်သိန်းနွဲ့အား မင်းသူ အိမ်မှာရှိ မရှိမေး သည်။

ဦးစံထွန်းအား အိမ်မှုစမရှိကြောင်းနှင့် မနက်ကတည်းက ထွက်သွားပြီး နေ့ချိန်အထိ အိမ်ပြန် မရောက်သေးကြောင်း ပြောသည်။

ဒေါ်သိန်းနွဲ့က အဖြစ်အပျက်ကို ပြောပြသည်။

'အဲဒါပဲ ငါ့မောင်ရေ၊ ဒီကောင်လေး ဘယ် ဆိုမျှ ပေါက်ချီ ဝင်သွားတယ်ဆိုတာ မေလည်း မစဉ်းစားတတ် အောင်ဖြစ်နေပြီ၊ ဒါကြောင့် ဘာဆက် လုပ်ရမယ်ဆိုတာ တိုင်ပင်ဖို့ မင်းကို အခေါ်လွှတ်လိုက်ရတာပဲ'

'ပစ္စည်းတော မျှားသလား အမ'

'မျှားတာပေါ့၊ ထောင်သောင်း မကဘူး'

'ကဲ... ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့၊ ဒီကောင့် ကျွန်တော်တို့ ချည်း ရှာလို့မဖြစ်ဘူး၊ ရဲစခန်းမှာ အမှုဖွင့် မယ်'



ဦးဘအေးနှင့် ဒေါ်သိန်းနွဲ့တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'ကျွန်တော်ကတော့ အပြတ်ပဲ၊ ဒါမျိုးတွေ လုံးဝ ခွင့် မလွှတ်နိုင်ဘူး၊ နေဦးလေ ဒီကောင် ခြေလှမ်းလျှောက်နေတာ ကျွန်တော် ရိပ်မိတယ်၊ ခက်တာက သူ့အမေပဲ၊ သားကိုအလိုလိုက်ပြီး ကောက်ရော် အမြဲတမ်း တားဆီးတားဆီး လုပ်တယ်၊ ဒါကြောင့် ဒီကောင် ရောင့်တက်နေတာ၊ ခုတော့ တစ်ဆွေလုံး တစ်မျိုးလုံးရဲ့ ဂုဏ်သိက္ခာကို ထိပါးလာပြီ၊ အပြတ်လုပ်ရ လိမ့်မယ်'

ဦးဘအေးက ရဲစခန်းမှာတိုင်ချက်ဖွင့်ပြီးရင် ရုပ်သိမ်းမှု ဂုဏ်ငယ်မည့်အကြောင်းနှင့်၊ တစ်ဖက် နှစ်ရက်လောက် ကိုယ့် နည်းကိုယ့်ဟန်နှင့် ရှာဖွေဖို့အကြောင်း ဝင်ပြောသည်။

ဦးစံထွန်းက ဘာကိုမှ လက်မခံ၊ လုပ်သင့်လုပ်ထိုက်တာ ကို လုပ်ကိုလုပ်ရမည်ဟု အကြောက်အကန်ပြောသည်။

'နောက်ဆုံး ရှင်းနေတာပဲ၊ သူ့ကို အပြစ် ပေးတဲ့ ကောင်းအသင်ခန်းရလိမ့်မယ်၊ ဒီကောင်က အဲဒါကို ...

www.burmeseclassic.com



ဆန်း လှုပ်တယ်၊ ဒါပဲမဟုတ်သေး၊ ဒီတော့ ဘာကို ငဲ့ညှာနေရဦးမှာလဲ ကျွန်ုပ်ကိုလည်း မငဲ့ညှာနဲ့'

ထိုမှ ရဲစခန်းသို့—။

(နှစ်)

ဦးစံထွန်းသာ ပြတ်သည်။

တကယ်ဆို တခြားဖခင်များဖြစ်ခဲ့ပါမူ—

'နေပါဦး မမရယ်၊ ကျွန်တော်တို့ ရှာကြ ဖွေကြသေးတာပေါ့၊ ပစ္စည်းတွေ အကုန်လုံးတော့ ထုခွဲဦးမှာမဟုတ်သေးပါဘူး၊ ထုခွဲပြီးသလောက်တော့ ကျွန်တော်တို့တာဝန်ယူရမှာပေါ့'

ဟု သို့ကလို အပြောမျိုးဖြင့် မှုခင်းတစ်ရပ် မဖြစ်ပွားအောင် ကာကွယ်ကြလိမ့်မည်ပါ။

ဦးစံထွန်းကတော့ သည်လိုအပြောမျိုးဖြင့် အားဖြစ်သူ ဆက်ထ မဆောကွယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်မ မကောင်း၊ ဆက်မ၊ ခြေ မ၊ ဘာ ခြေ သို့ သည်မျိုး ဆင်တာမှုသူဖြစ်သည်။

ဒေါ်သိန်းနွဲ့က မင်းသူ့ဒါမိခင်ကို ပြောဖို့သို့ စပ်မည့်အင် ကြောင်း မောဝဲဖြစ်သူအား ပြောကြားထိုသေးသည်။

ဦးစံထွန်းက သက်သက်ကြီး ခေါင်းခါလိုက်သည်။

'ဟဲ...မမ ထား၊ သွားကြ ပါ၊ ဆင် ကိုကြီး ဘ မ ဟိုင် ချင်လှည်း နေခဲ့ပေါ့'

ဦးဘအေးက မနေပါ၊ သွားပါ ဟိုက်ခဲ့သည်။

ရဲစခန်းက သူ့အား သိနေသောကြောင့် ခလွန် အကျနိ မဖြစ်အောင် ထိန်းပေးထားစရာရှိ ထိန်းခေါ်နှိုးခေ ရန်ဖြစ် သည်။

ဦးအဲအေး ကိုယ်တိုင် ပါလာသောကြောင့် ရဲစခန်းမှ စအေ တိုင်ချက်ကို ရေးမှတ်၍ မေးစရာ ရှိသည်များကို မေးမြန်းခဲ့သည်။

ဆိမ်မှနှစ်မိစိန်နှင့် ဒေါ်ကြီးဘင်ကို ပါအ ဆမ်ခဆေးခည်း အကြောင်း၊ ပြောသည်။



ပါသွားသည့်ပစ္စည်းများမှာ—

ရွှေဘီးတစ်ချောင်း၊ နှစ်ကျပ်သား။

ကြံဆစ်လက်ကောက်တစ်ရံ၊ တစ်ကွင်းသုံးမတ်သား။

ရွှေဆွဲကြိုးကြီးတစ်ကုံး၊ တစ်ကျပ်ခွဲသား။

စိန်ခြယ်နားကပ် တစ်ရံ။

စိန်လက်စွပ်တစ်ကွင်း၊ မြနှင့်စိန် တစ်ဆယ့်နှစ်လုံး။

ငွေသားငါးထောင်။

'ပစ္စည်းတွေက မနည်းပါလား၊ မောင်မင်းသူက လေခင်း ဆစားဖော် ဝါသနာပါသလား၊ ပတ်သက်တာမျိုးရော ရှိဖူး သလား'

သည်လိုလောင်းကစားနှင့် ပတ်သက်တာမျိုးတော့ မရှိ ဖူးကြောင်း၊ ကြားလည်း မကြားမိကြောင်း ဦးစံထွန်းက အဖြေပေးသည်။

ရဲစခန်းက ဦးစံထွန်း၏ ထင်မြင်ယူဆချက်ကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ ဒါမှမဟုတ် မိန်းမလည်တစ်ယောက်ယောက်နှင့်တွေ့ပြီး သူတို့လှည့်ကွက်ထဲ ဝင်သွားမိ၍သော်လည်းကောင်း၊ ဖြစ်နိုင်ဖွယ်ရှိသည်ဟု ဖြေကြားခဲ့သည်။

ရဲစခန်းက မင်းသူနှင့်အရပ်နီးဆုံး တွဲဖော်တွဲဖက် သူငယ်ချင်းများအကြောင်းနှင့် သူတို့လိပ်စာကိုသိမသိ မေးမြန်းခဲ့ရာ ဦးစံထွန်းက သူသိသလောက် ပြောပြပြီး ထပ်မံစုံစမ်းပေးမည့်အကြောင်း အဖြေပေးခဲ့သည်။ ရဲစခန်းက ဓာတ်ပုံတောင်းသည်။ ရဲသားတစ်ယောက်အား လွှတ်လိုက်မည့်အကြောင်း ပြောသည်။

မေးမြန်းစရာရှိသည်များကို မေးမြန်းပြီးနောက် သူတို့ပြန်နိုင်ကြောင်းနှင့် သူတို့လုပ်စရာရှိသည်များကို ဆက်လုပ်မည့်အကြောင်း ပြောလိုက်သည်။

သူတို့ကလည်း တတ်နိုင်သမျှ စုံစမ်းရှာဖွေဖို့နှင့် အိမ်ကိုပြန်လာလျှင် ရဲစခန်းသို့ ချက်ချင်း အကြောင်းကြားဖို့ပါ မှာလိုက်သည်။

အိမ်သို့ပြန်ရောက်လာသည့် ဦးစံထွန်းမှာ တက်တခတ်ခတ်ဖြင့် အကြီးအကျယ် ဒေါသူပုန်ထနေသည်။



ဆိုင်သူရော မဆိုင်သူပါ ကြိမ်းမောင်းဟိန်းဟောက်သည်ကို ဘုမသိဘမသိ ခံနေရသည်။

အထူးသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းမှာ ဦးစံထွန်း၏ ဒေါသစူးရှောက်ရာ ပစ်မှတ်ဖြစ်နေသည်။

ဒေါ်ခင်ဝင်းမှာ အဟိန်းအဟောက်၊ အကြိမ်းအမောင်း ခံနေရပေမယ့် ဘယ်သို့သော အဖြစ်အပျက် အကြောင်းအရာကို ရည်စူးမှန်း မသိဘဲ ဘလိုင်းကြီး ခံနေရသည်။

‘နေစမ်းပါဦး ကိုထွန်းရဲ့၊ ဘာတွေ ဘယ်လိုဖြစ်လာလို့ ဒီလောက် ဒေါသူပုန်ထနေရတာလဲ၊ တစ်အိမ်လုံး ရှိသမျှလူတွေလည်း ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး၊ ပတ်ဝန်းကျင်ကိုလည်း သတိထားပါဦး၊ ကျွန်မက ဘာတွေများ လုပ်မိလို့လဲ’

‘အေး…ဘာတွေ ဘယ်လိုဖြစ်တယ်ဆိုတာ သိချင်ရင် မမကြီးအိမ် သွားမေး၊ မင်းအလိုလိုက်ခဲ့တဲ့ မင့်သားက တို့မျက်နှာကို အိုးမည်းသုတ်သွားပြီ၊ ပတ်ဝန်းကျင်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်သွားပြီ၊ ဒီလောက် မိုက်တွင်းနက်တဲ့ကောင်မျိုးကို တို့မိသားစုထဲကို ပြန်အဝင်မခံနိုင် ဒါပဲ’

www.burmeseclassic.com

www.burmeseclassic.com



ဦးစံထွန်းက ထိုသို့ပြောဆို၍ အိမ်ပေါ်မှစုန်းဝုန်းဒိုင်းဒိုင်း ဆင်းသွားကာ လားမောင်းထွက်သွားသည်။

အကြောင်းခြင်းရာ အပြည့်အစုံကို မသိသေးသူ ဒေါ်ခင်ဝင်းမှာ ခင်ပွန်းဖြစ်သူ၏ အဆူအမူ အကြိမ်းအမောင်းကို အချောက်တိုက် ခံလိုက်ရသော်လည်း ခုထိ ဘာတွေ ဘယ်လို ဖြစ်ကုန်သည်ကို ဂဃနဏ မသိသေး။

ထို့ကြောင့် အတွင်းနေ တူမလေးစန်းရီကို အဖော်ခေါ်၍ ဒေါ်သိန်းနွဲ့ထံသို့ ထွက်ခဲ့ရသည်။

ဒေါ်သိန်းနွဲ့က ဖြစ်ကြောင်းဖြစ်ရပ်ကို အကုန်အစင် ပြောပြ၍ မောင်ဖြစ်သူ၏ ဆန္ဒအရ ရဲစခန်းမှာ အမှုဖွင့်ခဲ့ရသည့်အကြောင်းပါ ပြောပြလိုက်သည်။

နားထောင်နေရသူ ဒေါ်ခင်ဝင်းမှာ ရင်ထုပန်းတော့ တုန်ပြီး မျက်ရည်ဝဲသည်လာသည်။

ဒေါ်ခင်ဝင်းက သားကို ချစ်သည့်ဇော ကဲနေသော ကြောင့် သားဖြစ်သူ ထိုသို့လုပ်လိမ့်မည်ဆိုသည်ကို မယုံကြည်သလို လက်မခံနိုင် ဖြစ်နေသည်။



'ဟုတ်ပါ့မလား မမရယ်၊ ဖြစ်ရော ဖြစ်နိုင်ပါ့မလား၊ သားဟာ ဒီလိုအပြုအမူ လုပ်ရပ်မျိုးကို တစ်ခါမှ မလုပ်ခဲ့ဖူး ပါဘူး၊ ကျွန်မ သိသလောက်တော့ သူ့မှာ ဒီလိုလုပ်စရာ အကြောင်းလည်း မရှိပါဘူး'

'မမတို့လည်း အဘက်ဘက်က စဉ်းစားခဲ့ကြတာပဲ၊ နု ဟာက မပြောသော်ကနီးရာရှိဆိုသလို သူနဲ့ ပတ်သက်စရာ ဘာကြောင့် ရှိနိုင်ရှိ မျှားနေတယ်လေ၊ ဒါကြောင့် သည်း မောင်လေးကို အရင်ခေါ်ပြီး တိုင်ပင်ခဲ့တာပဲ'

'ဆင်ကြေးလောက်နဲ့ ရဲစခန်းအထိတော့ မရောက်ယင်ပါ ဘူး မမရယ်၊ သူ့ကို တွေ့အောင်ရှာပြီးမှ ဆက်လုပ်ရင် ဖြစ် နိုင်သားပဲဟာ၊ အခုတော့ ဘယ်လို ဟုတ်နေရင်လည်း၊ ကျွန်မပိုင်းမှည်း တွေ့ ရှိပါတယ်၊ ကျွန်မ တာဝန်ယူရမှာမပါ၊ ခုဘော့—

ဒေါ်ခင်ဝင်းမှာ ပြောရင်းတန်း မျက်ရည်များ စီးကျ လာရုံမက ရှိုက်သံပါလာပြီး ဆက်မပြောနိုင်တော့။

ဒေါ်သိန်းနွဲ့က ရဲစခန်းရောက်ရသည်မှာ သူ့ကိုသဘော အားဆက် မောင်ဖြစ်သူ၏ သဘောထားဖြစ်ကြောင်း ရှင်းပြ သည်။

ရဲစခန်းတိုင်ထားပေမယ့် သူ၏ခင်ပွန်းသည် လုပ်နိုင်သည် ကိုစွမိ သည်လောက်အထိ မပူပင်ရန် ဖြေသိမ့်စကားဖြင့် ဒေါ်ခင်ဝင်း၏ သောကကို ဖြေသိမ့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စမှာတော့ ဘယ်ဆိုပဲဖြစ်ဖြစ် ကိုထွန်းကို ကျွန်မ လုံးဝမကျေနပ်ဘူး မမ၊ ကျွန်မတို့ လင်မယားဟာ ဒီကိစ္စ ကြောင့် ပြဿနာတစ်ခုခု ဖြစ်လာမှာ သေချာတယ်'

'ဒီလိုလည်း ဘယ်ဟုတ်မလဲ ညီမရယ်၊ မောင်လေး အကြောင်းလည်း ညီမအသိဆုံးပဲ၊ သူ့သားကို မချစ်လို့တော့ ဘယ်ဟုတ်မလဲ၊ ချစ်ရာမရောက်ဘဲ နှစ်ရာရောက်မှာကို သူက အလေးထားတာပါ၊ မမတို့လည်း မင်းသူကို သားလိုချစ်နေ တာ ညီမသိသားပဲဟာ၊ ဘာပဲဖြစ်ဖြစ် အခိုက်အတန့်တော့ စိတ်ကိုထိန်းထားပေါ့၊ မမ ပြေလည်အောင်လုပ်ဖို့ တာဝန် ယူပါတယ်'

ဒေါ်ခင်ဝင်းက ခေါင်းညိတ်ပြီး ပြန်ခဲ့စေကာမူ ရင်ထဲ မှာတော့ မကျေနပ်မှုတွေ တောင့်ခဲနေသည်။



မင်းသူ ကျောင်းထွက်ရသည်ဟု ဆိုရမည်။

ဦးစံထွန်းလိုက်ရှာနေတုန်းအများ ပက်ပင်းသာတိုးမိရင် ည်ပွဲဟာ အကွဲအပြဲဖြစ်သွားမှာ သေချာသည်။

ဦးစံထွန်းမှာ နဂိုကတည်းက စိတ်ကြီး၊ စိတ်ထိန်နိုင်သူ ဖြစ်သည်။

သူ စိတ်နှင့်မတွေ့လျှင် လုပ်သင့်၊ မလုပ်သင့်ကို နောက် ထား၍ စိတ်ထဲတွင်ထင်သလို ကြဲ့တတ်သူလည်းဖြစ်၏။

သူ့ ဝပ်ရှော့ အလုပ်သမားများမှာ သူ၏စိတ်ဓာတ်ကို သိထားသဖြင့် လုပ်ငန်းခွင်မှာ အမှားအယွင်း မရှိအောင် ဂရုတစိုက်လုပ်ကြသည်။

သူက နှုတ်ဖွင့် စကားမပြောဘဲ မျက်စောင်း တစ်ချက် ထိုးလိုက်ရုံနှင့် ပျာပျာသလဲဖြစ်ရစမြဲ ရှိကြသည်။

ဒို—မင်းသူကို သူကမတွေ့ခင် ရဲစခန်းဘက်မှ အချင်ခတ်သွားသည်မို့ င်းသူကျောင်းထွက်သွားသည်။

ဒေါ်သိန်းနွဲ့တို့အိမ်မှ တယ်လီဖုန်းသံ မြည်လာသည်မှာ ညနေပိုင်း ခြောက်နာရီထိုးပြီးစ။

www.burmeseclassic.com



မင်းသူကို တွေ့ရှိခဲ့သည်မှာ ပစ္စည်းများ ယူသွားပြီး နှစ်ရက်မြောက်နေ့တွင်ဖြစ်၏။

မင်းသူ၏ အရင်းနှီးဆုံး အပေါင်းအသင်း ဖြစ်သူ ဖေခင်က မင်းသူရှိသည့်နေရာကို သိခဲ့ရာ ရဲစခန်းမှ မှာထားသည့်အတိုင်း အကြောင်းကြားလိုက်ခြင်း ဖြစ်၏။

သူငယ်ချင်း ဖြစ်သူကို ဒုက္ခရောက်စေလိုသည့် စေတနာ မပါဘဲ၊ သူငယ်ချင်းဖြစ်သူအတွက် ပြဿနာမကြီးထွားခင် အချိန်မီရှင်းလင်းနိုင်စေရန် ရည်ရွယ်သည့်သဘောဖြင့် တိုင်ကြားလုပ်ရက်ခြင်းလည်း ဖြစ်ပေသည်။

တယ်လီဖုန်း ကိုင်သူ ဒေါ်သိန်းနွဲ့က သူတို့ ရဲစခန်းသို့ အမြန်ဆုံး လာရောက်မည့်အကြောင်းပြော၍ ထွက်ခဲ့ကြပြီး ဖအောင်ဖြစ်သူ အိမ်သို့ အရင် ဝင်၍ သူတို့ လင်မယားကိုပါ တစ်ပါတည်းခေါ်ပြီး ရဲစခန်းသို့ ရောက်ခဲ့ကြသည်။

ရဲစခန်းခုံတန်းရှည်ပေါ်မှာ ထိုင်နေသည့်မင်းသူမှာ မိဘများနှင့် ကြီးဒေါ် ဖြစ်သူတို့ ဝင်လာသည်ကို မြင်လိုက်ရသောအခါ မျက်နှာချင်းဆိုင် မကြည့်ရဲဘဲ ခေါင်းကြီးအောက်ငုံ့ထားသည်။



ဦးစံထွန်းက သားဖြစ်သူကို တွေ့တွေ့ချင်း တောက်တစ်ချက်ခေါက်၍ မျက်နှာလွှဲလိုက်သည်။

ဒေါ်ခင်ငွေကတော့ ထုံးစံအတိုင်း မျက်ရည်စိုင်း လျက် သားဖြစ်သူကို မချိတင်ကဲကြည့်နေသည်။

ဒေါ်သိန်းနွဲ့လည်း မျက်နှာမကောင်း။

မိုက်လုံးကြွားသူတစ်ယောက်အတွက် အားလုံးပင် စိတ်မကောင်း ဖြစ်နေရသည်။

မင်းသူကိုယ်တိုင်လည်း ကိုယ်တန်မဝင့်ဘဲ ညှိုးငယ်စွာဖြင့် ခေါင်းမဖော်ရဲအောင်ဖြစ်နေသည်။

အမှုစစ်အရာရှိဖြစ်သူက သူတို့ထိုင်ဖို့နေရာ စီစဉ်ပေးပြီး ပြောစရာရှိသည်ကို စတင်ပြောလိုက်သည်။

'သူကတော့ ပစ္စည်းတွေကို သူ မယူပါဘူးလို့ ငြင်းနေတယ်'

'ငြင်းနေရင် ပေါ်အောင်သာ စစ်ပါ၊ ကျွန်တော်တို့ အယူခံဆိုမှု သဘောမထားပါဘူး'

ဦးစံထွန်းက ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုထွန်းအလည်း သားကို တွေ့ခဲ့ပြီပဲဟာ၊ ကျွန်မတို့ အေးအေးဆေးဆေးမေးလည်း ရမှာပေါ့'

ဒေါ်ခင်ဝင်းအား ဝင်ပြောလာသည်။

'ဒီမှာ...မခင်ဝင်း၊ မင်း အေးအေးနေ၊ ဒီကိစ္စက တို့လုပ်ရမယ့်ကိစ္စမဟုတ်ဘူး၊ ရဲစခန်းက လုပ်ရမှာ၊ မင်းအဲဒီလို အာဆီးအာဆီးလုပ်တာတွေကြောင့် ဒီအောင် ခုလိုဖြစ်တာ'

ဒေါ်ခင်ဝင်းက ဘာမှ ဆက်မပြောဘဲ ငြိမ်ကျသွား၏။

ဆက်ပြောလျှင် ဦးစံထွန်းက လူ့ရှေ့မရှောင်၊ သူ့ရှေ့မရှောင်နိုင်ဘဲ ထအော်ဝေါက်မှာကြောင့် ငြိမ်နေလိုက်ရခြင်းဖြစ်၏။

ဒါပေမယ့် ဒေါ်ခင်ဝင်းက သားဖြစ်သူကိုတော့ လှမ်းပြောလိုက်သည်။

'သားရယ်...အမှန်အတိုင်း ပြောလိုက်ပါကွယ်၊ ဖြစ်လာမယ့်ကိစ္စကို မေမေတာဝန်ယူပါ့မယ်'

မင်းသူက ခေါင်းမဖော်ဘဲ မထုံတက်ခအားလုပ်နေ၏။



'မင်းသူ... မင်း ငါ့အကြောင်းကို သိတယ်နော်၊ ခွင့်မလွှတ်နိုင်တဲ့ကိစ္စကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ မင်း... သက်သာချင်ရင် အမှန်ကို အမှန်အတိုင်းပြောလိုက်၊ မပြောရင်တော့ မင်းသွားရမယ့်နေရာဟာ ထောင်ပဲ'

ဒေါ်သိန်းနွဲ့က ရဲအရာရှိထံခွင့်တောင်း၍ မင်းသူဘေးသို့ သွားထိုင်ပြီး မင်းသူလက်ကို ကိုင်၍ တိုးတိုး တိုးတိုးပြောနေသည်။

မင်းသူက ခေါင်းလည်း မခါ၊ ခေါင်းလည်း မညိတ်၊ တွေပြီးစဉ်းစားနေဟန်လုပ်နေသည်။

ရဲအရာရှိက ဆက်လက် စစ်ဆေးရမည်ဖြစ်သောကြောင့် သူတို့အားလုံးပြန်နိုင်ကြောင်းနှင့် အကြောင်းထူးလျှင် ဖုန်းဆက်လိုက်မည့်အကြောင်းပြော၍ သူတို့အား ပြန်ခိုင်းလိုက်သည်။

'သားလေးကို အချုပ်ထဲ ထည့်လိုက်တော့မှာပေါ့နော်'

'တယ်ခက်ပါလား မခင်ဝင်း'

ဦးစံထွန်းက ပြောပြောဆိုဆို ဇနီးဖြစ်သူကို လက်ဆွဲပြီး သူ့အရှေ့ဆောင်၍ ရဲစခန်းထဲမှ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံထွန်းက ရဲစခန်းထဲမှ အထွက်တွင် သားဖြစ်သူကို တစ်ချက်လှမ်းကြည့်လိုက်သည်။

မီဘဆိုတော့လည်း....

ဦးစံထွန်းတို့ ရဲစခန်းမှပြန်သွားပြီးနောက် အမှုစစ် အရာရှိက မင်းသူကို သူ၏ရှေ့မှောက်သို့ ခေါ်ယူလိုက်သည်။

'မင်း သဘောပေါက် နားလည်အောင် ပြောစရာရှိတာ တွေကို ငါပြောမယ်၊ မင်းသေသေချာချာ နားထောင်'

ရဲအရာရှိက ဤသို့စကားချီးအစပြင့် သူ၏ ကြီးဒေါ်ပြ... သူ့အိမ်မှ ပျောက်ဆုံးသွားသည့် ပစ္စည်းများမှာ အိမ်... ကောင်မလေးနှင့် ဒေါ်မတင်တို့ ခိုးယူခြင်း မဟုတ်သည်မှာ ပြင်းချက်ထုတ်စရာ မလိုအောင်၊ သံသယဖြစ်စရာ မရှိအော... ထင်ရှားနေကြောင်း။



နွေခင်း ကြောင်တောင်ကြီး ပြင်ပ သူခိုးတစ်ယောက်က အိမ်ထဲဝင်ပြီး၊ အိမ်အပေါ်ထပ်ကို တက်၍ ခိုးယူဖို့ဆိုသည်မှာလည်း ဘယ်လိုမှ မဖြစ်နိုင်ကြောင်း၊

ဒေါ်သိန်းနွဲ့တို့ မရှိသည့်အချိန်တွင် အိမ်ရှေ့ဘာလျှာ သံတံခါးကို အမြဲတမ်းပိတ်၍ သော့ခတ်ထားသောကြောင့်၊ အိမ်ရှေ့ဘက်က ဝင် မဖြစ်နိုင်သလို၊ နောက်ဖေးဘက်က ဝင်ဖို့ဆိုသည်မှာလည်း ဘယ်လိုမှ မဖြစ်နိုင်ကြောင်း၊ ဒေါ်မတင် နောက်ဖေးဘက်တွင် အမြဲရှိနေသလို၊ အိမ်ဖော်မလေး မိစိန် ကလည်း အိမ်တွင်းအိမ်ပြင် အပေါ်ထပ်ပါမကျန် လှုပ်ရှား လုပ်ကိုင်နေရသူ ဖြစ်ကြောင်း။

နွေခင်း ကြောင်တောင်ကြီး အိမ်ခေါင်းရာနေ လှေကားထောင်ပြီး တွယ်တက်ဖို့ဆိုသည်မှာ သာ၍မဖြစ်နိုင်ကြောင်း။

ထိုနေ့က အိမ်ကိုတင်ခြားသူ အဝင်အထွက်မရှိဘဲ၊ မင်းသူ တစ်ယောက်သာ အဝင်အထွက် ရှိခဲ့ကြောင်း။

သူ့စိမ်းတရုံစာ အဝင်အထွက် ရှိရင်လည်း အိမ်ပေါ်ထပ်သို့ တက်စရာအကြောင်း မရှိကြောင်း။

ရဲအရာရှိက ထိုသို့ရှင်းပြပြီးနောက်၊ 'ကဲ....မင်းမှယူရင် ဘယ်သူယူမလဲ၊ တဆယ်က အဲဒီလို မေးခွန်းထုတ်စရာကို

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ အဲဒါကို မင်းသဘောပေါက်ရင် မင်းလုပ်ခဲ့မိတဲ့ လုပ်ရပ်အမှားကို ဝန်ခံဖို့ပဲရှိသည်၊ ဘယ်နှယ်လဲ ငါပြောတာ မင်းသပေါက်တယ်နော်'

ရဲအရာရှိက ထိုသို့ ကျိုးကြောင်းပြပြောဆိုပြီး၊ သူ့ဆီက ထွက်လာမည့် တုံ့ပြန်စကားကို စောင့်နေလိုက်သည်။

စီးကရက်ဖွာရင်း သူ့ကို အကဲခတ်ကြည့်နေသည်။

ခေါင်းအောက်ငုံ့ထားသည့် သူ့ထံမှ မျှော်လင့်သလို တုံ့ပြန်စကားကို စောင့်နေလိုက်သည်။

ခေါင်းအောက်ငုံ့ထားသည့်သူ့ထံမှ မျှော်လင့်သလို တုံ့ပြန်စကား ထွက်မလာ။

ရဲအရာရှိက ခေါင်းမော့ပြီး သူ့ကိုသေသေချာချာ ကြည့်ဖို့ပြောလိုက်သည်။

'ကဲ... မင်းကို ငါနောက်ဆုံးစကားပြောမယ်၊ မင်းဘကြီးနဲ့ မင်းအဖေ မျက်နှာကြောင့်၊ ငါတို့ ကိုင်ရာရှိတာ မကိုင်ဘဲနဲ့ ပြောနေတာ၊ ရဲစခန်းကို ရောက်လာတဲ့ တရားခံတိုင်းဟာ တို့ကိုင်ဘာခံနိုင်ရိုး ထုံးစံမရှိဘူး၊ အဲဒီတော့ မင်းဟာ



တို့ရဲ့အကိုင်ကို ခံမလား၊ မင်းဟာမင်းပဲ ပြောမလား၊ မင်းကို ဆယ်မိနစ် အချိန်ပေးမယ်၊ ဟိုခုံတန်းရှည်ပေါ်မှာ သွားထိုင်ပြီး စဉ်းစား၊ ဆယ်မိနစ်ပြည့်ရင် ငါခေါ်လိုက်မယ်၊ အကိုင်ခံမယ်ဆိုရင်တော့ နောက်ဖေးဘက်ကို တန်းဝင်ပေတော့ ဟုတ်ပလား၊ ကဲ... စမယ်'

မှုခင်းတစ်ရပ်၏ တရားခံများကို စစ်ဆေးရာတွင် ရဲအရာရှိများမှာ လေ့ကြီးထုံးရိုးရိုး လမ်းကြောင်း ပေါ်မှာတင် လျှောက်လှမ်းရ၊ ပရိယာယ်အသွယ်သွယ်ကို အသုံးပြုရသလို၊ အကြမ်းနည်းဖြင့် ကိုင်တွယ်ဖို့ကိုလည်းဟန်ရေးပြပေးရသည်။

ရဲစခန်းကို မကြာခဏ ရောက်ဖူးနေသူများကမူ၊ အကိုင်အတွယ် ခံလေ့မရှိကြ'

'ဘူး'တစ်လုံး ဆောင်လေ့မရှိကြ။

ပြေးလမ်းပေါ်မှာ လွတ်အောင်ပြေးနိုင်ပြေး၊ မပြေးနိုင်လို့ ရဲစခန်းရောက်ပြီးရင်တော့ သူတို့ ဘယ်လိုစခန်းသွားရမည်ဆိုသည့် အထာသဘောကို နောကြေအောင် သိကြပြီးသား။

ထို့ကြောင့်လည်း ရဲစခန်းရောက်လျှင် မပေါ်သော အမှုဟူ၍ မရှိသလောက် ရှားသည်ဟု ဆိုစမှတ်ပြုကြရသည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်လူဆိုး၊ လက်ခကောက်လူဆိုး (အောင်ထဲကို တစ်ကြိမ်မက ရောက်ဖူးသူ)တွေကျတော့ ရဲစခန်းမှာ အကိုင်မခံရအောင် ဖြောင့်ချက်ပေးကြသည်။

တရားရုံးရောက်တော့မှ လူညီကွက်တစ်မျိုး တည်ထွင်ကြသည်။

ထိုအမှုကို သူတို့ခုချုပ်လွှန်ပါ၊ ရဲစခန်းမှာ ဖြောင့်ချက်ပေးရသည်မှာ ရိုက်နှက် စစ်ဆေးမေးမြန်းသောကြောင့် ပေးရခြင်းဖြစ်ပါသည်ဟု ပေးပြီးသားဖြောင့်ချက်ကို မြန်တွယ်သည်များလည်း လုပ်တတ်ကြသည်။

မည်သို့ပင်ရှိစေ...

ရဲစခန်းက အမှုကို တရားရုံးသို့ စွဲတင်ပြီဆိုလျှင် ဟာကွက်မရှိအောင် ပြင်ဆင်ပြီးမှ စွဲတင်သောကြောင့် သူတို့ ဘယ်လိုပင် လှည့်ကွက်လုပ်လုပ် အရာမထင်ဘဲ နောက်ဆုံး ဒုစရိုက်သမားတို့ ရောက်ရှိနားခိုရမည့် အကျဉ်းထောင်သို့ ရောက်ကြစမြဲသာရှိကြသည်။

မင်းသူတို့လို ဒုစရိုက်သမား မဟုတ်ဘဲ လုပ်မိလုပ်ရာ လုပ်ခဲ့ပြီး ရဲစခန်းသို့ ရောက်ရှိခဲ့သူများမှာမူ အထာသဘော



ကို မသိသောကြောင့် အစဦးပိုင်းတွင် ဘူးတစ်လုံးဆောင်ဖို့ ကြိုးစားစမြဲရှိကြသည်။

သို့တစေ...

ဆယ်မိနစ်အချိန် စေ့သွားပြီ။

အမှုစစ် ရဲအရာရှိရှေ့မှာ ပစ္စည်းတွေကို သူ ယူမိခဲ့ပါကြောင်း ဝန်ခံချက် ပေးလိုက်သည်။

'အေးပေါ့ကွာ... ဒီလိုမှပေါ့၊ ဥပဒေကြောင်းကို မသိလို့ တစ်ခါတစ်ရံ မှားမိခဲ့တာမျိုးဟာ ခင်းအတွက် သိပ်အပြစ်မကြီးပါဘူး၊ တို့လည်း တတ်နိုင်သမျှ ကူညီမှာပေါ့၊ ပြောစရာရှိတာတွေကိုသာ မခြွင်းမချန် ပြောပေတော့'

'ကျွန်တော့် ကောင်မလေးက နားပွန့်ဆာ လုပ်တာနဲ့ ကျွန်တော်လည်း ကြံမိကြံရာ ကြံလိုက်မိတာပါ'

'အေးပေါ့ကွာ... ဒါမျိုးဆိုတာ ဖြစ်တတ်တာပဲဟာ၊ ဘယ်လိုယူခဲ့ပါတယ်ဆိုတာ ပြောဖို့မလိုတော့ဘူး၊ ဒီပစ္စည်းတွေထဲက ဘာပစ္စည်းတွေ ရောင်းပြီးပြီလဲ၊ ဘယ်မှာရောင်းသလဲ၊ ကျန်တဲ့ပစ္စည်းတွေ ဘယ်မှာထားသလဲ၊ အဲဒါပဲပြောတော့'

www.burmeseclassic.com



'ရွှေဘီးပဲ ရှောင်းရပါသေးတယ်၊ ကျွန်တဲ့ ပစ္စည်းတွေ အားလုံးရှိပါတယ်၊ ကျန်တဲ့ပစ္စည်းတွေကတော့ ကျွန်တော် ချစ်သူကို ပေးထားပါတယ်၊ ကျွန်တော်တို့ ထွက်ပြေးကြမယ့် အစီအစဉ်ရှိလို့ ပေးထားတာပါ'

'မင်းအခု ပြောတာတွေဟာ အားလုံး အမှန်တွေပဲနော်'

'ဟုတ်ပါတယ်ခင်ဗျာ၊ အမှန်တွေပါ'

'အေးပေါ့ကွာ...လူငယ်ဘာဝ မှားတဲ့အခါလည်း ရှိတာပေါ့၊ ခုလို ကိုယ့်အသိနဲ့ ဖွင့်ပြောတော့ အေးအေးဆေးဆေး ဖြစ်တဲ့အပြင် အမှုကိစ္စမှာလည်း ပေါ့ခလျော့တဲ့ အခွင့်အရေး ကို ကိုယ်ခံစားရမှာပေါ့၊ လောလောဆယ်တော့ အချုပ်ထဲ ခေါ်ဝင်နေလိုက်ဦး၊ တို့လည်း လုပ်စရာရှိတာတွေ ဆက်လုပ် ရဦးမယ်၊ တစ်ရက်နှစ်ရက်အတွင်း အာမခံရနိုင်ပါလိမ့်မယ်၊ အဲဒီတော့ အိမ်ပြန်ဘာပေါ့'

သူ့အား အချုပ်ထဲသို့ သွင်းလိုက်သည်။

ရဲအရာရှိက ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စများအတွက် ရဲတပ်ဖွဲ့ဝင်များအား အသီးသီး တာဝန်ခွဲပေးလိုက်သည်။

နာရီပိုင်းအတွင်း ရွှေဘီးဝယ်သူနှင့် ပစ္စည်းများ လက်ခံထားရှိသူ မင်းသူ၏ ချစ်ချစ်ကလေး ပွင့်မတို့ပါ ရဲစခန်းသို့ ရောက်လာကြသည်။



ပွင့်မ၏ မိဘများလည်း တစ်ပါတည်း ပါလာသည်။

သူတို့ရောက်ပြီး မကြာမီမှာပင် ဦးစံထွန်းနှင့် ဒေါ်သိန်းနွဲ့တို့လည်း ရဲစခန်းသို့ ရောက်ရှိလာကြသည်။

ပွင့်မနှင့် သူမ၏ မိခင်ကြီးတို့မှာ ထွက်ကျလာသည့် မျက်ရည်များကို လက်ကိုင်ပဝါနှင့် မနားတမ်း သုတ်နေရသည်။

ရဲအရာရှိက ဒေါ်သိန်းနွဲ့ကို ပစ္စည်းမှန်မမှန်၊ ပြည့်စုံမှု ရှိမရှိ စစ်ဆေးခိုင်းသည်။

ဒေါ်သိန်းနွဲ့က ပစ္စည်းတွေ အားလုံး ပြည့်စုံကြောင်း အစီရင်ခံသည်။

ရွှေဘီးဝယ်သူ ရွှေဆိုင်ပိုင်ရှင်မှာ နောက်ဆက်တွဲဖြစ်လာမည့် ပြဿနာအတွက် ရတက်မအေးဟန်နှင့် ညိုးငယ်စွာ ထိုင်နေသည်။

သူက ဒေါ်သိန်းနွဲ့နှင့်လည်း သိသည်။

မျက်နှာပူပြီး မျက်နှာအထားရခက်နေရှာသည်။

'အန်တီ့ ပစ္စည်းတွေအားလုံး စေ့ငှပါတယ်နော်'

www.burmeseclassic.com



‘ဟုတ်ကဲ့၊ စေ့ငုပါမယ်’

ရဲအရာရှိက ပစ္စည်းများကို ချက်ချင်း ယူသွား၍ မရသေးကြောင်း၊ ရုံးတော်မှာ သက်သေခံ ပစ္စည်း အဖြစ် တင်ပြရမည်ဖြစ်သောကြောင့် သိမ်းဆည်းပုံစံနှင့် သိမ်းသွားရမည့်အကြောင်း ပြောပြသည်။

ဒေါ်သိန်းနွဲ့က ရွှေဘီးအတွက် မင်းသူရောင်းသွားသည့် ငွေကို ဝယ်သူအား ပြန်လျော်ပေး၍ အမှုကို ဆက်လက် မလုပ်လိုကြောင်း၊ ဖြစ်နိုင်လျှင် ရုံးမတင်ဘဲ ရဲစခန်းတွင်ပင် ပြီးပြတ်အောင်လုပ်ပေးစေလိုကြောင်း ရဲအရာရှိအား ပြောသည်။

ရဲအရာရှိက သည်လိုလုပ်၍မရသည့်အကြောင်း၊ မှုခင်းနှင့် သက်ဆိုင်ရာ အကျိုးအကြောင်းကို ရှင်းပြသည်။

ရွှေဘီးဝယ်ယူသူက သူ့အမေရောင်းခိုင်းသည်ဟု လိမ်စကားနှင့်တကွပြော၍ ဝယ်ထားလိုက်မိကြောင်း ဝင်ပြီး ရှင်းပြသည်။

ရဲအရာရှိက လက်လာပြပြီး ခုလောလောဆယ် သည်ကိစ္စတွေ မပြောကြသေးဖို့နှင့် လိုအပ်သောစစ်ချက် ယူသည့်အခါကျမှ ပြောဆိုကြရန် တားမြစ်စကားပြောလိုက်သည်။



ထိုသို့ပြောနေသည့်ကြားမှ ဒေါ်ခင်ဝင်းက သားအတွက်ကို အာမခံရနိုင်ပါမလား ဟု ဝင်၍ မေးလာပြန်သည်။

‘ဒီမှာ...မခင်ဝင်း၊ ဒါတွေကို ဘာမှမပြောနဲ့၊ မင့်သား အတွက် မေးစရာရှိတာ မေးခဲ့၊ ပြီးရင် တို့အိမ်ပြန်ဖို့ပဲ’

ဦးစံထွန်းက လေသံမာမာဖြင့် ဝင်ပြောလိုက်ရာ၊ ဒေါ်ခင်ဝင်းမှာ မျက်ရည်စမ်းစမ်းနှင့် ငြိမ်ကျသွားသည်။

ရဲအရာရှိက ဒေါ်သိန်းနွဲ့နှင့် ဦးစံထွန်းတို့အား အိမ်ပြန်နိုင်ကြောင်း ပြောလိုက်သည်။

သူတို့ ရဲအရာရှိကို နှုတ်ဆက်ကျေးဇူးတင်စကားပြော၍ အိမ်ပြန်ခဲ့ကြသည်။

ဒေါ်သိန်းနွဲ့လည်း ဦးစံထွန်းတို့အိမ်သို့ လိုက်ပါလာခဲ့သည်။

အိမ်ရောက်သည့်အခါ မောင်ဖြိုးသူကို တစ်ခါတည်းရုံးမှာ မိသည့် သားဖြစ်သူအတွက် သည့်လောက် အားကား မတင်းမာဘဲ၊ လိုက်လိုက်လျောလျော ပြောသည်။ နောင်အောင်လုပ်ဖို့ ဖျောင်းဖျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမတို့ အဲဒါတွေကြောင့် ခက်တာပေါ့၊ တစ်ခါပဲ မှားမှား၊ နှစ်ခါပဲမှားမှား ခွင့်မလွှတ်ရမယ့် ကိစ္စမျိုးကို ခွင့်မလွှတ်ပါနဲ့၊ သူ့ထိုက်နဲ့သူ့ကံ ရှိပါစေ၊ ဒါမှ မှတ်လောက်သားလောက်ဖြစ်မှာ၊ ငါလုပ်ရင် အိမ်က လိုက်ပေးလိမ့်မယ် ဆိုတဲ့အမြင်မျိုး မပေါက်ပါစေနဲ့၊ ခြံခုန်ဖူးတဲ့ နွားဟာ နောက်တစ်ခါလည်း ခုန်မှာပဲ၊ ခု သူ့ကောင်မလေးကို တွေ့ခဲ့ပြီမဟုတ်လား၊ ယိုက စိုင်းတယ်၊ သူက လုပ်တယ်၊ အပြင်ရောက်တော့ကော ပြတ်သွားလိမ့်မယ်လို့ ထင်သလား၊ ငယ်သေးတယ်၊ ဒီကောင်မျိုး ခု အချိန်မီ အုပ်မိလို့သာပေါ့၊ နို့မဟုတ်ရင် မမတို့စည်းတွေ အကုန်လုံး ကုန်ပြီ'

'သားတော် ဒီလောက်လည်း မဟုတ်ပါဘူး ကိုထွန်းရယ်၊ ဒါမျိုး အတွေ့အကြုံမရှိဖူးတော့လည်း လူငယ်ဘာဝ လုပ်မိလုပ်ရာ လုပ်လိုက်မိတာဖြစ်မှာပါ၊ ဒီတစ်ခါနဲ့တော့ သားလေးကို ထောင်ထဲရောက်တဲ့အထိ မလုပ်ပါနဲ့ ကိုထွန်းရယ်၊ ကျွန်မ ရှိခိုးပြီး တောင်းပန် ပါတယ်၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ'

ဦးစံထွန်းက ဘာမှဆက်မပြောတော့ဘဲ လုပ်ငန်းခွင်ရှိရာ အိမ်ဘက်သို့ ဆင်းသွားသည်။

ဒေါ်ခင်ဝင်းက ဒေါ်သိန်းနွဲ့အား မောင်ဖြစ်သူကို နားချပေးရန် ပြောရပြန်သည်။



ဒေါ်သိန်းနွဲ့က စိတ်အေးအေးထားဖို့နှင့် သူ၏ခင်ပွန်းသည်အား နားချပေးရန် ပြောပေးမည့်အကြောင်းပြောပြီး နှုတ်ဆက်ပြန်သွားသည်။

ထိုပြဿနာမှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရပ်ကွက်ထဲသို့ပါ သတင်းပျံ့နှံ့သွားသည်။

ရပ်ကွက်သူ ရပ်ကွက်သားများ၊ အိမ်နီးပါးချင်းကပင် ဦးစံထွန်း၏ ပြတ်ပြတ်တောက်တောက်သဘောထားကို လက်မခံနိုင် ဖြစ်ကြသည်။

သားသမီးအပေါ် ဤသို့သော တင်းမာသည့် သဘောထားမျိုး ထားရပါမည်လားဟု ပြစ်တင်ဝေဖန်စကားပြောဆိုကြသည်။

တကယ်တော့ ဦးစံထွန်းလိုပုဂ္ဂိုလ်မျိုးကလည်း ရှိတော့ ရှိသည်၊ ရှားသည်ဟုဆိုရမည့် ပုဂ္ဂိုလ်မျိုးဖြစ်၏။

သားဖြစ်သူအပေါ် ထိုမျှလောက်အထိ ပစ်ပစ်ခါခါ သဘောထားသည်မှာ ရက်စက်သည့်သဘောဆောင်ခြင်းမျိုး မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာလုပ်သည်ကို လွယ်လွယ်ကူကူ သဘောဆောင်ပြီး လုပ်ခဲ့လျှင်၊ နောက်ပိုင်း ထိုသို့ပဲချပ်မျိုးကို အလွယ်တကူ လုပ်မည်ကို စိုးရိမ်သောကြောင့်ဖြစ်၏။

မိခင်ဖြစ်သူက အလွန်အကျွံ အလိုလိုက်နေသည်။

ဖခင်ကပါ ထိုနည်းလည်းကောင်း ဆိုလျှင် ကမ်းတက်သွားမည်၊ အလိုလိုက်သည်ကို အခွင့်အရေးယူပြီး တစ်လွဲချော်သည့် အတွေး အခေါ် မျိုး ဝင်မသွားစေချင်သောကြောင့် ဖြစ်၏။

ဖခင်တစ်ယောက်အနေဖြင့်ခံစားမှုရှိစေကာမူ၊ ဦးစိုးထွန်းက သူ၏ခံစားမှုကို ဖွင့်မပြ။

ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်သည်။



မှုခင်းတစ်ခုဖြစ်ပွားလျှင် တရားလိုနှင့် တရားခံ နှစ်ဦးရှိရသည်။

တရားလိုနှင့် တရားခံဟူသည် အများအားဖြင့် သူစိမ်းတစ်ရံစာများ ဖြစ်ကြသည်။

တရားလိုနှင့်တရားခံ ဆွေမျိုးတော်စပ်နေသည်ရှိစေကာမူ အနည်းစုသာရှိသည်။ အနည်းစုမှာ တော်တော်ကြီးကိုအနည်းစုစာရင်းဝင်သည်။

အချင်းဖြစ်မှုခင်းမှာ တရားလိုက ကြီးဒေါ်၊ တရားခံက တူ။

တရားခံဖြစ်သူ၏ ဖခင်ကိုယ်တိုင်ကလည်း ရဲစခန်းတွင် အမှုဖွင့်မှုဖြစ်မည်ဟု တိုက်တွန်းခဲ့သောကြောင့် ကြီးဒေါ်ဖြစ်သူက အမှုဖွင့်လိုက်ရသည်။

ရဲစခန်းတွင် အမှုဖွင့်ပြီးသည့် အမှုကို လွယ်လွယ်ကူကူ ပြေငြိမ်း၍မရသလို အမှုကို ပြန်လည် ရုပ်သိမ်းခွင့်ကိုလည်း လွယ်လွယ်ကူကူ လုပ်၍မရပေ။

www.burmeseclassic.com

www.burmeseclassic.com



တရားခံအဖြစ် ရဲစခန်းသို့ ရောက်ရှိခဲ့သော ပုဂ္ဂိုလ်မှာ ငွေကြေးချမ်းသာသူ၊ ပညာဂုဏ်ထည်ဝင့်သူ၊ ရာထူးဂုဏ်ရှိန် ဘယ်လောက်ပင် ကြီးမြင့်သူဖြစ်ပါစေ၊ သူတို့အား ပြင်ပတွင် နေခွင့်ကို မပေးနိုင်ပေ။

လိုအပ်သော စစ်ဆေးမှုများ ပြီးစီးသည်နှင့် သူတို့နေထိုင်ရမည့် အချုပ်ခန်းဆိုသော ထည့်သွင်းရစမြဲ ရှိပေသည်။

တရားခံဟူသည် အချုပ်ခန်းထဲသို့ ဝင်ရမည်။

မင်းသူမှာ ခိုးမှုတရားခံ။

ကိုယ့်အိမ်က မစွည်းကိုပဲခိုးခိုး၊ တစ်ပါးသူ၏ ပစ္စည်းကိုပဲခိုးခိုး တိုင်ချက်ဖွင့်လာလျှင် သူခိုးအဖြစ် သတ်မှတ်ခံရမည်သာ။

အချုပ်ခန်းထဲသို့အဝင်…

အချုပ်ခန်းဆိုသည်မှာ သက်တောင့်သက်သာပဲ ဝင်ရ ဝင်ရ၊ ကျွမ်းထိုးမှောက်ခုံပဲ ဝင်ရ ဝင်ရ၊ အဝင်ကောင်းသည်ဟု မဆိုနိုင်ရာသော နေရာဖြစ်၏။

လေမဝင်၊ နေမဝင်၊ အလင်းရောင် အားနည်း၍ စွတ်စိုထိုင်းမှိုင်း၍ အနံ့အသက်ဆိုးများ ပြွမ်းတီးနေသော ကျဉ်းမြောင်းသည့်နေရာ။



ထိုင်ရသည်မှာလည်း ခြေနင်းဖတ်နေရာ။

အိပ်ရသည်မှာလည်း ခြေနင်းဖတ်နေရာ။

စားရသောက်ရသည်မှာလည်း ခြေနင်းဖတ်နေရာ။

ထိုနေရာသို့ ရောက်ရှိသွားသည်နှင့် မည်မျှပင် စိတ်ဓာတ်ခိုင်မာသူဖြစ်ပါစေ၊ စိတ်ဓာတ်ဖရိုဖရဲ ဖြစ်သွားရစမြဲ။

သိမ်ငယ်ညှိုးနွမ်းမှု ဖြစ်သွားရစမြဲ။

လူသားတစ်ယောက်အား မာန်ကျသွားရစမြဲ။

ဤနည်းဆိုရမည့်နေရာ။

တစ်ယောက်မျက်နှာတစ်ယောက်သဲသဲကွဲကွဲ ထင်ထင်ပေါ်ပေါ် မြင်ရန် မျက်လုံးကို အားကုန်ဖြဲ၍ ကြည့်ရသည့်နေရာ။

ညစ်ပတ်ပေရေ နံစော်နေသည့် ထိုနေရာတွင် ဝင်လာသော လူသစ်တစ်ယောက်အတွက် ခြေဆန့်လက်ဆန့် ထိုင်ဖို့ ထားသော်။ ကျုံ့ကျုံ့ယုံ့ယုံ့ ကလေး ထိုင်ရန် နေရာ နေရာစာ ရဖို့ကလည်း မလွယ်။

ကျဉ်းမြောင်းသော အချုပ်ခန်းနှင့် ရောက်ရှိနေသော ... ရေမှာ မျှမျှတတရှိသည်ဟူ၍ ဘယ်တော့မှမရှိ။

www.burmeseclassic.com

အစဉ်အမြဲ ပြုပ်သိပ်ညှပ်သပ်နေမြဲရှိ၏။

သည်ကြားထဲ အရင်ရောက်နှင့်နေသူက ရိုင်းပင်းကူညီ တတ်သူနှင့်တွေ့လျှင် အလွန်အလွန် ကံကောင်းသည်ဟု ဆို မည်ဖြစ်သော်လည်း ထိုသို့သောသူမျိုးနှင့် တွေ့ဖို့ဆိုတာ လည်းမလွယ်။

ရောက်လာသည့် လူသစ်ကို သားကောင်အဖြစ် သဘော မှူ၍ အမဲဖျက်ရန် စောင့်နေသည့် မုဆိုးများနှင့်သာ ဆုံစည်း ရလေ့ရှိသည်။

ဆေးလိပ်အစ၊ ငွေကြေးအစ ပါသွားပါလေမှ၊ နို့မဟုတ် ရင် အဟိန့်အဟောက် အဆဲအဆိုခံရမည်မှာ သေချာသည်။

ရောက်နေကျသမားတွေကတော့ အကြောင်းမဟုတ်၊ အကျွတ် အကျွတ်ချင်းမို့ အထာသဘော သိကြသည်။

ဝင်ဝင်ချင်း ရမည့်နေရာမှာ အနံ့အသက်ဆိုးများနှင့် ယှဉ်တွဲနေသည့် အနီးစပ်ဆုံးနေရာ။

တာမှုလဲကွာဟု မေးလိုက်သည့်အသံမှာ ခက်ထန်မာကျော သည်။



သူက ကြီးတော်အိမ်ကပစ္စည်း ယူမလို့ပါဟု ပြေလိုက်ရာ …င်းဟားသည့် ရယ်သံများ ထွက်လာသည်။

ထွေလာရာကာ ပလာတွေ ပြောမနေနဲ့၊ ခိုးမှုကို ခိုးမှုလို့ ပြောလိုက်ရင် ပြီးတာပဲဟာ၊ ကြီးဒေါ်အိမ်ကတို့ ဘာတို့ ပြောမနေနဲ့

'ဟုတ်ကဲ့ ခိုးမှုပါ'

'ဒီမှာလာစိုင်၊ စီးကရက်တွေ ဘာတွေပါလား'

'မပါပါဘူး ခင်ဗျာ'

'ပိုက်ဆံရော ပါလား'

'ဟုတ်ကဲ့၊ နည်းနည်းပါးပါး ပါပါတယ်'

'ပါတာ ငါ့လက်ထဲထည့်လိုက်၊ ဒီမှာရှိတဲ့ လူတွေအားလုံး အတွက် ပြောနေတာ'

အိတ်ထဲနှိုက်ပြီး ပါတာလေး ပေးလိုက်ရသည်။

'ဒါ ထုံးစံကြီးခေါ်တယ်၊ နားလည်လား'

'ဟုတ်ကဲ့'

www.burmeseclassic.com



'ကျောက်ဖြုန်း....မင်းခဘားမှာ နေရာပေးလိုက်၊ မင်းတို့ ပေဟိုချင်း အတွဲပေါ့ကွာ'

ဒူးနှစ်ဖက်ထောင်ပြီး ကွေးကွေးကလေး ထိုင်ဖို့ နေရာ ရလိုက်သည်။

လက်ကိုင်ပဝါ ပါလို့သာ ခံသာသည်။

ရူးရူးဝါးဝါး နှာခေါင်းတွင်းသို့ တိုးဝင်လာသည့် အနံ့ အသက်ဆိုးမှာ ဘယ်လိုမှမခံသာ။

ထိုနေရာမှာသာ ညအိပ်ရရင်တော့....

ဆက်မတွေးဝံ့။

ဆင်ကန်းတောတိုး လုပ်ခဲ့သည်မှ ခံစားရသည့် ခံစား ဆိုးရွားပုံမှာ သက်ရှယ်နှင့် မမျှတဟု ဆိုရမည်လိုအော ရှိနေပြီ။

ရှေ့ကို ဘာတွေဆက်ဖြစ်ဦးမည်လည်း၊ ဘယ်လိုဆိုး သော အဖြစ်မျိုးနှင့် ထင်မှတ်ဆုံစည်းရဦးမည်လည်း။



မျက်ရည်များ ရစ်ဝဲလာရုံမကာ စီးကျလာတာကြောင့် လက်ကိုင်ပဝါနှင့် တပျာတာသီ သုတ်ပစ်လိုက်ရသည်။

ညနေဘက်တွင် မိခင်ကြီးနှင့်အတူ ကြီးတော်ဒေါ်သိန်းနွဲ့ ပါ စားစရာများလာပေးစဉ် ခေတ္တခဏ တွေ့ခွင့်ရသည်။

မိခင်ကြီးနှင့် ကြီးတော်တို့ နှစ်ယောက်စလုံး မျက်ရည် များ သွယ်စီးကျနေသလို သူကလည်း မျက်ရည်ကို မထိန်း နိုင်။

ကြီးတော်ဖြစ်သူက ပစ္စည်းတွေ များသည့်အတွက် မလုပ် မဖြစ်၍ လုပ်လိုက်ရကြောင်းနှင့် အာမခံကိစ္စ၊ အမှုပြီးပြတ် သွားဖို့ကိစ္စကို သူကိုယ်တိုင်တာဝန်ယူလုပ်ပေးမည့်အကြောင်း နှစ်သိမ့်စကားပြောသည်။

ထိုသို့ပြောလာသဖြင့် သူ၏ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရသည်။

မလုပ်သင့် မလုပ်အပ်ရာကို သူ လုပ်လိုက်မိသည်ဆိုသော အသိက သူ၏ရင်ကို ပိုရှိနှစ်ထွေးသွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်ခန့် တွေ့ဆုံခွင့်ရပြီးနောက် အချုပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ရသည်။

အိမ်က ပေးသွားသည့် ခေါက်ဆွဲကြော်အထုပ်နှင့် မုန့်ထုပ်ကို ဝင်ကတည်းက ဗိုလ်ကျသူ နှစ်ယောက်နှင့် ဝေမျှ စားလိုက်ရသည်။

တကယ်တော့ သူတစ်ယောက်တည်း စားရသည့်တိုင် လည်း ကုန်စင်အောင်မစားနိုင်ပါ။

ညဘက်တွင် အိပ်၍မပျော်။

ခြေဆန့်လက်ဆန့် အိပ်စရာနေရာလည်းမရှိ။

အိုယ်နံ့ရှိကိုမှီပြီး ငိုက်မြည်း၍ ငိုက်အိပ်အိပ်ခဲ့ရသည်။

မနက် အိမ်ကလက်ဖက်ရည်နှင့် မုန့်များ လာပို့သည်။

တစ်ယောက်စာကို သုံးယောက်မျှဝေ စားရသည်။

ထိုသို့ အသားလွတ် ဗိုလ်ကျနေသူများကို တာဝန်ရှိသူ များသား တိုင်ကြားနိုင်သော်လည်း တိုင်ရအောင်းမှန်းလည်း မသိ၊ တိုင်လည်းမကိုင်ရဲသဖြင့် ကျိတ်မှိတ်ခံနေရသည်။



နောက်သေးသည်ဟုဆိုရမည့်အကြောင်း ပေါ်လာသည်။ သူ့အပေါ် ဗိုလ်ကျနေသည့်နှစ်ယောက် ရုံးထွက်သွား ပါသည်။

အချုပ်ခန်းထဲမှာ လူအတော်လျော့သွားသည်။ ခုမှပဲ နေရာကောင်းလေးမှာ ခြေဆန့်လက်ဆန့် လုပ်ခွင့် ရလိုက်သည်။

သူ့ကိုမရှိတော့ပြီမို့ အိမ်ကပို့လာသည့် မနက်စာကို ဗိုက် ကလေးတောင့်အောင် စားလိုက်ရသည်။

ကုန်အောင်တော့ မစားနိုင်။

အနားမှာ သူနှင့်အတူ ရှိနေသူအား ခေါ်မျှ ကျွေးလိုက် သည်။

ချွေးတလုံးလုံးဖြင့် နေရခက်စရာမှ ရေမချိုးရ ရဲခန်းမှာ နေရှားသည်။

သောက်ရေအိုးလေး အပြည့်ရမှသာမှ ရေ့အခက်အခဲရှိ သည်။

သူ့အပေါ် ဗိုလ်ကျသူနှစ်ယောက် အချုပ်ခန်းထဲသို့ ပြန်ရောက်မလာကြတော့။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် အထိ ရောက်တော့ ချောင်ချောင်ချိချိ နေ သည်။

ညနေစောင်းတော့ တဖြည်းဖြည်း လူသစ်များဝင်လာ ပြီး လူပြန်ကျပ်သည်။

သူတို့က နေရာကောင်း ရထားပြီမို့ အကြောင်းမဟုတ် တော့။

သူ၏ဖခင်ကြီး တစ်ခါမှမလာသေးသောကြောင့် သူကဘဝင် မကျပေမယ့်၊ ဖခင်ကြီး၏စည်းကမ်းကြီးပုံ၊ ပြော့စရာ လုပ် စရာရှိလျှင် ပြတ်ပြတ်သား သားလုပ်တတ်ပုံ၊ အပြင်မှာရှိစဉ် ကတည်းက သူ့အပေါ် မကြည်ပုံများကို သိထားသည့် အလျောက်၊ ထိုအကြောင်းကို အတွေးစဉ်ထဲ မဝင်အောင် ဖယ်ထုတ်ထားလိုက်ရသည်။

တကယ်တော့ မလုပ်သင့် မလုပ်အပ်တာကို ဆင်ကန်း တောတိုး လုပ်ခဲ့သည်မှာ သူ။

သို့သော်၊ လူငယ် သဘာဝအတိုင်း ကိုယ် လုပ်ခဲ့သည့် အမှားကို မြင်၍ပြင်ရမည့်စိတ်ထားမျိုး ထားရှိရမည့်အစား၊ ဖခင်ကြီးကိုသာ အပြစ်တင်စောနေသည်။



တစ်နေ့ကုန်တစ်နေခန်း၊ ငြိမ်ငြိမ်သက်သက်ထိုင်နေရာမျိုး တွင် အတွေးစဉ်ပေါင်းစုံ ပြန့်ကျဲနေလျက်....

အတွေးစဉ်မှာ ချစ်သည်းလေးဆီသို့ ဦးတည် ရောက် သွားပြန်သည်။

ပွင့်မခ—

စွဲစွဲလမ်းလမ်းကြီး ချစ်ခဲ့ရသည့်ချစ်သူ၊

သူနှင့်ပွင့်မခတို့၏ အတိတ်ကအကြောင်း....

www.burmeseclassic.com

www.burmeseclassic.com

( သုံး )

ပွင့်မာနှင့် တောင်တွေ့ရှိခဲ့သည်မှာ သူ ဆယ်တန်းရောက်သည့်နှစ်။

သူနှင့်ပွင့်မာက တစ်ကျောင်းတည်းနေကြပေမယ့် အတန်း မတူ။

ပွင့်မာက ကိုးတန်း။

ပွင့်မာ၏အလှ၊ သူ၏မျက်ဝန်းထဲတွင် စွဲထင်သွားသည့်နောက်၊ ပွင့်မာနှင့် မျက်မှန်းတန်းမိရန် ပွင့်မာ ကျောင်းတက်လာသည့်လမ်းမှ နေ့စဉ်စောင့်ခဲ့သည်။

သူ၏ ခိုးတိုးရိပ်တိတ် ကြည့်ရသည့်နေရာမျိုးက စောင့်သည်မဟုတ်။



ထင်သာမြင်သာ နေရာမျိုးကနေ စောင့်ကြည့်ခဲ့သည်။

ဖြတ်ခနဲ မြင်၍ ဖြတ်ခနဲ ကြည့်ပြီး မျက်နှာလွှဲသည့် အကြည့်မျိုးဖြင့် ကြည့်ခဲ့သည်မျိုးလည်း မဟုတ်။

ဝေးဝေးသာနေရာကနေ နီးသောနေရာသို့ ချဉ်းကပ်လာသည့်အထိ မျက်ဝန်းကို အရွေ့အပြောင်းမလုပ်ဘဲ၊ စိုက်လိုက်မတ်တတ် စူးစူးဝင်းဝင်းကြီးကြည့်ခဲ့သည်မှာ နေ့စဉ်နှင့်အမျှ။

ရက်မှလသို့ ကူးလာသည့်တိုင်၊ နေ့မြဲ နေရာကို မရွှေ့မပြောင်းခဲ့။

သည်အရွယ် တင့်တင့်တို့အရွယ်၊ ပွင့်မာကသည်း ရွှေစွန်ညို ဘာကိုလိုသို့ပဲသည်ကို မသိဘဲရှိမှာလဲ။

ပထမ တစ်ပတ် နှစ်ပတ်လောက်တော့ သူမ၏ တုံ့ပြန်အကြည့်မှာ တိတ်တခိုး။

နောက်ပိုင်းတော့ ထင်ထင်ပျပျရှိလာသည်။

အကြည့်ချင်းဆုံရာမှ အပြုံးချင်း ချိတ်ဆက်မိကြ၏။

www.burmeseclassic.com



နေ့ခက်တော့လည်း....

ပွင့်မာက လှသည်။

ထိတ်ထိတ်ကြဲအလှသရဖူဆောင်းသည့်တန်းမဝင်စေကာမူ ဝင့်ဝင့်မြူးမြူးကြကြလေးလှသည်။

မင်းသူ၏ မျက်ဝန်းထဲမှာတော့ ပွင့်မာနှင့် ယှဉ်လိုက်လျှင် ဘယ်အလှယှဉ်ပြိုင်၍ လှပါတော့ နိုင်ယှူ ဆိုရမည်သို့ အောင် လှသည်ဟု အထင်ရောက်သည်။

ချစ်တတ်သူအိုင်း ကိုယ့်ချစ်သူသည်သာ အလှဆုံးဟု အထင်ရောက် စမြဲရှိကြသည်မှာ သဘာဝကို လွန်ဆန်သော အထင်မဟုတ်ပါပေ။

ပွင့်မာက အသားဖြူဟု ဆိုရမည်ထက် အသားဝါဟု ဆိုရမည်သော အသားအရည် ပွင့်လတ်သည်။

မျက်လုံး၊ မျက်ခုံးတောင်းပြီး မြန်မာဆန်ဆန် နှာတံလေး ပေါ်သည်။ ပါးလျသွယ်ညှတ်သော နှုတ်ခမ်းအလေးမှာ ပြေသွယ်သည်။



သေးသွယ် ကျစ်လျစ်သော ကိုယ်လုံး ကိုယ်ပေါက်မှာ ဖြောင့်စင်းသည်။

သူမ၏ အရပ် အမောင်းမှာ သာမန် မိန်းကလေးများ အရပ်အမောင်း ထက်သုံး လက်မခန့်လောက် ပိုမြင့်သည်။

လက်ရှိ အနေ အထားထက် ကိုယ်လုံး ကိုယ်ပေါက် ဖွံ့ထွားလျှင် သူ၏ အရပ်အမောင်းနှင့် အတော် ကိုက်ညီမည်။

ရုပ်ကလေးကလည်း ချော၊ အကားပြောကလည်း ချိုသာ၊ တီတီတာတာလည်း ပြောတတ်လိုက်ပါဘိ။

ဒါကြောင့်လည်း ပွင့်မာကို မင်းသူက နစ်နစ် ပိုးပိုး စွဲလန်းခဲ့သည်ဟု ဆိုရမည်ပါ။

ပွင့်မာ၏ မိဘများမှာ ပုံနှိပ်စက်ကလေး ထောင်ထားသည်။

ပုံနှိပ်စက်ကြီးတော့ မဟုတ်ထိ၊ ပုံနှိပ်စက်ကလေး။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မာ၏ဖခင် ဦးဖေသိန်းမှာ အမြဲတမ်း လုပ်ငန်းအပ်နှံသည့် ဖောက်သည် အဆက်အသွယ်ကောင်းများ ရှိသလို ကိုယ်တိုင်လည်း ဦးစီးလုပ်ကိုနိုင်အောင် လုပ်ငန်းကျွမ်းကျင်သောကြောင့် အလုပ်ဖြစ်သည်။

ဦးဖေသိန်းက အောက်ခြေသိမ်း ကျွမ်းကျင်သူ။

အလုပ်လမ်း မလာလို့ အလုပ်ပျက်သည်ဟူ၍ မရှိ။

ကိုယ်တိုင် စေ့စပ်တတ်သည်။ ဖော်ဖော်ရွေရွေ တတ်သည်။ ကိုယ်တိုင် ခက်ခက်ခဲခဲ လုပ်တတ်သည်။

ချမ်းချမ်းသာသာကြီး မဟုတ်စေကာမူ အိုးပိုင်အိမ်ပိုင်နှင့် တင့်တောင့်တင့်တယ် နေနိုင်သည်။

သူတို့နှစ်ယောက်မှာ ချစ်သူများ ဖြစ်လာကြပြီးနောက် ကျောင်းတက်မှန်ပေမယ့် ကျူရှင်အတက် မမှန်ကြတော့ပေ။

ကျူရှင်ချိန်မှာ သူတို့ နှစ်ယောက် အတူတွဲ လွတ်လွတ်လပ်လပ် သွားလာ လှုပ်ရှားခွင့် ရှိသည့် ကိုယ်ပိုင် အချိန်များ ဖြစ်လာသည်။



တင်ခါတစ်ရံ မြို့ထဲသွားပြီး ရုပ်ရှင်ကြည့်သည့် အခါမျိုးတွင်မူ နေ့ကျောင်းပါ လစ်ရသည်။

ကျောင်းသားတိုင်းအတွက် အလွန် အရေးကြီးသည့် အတန်းမှာ ဆယ်တန်း။

ကျောင်းသားရန် အခက်အခဲဆုံး အတန်း ဖြစ်သည့် ဆယ်တန်းမှာ ဉာဏ်ရည်ထက်မြက်သည့် ကျောင်းသားများ ယင်းလျှင် ကျူရှင်အမျိုးမျိုး ယူရုံနှင့် မပြီး၊ ကုန်းရုန်းပြီး ကျက်ကြရသည်။

ဒီတွေ မျှော်မှန်းသည့် ကျောင်းသားဆိုရင်တော့ စာအုပ်နှင့် မျက်နှာကို မကွာရအောင် ကပ်ထားကြရသည်။

မင်းသူထ ဉာဏ်ရည်ထက်။

ကျောင်းစာမကျက်။ ကျူရှင်ပျက်တော့ ဆယ်တန်းကျထုံးချင်းဝင် ဖြစ်သွားသည်။

မိခင်ဖြစ်သူက သားအကြောင်းကို ကာကွယ်ခဲ့သည်။

www.burmeseclassic.com



ဖခင်ကြီး ဒေါသ မကြည်။

ဒါပေမယ့် နှစ်ခါကျ စာရင်းမဝင်သေးသမို့ ကျောင်းဆက်နေခွင့်ရသည်။

ဖခင်ဖြစ်သူက အပြတ်ပြောထားသည်။

ဒီနှစ် စာမေးပွဲ ဆက်ကျရင် ဝပ်ရှော့မှာ အထွေထွေ အလုပ်သမားအဖြစ် ဝင်ရောက် လုပ်ကိုင်ရမည်။

ဝပ်ရှော့မှာ အထွေထွေ ဆိုတာက အောက် ခြေ သိမ်း အလုပ်ကြမ်းသမား။

တကယ်ပြောသလို တကယ် လုပ်နိုင်းခဲ့သည့် ခင်ပွန်းသည် အကြောင်း သိထားသူ မိခင်ကြီးက သားဖြစ်သူကို စာကြိုးစားဖို့ နေ့စဉ်နှင့်အမျှ ပြောခဲ့သည်။

သူက မိခင်ကြီး ပြောလျှင် ခေါင်းညိတ်သည်။ သူ ကြိုးစားပါမည်ဆိုသည့် ကတိကို အကြိမ်ကြိမ်ပေးသည်။

သို့သော် လက်တွေ့တွင်မူ စာအုပ်ကို ရှေ့မှာ ချရုံချပြီး စာထဲမှာ စိတ်မဝင်စား။ သူ၏အာရုံတွင် ပွင့်မာအကြောင်းသာ။



ပွင့်မာကလည်း တွေ့လိုက်ရင် တီတီတာတာဇလေးတွေ ပြောတတ်ပါဘိ။

ပွင့်မာ၏ အချစ်က သူ့အပေါ် ဘယ်လောက် နက်ထင် သည်တော့ မသိ၊ သူ၏အချစ်ကတော့ ပွင့်မာ ဖြစ်နေပြီ။

သူနှင့် ရွယ်တူ တန်းတူ သူငယ်ချင်းတွေထဲမှာ တချို့ ချင် တစ်ချစ်ထနေ နှင်ချစ်၊ သုံးချစ် ပြောင်းပြီး သူများ ရှိနေသည်။

သူကတော့ တစ်ယောက်ဆို တစ်ယောက်၊ တစ်ချစ်ဆို တစ်ချစ်ပဲ သမား။

ထိုအချိန်အထိ သူနှင့်ပွင့်မာတို့မှာ တစ်ယောက်ကို တစ်ယောက် နားလည်မှု အပြည့်အဝရှိသလို လိုက်လျောမှုကလည်း ပြေပြေသွယ်သွယ်ရှိနေသည်။

ထိုသို့ရှိနေရာမှ ပြဿနာပေါ်လာသည်။

သူ့ဘက်က ပြဿနာမဟုတ်၊ ပွင့်မာဘက်က ပြဿနာ။

ပြဿနာကို ဖန်တီးသူမှာ ပွင့်မာမဟုတ်၊ ပွင့်မာ၏မိဘသူများက ပြဿနာကို ဖန်တီးလာခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မာ၏မိခင် ဒေါ်စောမြနှင့် မနှိုင်းယှဉ်သာ ခင်မ
ရင်းနှီးနေသူ ဒေါ်အေးကြည်က စတင်ပြီး သားရေး သမီး
ရေး စကားဆိုလာသည်။

ဒေါ်အေးကြည်တို့က သိမ်ကြီးဈေးမှာ အထည်ဆိုင်ဖြ
ဖွင့်ထားသည်။

လက်လီလက်ကား ရောင်းသော အထည်ဆိုင်။

နယ်အဆက်အသွယ် ကောင်းသည်။

ဒေါ်ကြီးပြန်ပေး.... ပေးနိုင်သည့် အခြေအနေရှိသည်
ဒေါ်အေးကြည်၏ဆိုင်မှာ ကူဖော်နှစ်ယောက် ထားရသည်
အထိ အရောင်းအဝယ် ဖွံ့ဖြိုးသည်။

စီးပွားရေး အခြေအနေ ကောင်းသည်။

ဒေါ်စောမြက ဒေါ်အေးကြည်တို့ အိမ်သို့ အဝင်
အထွက်ရှိသည်၊ ဒေါ်အေးကြည်ကလည်း ဒေါ်စော
အိမ်သို့ အဝင်အထွက်ရှိသည်။

ဒေါ်အေးကြည်က ပွင့်မာကို မျက်စိကျနေသည်။



ပွင့်မာက ကျောင်းသူဆိုပေမယ့် ကျောင်းကိစ္စနှင့်သာ
အချိန်ကုန်နေတတ်သူ မဟုတ်။ ကျောင်းအားရက် များတွင်
အိမ်အလုပ်များကို မိခင်ကြီးအား ကူညီလုပ်ကိုင်ပေးနေသူ။

ပွင့်မာ၏ ရုပ်ရည်ကိုသာမက၊ အပြောအဆို ချက်ချာမှု
အနေအထိုင် ဣန္ဒြေပုံကို တွေ့နေရသူ၊ ဒေါ်အေးကြည်က
သားဖြစ်သူ၏ အိမ်ထောင်ဖက်အဖြစ် ရည်မှန်းချက်ထားခဲ့
သည်။

ဒေါ်စောမြနှင့် စကားအပေးအယူ အစရှိထားသည်။

ထိုသို့ စကားအပေးအယူ ပြောကြစဉ်က ဒေါ်အေးကြည်
၏ သားဖြစ်သူ ခင်မောင်တင့်မှာ ကျောင်းမပြီးသေး။

တက္ကသိုလ်တွင် ဘီအေနောက်ဆုံးနှစ် ကျောင်းသားအဖြစ်
ကျောင်းတက်နေဆဲ။

ဒေါ်အေးကြည်က သားရေးသမီးရေးကိစ္စ၊ စကားလမ်း
ကြောင်း သွယ်လာစဉ်က ဒေါ်စောမြမှာ ကိုယ့်နားကိုပင်
ကိုယ်မယုံဘဲ မဝံ့မရဲ နားထောင်ခဲ့ရလည်း။

သူတို့ နှစ်ယောက်က ကြီးပေါင်းကြီးဖော်မဟုတ်၊ ငယ်
သူငယ်ချင်းတွေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်တည်း အတူနေကြ၍ ကျောင်းသွားဖော်ကျောင်းသွားဘက်၊ တိုင်ပင်ဖော် တိုင်ပင်ဘက်အဖြစ်နေထိုင်ခဲ့ကြသူများလည်းဖြစ်သည်။

လက်ရှိ အခြေအနေတွင်မူ၊ စီးပွားရေးအရ၊ ဒေါ်အေးကြည်တို့က သူတို့ထက် သာလွန်သော်လည်း၊ ဝယ်ပေါင်းစိတ်စေတနာမူ၊ မပျက်မယွင်း တည်ရှိမြဲတည်ရှိလျက်ပင် ရှိကြသည်။

ဒေါ်အေးကြည်တို့က ငွေကြေး ပြည့်စုံပြီးသား။

သို့တစေ ရွှေရွှေချင်းထပ်၊ ငွေငွေချင်းထပ်၊ စီးပွားရေးနှင့် အိမ်ထောင်ရေးကို တွဲစပ်မစဉ်းစားဘဲ၊ သားအတွက်ရော သူတို့အတွက်ပါ အဆင်ပြေစေမည့် ချွေးမလောင်းကို ရှာဖွေခဲ့ရာမှ သူနှင့်မျက်စိတည့်သည့် ပွင့်မာကို ရွေးချယ်လိုက်ခြင်း ဖြစ်ပေသည်။

ဒေါ်စောမြတို့ဘက်က ဘာမှငြင်းစရာမရှိသလို၊ မင်္ဂလာကိစ္စအတွက် ဈေးစကားပြောစရာအကြောင်းလည်း မရှိတော့ကြောင်း သူငယ်ချင်းဖြစ်သူ သဘောကျလျှင် သင့်သလိုသာ စီစဉ်ပါဟု ပြောလိုက်ရသည်။



ဒေါ်စောမြကမူ တရားဝင် အစီအစဉ် မဖြစ်သေးသောကြောင့်၊ ထိုကိစ္စနှင့်ပတ်သက်၍ သမီးဖြစ်သူအား စကားလမ်းကြောင်း မသွယ်သေးဘဲ ထားသည်။

ထိုမှနောက်ပိုင်း ဒေါ်အေးကြည်လာတိုင်း၊ ခင်မောင်တင့်ပါ သုံးလေးခေါက် ပါလာသည်၊ လူငယ်ချင်း မျက်မှန်း တန်းမိစေရန်နှင့် သားဖြစ်သူ၏ သဘောထားကို သိရှိစေရန်ဖြစ်၏။

ခင်မောင်တင့်က အသားညိုသည်။ ရုပ်လက္ခဏာမှာ ရှက်ကြမ်းရေကျို အဆင့်ပဲရှိသည်။ တည်ငြိမ်၍ သဘောသဘာဝ ပြည့်ဝမယ့်ပုံရိပ်တော့ ထင်သည်။

ပွင့်မာက ဒေါ်အေးကြည်နှင့် သားသမီးသဖွယ်သို့ ရင်းနှီးသော ဆက်ဆံရေး ရှိနေသည့်အလျောက်၊ ခင်မောင်တင့်ကိုပါ ချောချောပြေပြေ အလိုက်သင့် ဆက်ဆံခဲ့သည်။

ဒေါ်အေးကြည်က သူ၏ အစီအမံနှင့် သားဖြစ်သူ၏ သဘောထားကို ထီးခေါက်ကြည့်သည့်အခါ ခင်မောင်တင့်က မိဘများ သဘောထားအတိုင်း စီမံပါဟု သူ၏သဘောထားပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကြည်နှင့် ဒေါ်စောမြတို့ အတိုင်အပင်လုပ်၍ တရားဝင် စေ့စပ်ကြောင်းလမ်းခြင်း လုပ်မည့်ရက်ကိုရွေးချယ်ကြသည်။

သ တော့မှ ဒေါ်စောမြက သူတို့ လူကြီးများ၏ အစီအစဉ်ကို သမီးဖြစ်သူအား ဖွင့်ပြောခဲ့သည်။

ပွင့်မာ အတော်လေး အကျပ်ရိုက်သွားသည်။
သည်လိုမျိုး ဖြစ်လာလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့။
ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားရသည်။

ခေါင်းထဲမှာ ချက်ချင်းပေါ်လာသည့် အကြောင်းပြချက်ဖြင့်၊ မိခင်ဖြစ်သူ၏ စကားကို ငြင်းပယ်သည်လည်း မဟုတ်၊ လက်ခံသည်လည်း မဟုတ်သော မတင်မကျ တုံ့ပြန်စကား ပြောလိုက်ရသည်။

'မေမေရယ်၊ သမီးဘွဲ့ရအောင် ကျောင်းနေပါရစေဦး၊ သမီးတက္ကသိုလ် ကျောင်းသူဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ စာကြိုးစားနေတာပါ မေမေ'

'ခုဟာက စေ့စပ်ထားတဲ့သဘောပဲ၊ လောလောဆယ် အိမ်ထောင်ပြုဖို့ မဟုတ်သေးပါဘူး၊ သမီး လိမ္မာရေးခြား



ရှိတာကို ဒေါ်အေးကြည်က သိပ်သဘောကျနေတာ၊ ကိုယ့်ကိုယ်ကို ကြွေနန်းရှင် မိန်းကလေး ပီသအောင်တော့ သမီးထိန်းသိမ်း သိမ်းသိမ်း နေပေါ့သမီးရယ်'

'သမီးဟာ ငယ်လည်း ငယ်ပါသေးတယ် မေမေရယ်၊ ဝလာသုံးဆယ်ကြီးတော့ စီစဉ်ပါနော်ဦး'

'အေးပါ သမီးရယ်၊ မေမေ ကြည့်စီစဉ်ပါ့မယ်'

မိခင်ကြီး ပြောသည့်အတိုင်း ဆိုပါမူ ထိုကိစ္စမှာ အလော သုံးဆယ်ကြီး ဖြစ်လာဖွယ်ရာတော့ မရှိ။

သူတို့ ဧရာ အဆက်လုပ်ကြမည်ကို မင်းသူနှင့် တိုင်ပင်ရန် အချိန်ရမည်ဖြစ်သလို ထွက်ပေါက်ရှာရန်လည်း အချိန်ရမည့် အခြေအနေ မျှော်လင့်ချက်ရှိနေသည်။
နောက်တစ်နေ့ သူတို့နှစ်ယောက် တွေ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်း....အရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်'

ပွင့်မာက တွေတွေချင်း ဆိုင်းမဆင့် ဗုံမဆင့် ပြော လိုက်သည်။

'ဘာလဲ....မာလေးက ကိုမင်းကို သိပ်ချစ်တာပဲလို့ပြော မလို့လား'

'ရှုတ်ခနဲဘက်နောက်လုပ်မနေနဲ့ ကိုမင်း၊ ခု မာပြောမ ကိစ္စက မာတို့အတွက် သေရေးရှင်ရေးတမျှ အရေးကြ တယ်'

'ဘာများလဲ မာရယ်၊ ကိုယ်တို့အကြောင်းတွေ မယ်တော် ကြီးတို့ သိသွားကြလို့လား'

ကိုခင်မောင်တင့်နှင့် သူ့ကို လူကြီးချင်း ထဲဘောတူ စေ့စပ်ပွဲလုပ်မည့်အကြောင်း မိခင်ကြီးပြောပြသည့်အတိုင်း ပြောပြလိုက်သည်။

'တကယ်ပြောလိုက်တာလား မာလေးရယ်'

'တကယ်မဟုတ်ဘူး၊ နှစ်တယ်....သုံးကယ်၊ ဟိုဘက် တောင်လွန်တယ်'



'မာလေးက ဘာပြောလိုက်သလဲ'

ပွင့်မာက သူ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရပုံနှင့် ခေါင်းထဲမှာ ချက်ချင်းပေါ်လာသည့် သူ ပြောပြသည့်အကြောင်းများကို ပြောပြလိုက်သည်။

'တော်သေးတာပေါ့ မာလေးရယ်၊ ခေါင်းများညိတ် လိုက်ရင်တော့....'

ခု မညိတ်ရသေးလည်း တစ်ချိန်ချိန်မှာညိတ်ရမည်ဖြစ်၍ သူတို့ ဘာဆက်လုပ်ကြမည်ကို စဉ်းစားဖို့ပြောသည်။

မင်းသူ ငိုင်ကျသွားသည်။

သူက မိဘကိုမှီခိုနေရသည့် ကျောင်းသား။

ဝင်ငွေမရှိသလို ဝင်ငွေရနိုင်သည့် ဘာလုပ်ငန်းကိုမှလည်း မလုပ်တတ်သေး။

သည်အခြေအနေမှာ....

'ဘာငိုင်နေတာလဲ ကိုမင်း၊ မာတို့ ဘာလုပ်ကြမလဲဆို တာ ကိုမင်းအပေါ်မှာ တည်တယ်နော်၊ ပေါ့ပေါ့ဆ မလုပ်နေနဲ့၊ ဒီကိစ္စကို ခုချိန်ကစပြီး အလေးအနက်ထား

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပေဟော့၊ ပြီးတော့ ပွင့်မာလာတို့ အနေအထိုင် အသွားအလာကိုလည်း ဆင်ခြင်မှုဖြစ်မယ်၊ အမေတို့သိသွားရင် တက်သုတ်ရိုက်ပြီး စီစဉ်ကြလိမ့်မယ်'

သူက ခေါင်းပူနေသည်။ ရင်ထဲမှာ တင်းကျပ်နေသည်။

သုံးလေးရက်လောက် သူစဉ်းစားရန်အချိန်ပေးဖို့ပြောပြီး လှချင်းခွဲလိုက်ရသည်။

ခေါင်းထဲမှာ ထွေပွေနေသောကြောင့် ခင်မှောင်တင့်တို့ အကြောင်းကိုပင် မမေးမိလိုက်။

အိမ်ရောက်မှပဲ သတိရသည်။

ထိုနေ့ညက ခေါင်း ကိုက် သည် ဟု အကြောင်းပြပြီး အကြာကြီး အိပ်ရာဝင်ခဲ့သည်။

အတွေးပေါင်းစုံနှင့် ရစ်ခွေထားပြီး အိပ်လို့မပျော်။

တစ်ခေါင်းလုံးနောက်ကျိပြီး ရင်ပူတာပဲရှိသည်။

ဘာလုပ်ရမည်ဆိုသည့် အဖြေမပေါ်။

ဤကိစ္စက အိမ်ကို အသိပေးလို့မဖြစ်။



ဖခင်ကြီးသာသိရင် အိမ်ပေါ်က ခေါင်းနှင့်ဆင်းရမှာ သေချာသည်။

မိခင်ကြီးကို တိုးတိုးတိတ်တိတ်ပြောရင် ဖြစ်သော်လည်း မိခင်ကြီးကိုယ်တိုင်လည်း ဘာမှတတ်နိုင်လိမ့်မည်မဟုတ်။

နောက်ဆုံး ခိုးပြေးဖို့က လွဲ၍ တခြား လုပ်စရာလမ်းကြောင်းမရှိ။

ပွင့်မာလာရော စွန့်ဝံ့ပါ့မလား။

ခိုးပြေးဖို့ဆိုတာက အပြောလွယ်သည်။ အလုပ်လည်း လွယ်ပါသည်။

ဒါပေသိ နောက်ပိုင်းကိစ္စက မလွယ်။

ဘယ်သွားပြီး ဘယ်လိုလုပ်ကိုင် နေထိုင် စားသောက်ကြမလဲ။

တောချောင်နေ၊ နောက် အိမ်ကိုပြန်လာ။

သည်လိုရှုပ်ပြီး အိမ်ကို ပြန်လာလို့တော့ ဖခင်ကြီးက ဘယ်လိုမှ လက်ခံလိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးအကြောင်း သူ့အသိဆုံး။

ကျောင်းနေဆဲ မိန်းမ ပတ်သက်တာမျိုးရှိလာရင် ကိုယ့်ပြဿနာ ကိုယ်ရှင်း၊ အိမ်ကို ဦးပြန်လှည့်လာဖို့တော့ လုံးဝ စိတ်မကူးလေနှင့်ဟု အပြတ်ပြောထားသည်။

ဖခင်ကြီးက အပြောပြတ်သလို အလုပ်လည်းပြတ်သည်။

လမ်းကြောင်း တစ်ကြောင်းတော့ရှိသည်။

ကြို့ပင်ကောက်တွင် နေထိုင်သည့် ဦးလေးဖြစ်သူထံ သွားရောက်ပြီး ဦးလေးဖြစ်သူ၏ ဆန်စက်မှာပဲ အလုပ်တစ်ခုခု တောင်းလုပ်ပြီး နေထိုင်ရင်း ဖြစ်နိုင်ချေတော့ရှိ၏။

ဦးလေးကမှ တတ်သာလျှို့ အလုပ်အကိုင်ပေးထားသည့်တိုင် နေရေးအတွက်က ရှိသေးသည်။

သည်အစီအစဉ်ကိုရော ပွင့်မာ လက်ခံပါ့မလား။

ဦးလေးထံ အားကိုးတကြီးသွားပြီး ထင်သည့်အတိုင်း ဖြစ်မလာခဲ့သော် ဘာဆက်လုပ်ရပါလိမ့်။

သူ၏စိတ်ကူး အစီအစဉ်များနှင့် အတွေးပေါင်းစုံတို့မှာ စိတ်ဓာတ် တက်ကြွစရာထက် စိတ်ဓာတ်ကျစရာတွေချည်း ဖြစ်နေသည်။



နောက်တစ်နေ့...

ညက အိပ်ရေးပျက်ခဲ့သောကြောင့် ခေါင်းထဲမှာ မကြည်မလင် ဖြစ်နေသည်။

ကျောင်းရောက်တော့ ပို၍ စိတ်ရှုပ်ထွေးသွားရပြန်သည်။

ပွင့်မာ ကျောင်းမတက်သောကြောင့်။

စာသင်နေသည့် အခန်းအတွင်း ရောက်ရှိနေစေကာမူ သူ၏နားထဲသို့ ဆရာမအသံသာ ဝင်လာပြီး ဘာတွေသင်ပြနေသည်ကိုမူ သူ မသိ။

သူ၏စိတ်က ရောက်နေသည့်နေရာမှာ စာသင်ခန်းအပြင်ဘက်သို့သာ ဖြစ်နေ၏။

စာသင်ခန်းတွင် စာသင်နေစဉ်အချိန် လွယ်အိတ်ဆွဲပြီး အပြင်သို့ထွက်ရန်လည်း မဖြစ်။

ဆက်ထိုင်နေရသည်ကလည်း ဖင်မငြိမ်ဖြစ်နေသည်။

မုန့်စားလွှတ်ချိန် မြန်မြန်ရောက်ပါစေလို့သာ ဆန္ဒပြုထားနေရသည်။

မုန့်စားလွှတ်ချိန်...

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ဆွဲပြီး စာသင်ခန်းထဲကရော ကျောင်းဝင်းထဲကပါ လစ်ထွက်ခဲ့သည်။

ကျောင်းဝင်းအပြင် ရောက်သည်နှင့် သူတို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဘက်သို့ ခပ်သွက်သွက်လျှောက်ပြီး လွယ်အိတ်ကိုအပ်၍ ထွက်ခဲ့သည်။

သူ၏ခြေဦးတည်ရာ လမ်းကြောင်းမှာ ပွင့်မာတို့အိမ်ဘက်သို့။

သုံးကြောင့် ပြန်လျှောက်ကြည့်ခဲ့သည်။

ပွင့်မာ၏ အရိပ်အယောင်ကို မတွေ့ရ။

ထို့ထက်ပို၍ လျှောက်လို့လည်းမကောင်း။

ပတ်ဝန်းကျင်အိမ်မှာက တစ်မျိုးတစ်မည် ထင်လာမည်မို့ လေးကြော့ မပြန်တော့ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့သည်။

ထိုသို့ပြန်လှည့်ခဲ့ရာ ကံဆိုးသွားရှာမိုးလိုက်လို့ရွာသို့သော စိတ်ထွေ စိတ်လေးပြီး မကြည်မသာဖြစ်နေရသည့်အထဲ ဖခင်ကြီးနှင့် ပက်ပင်းသွားတိုးခဲ့သည်။



ကားပေါ်တွင် ညွှန်သည်များ ပါလာသောကြောင့် ဖခင်ကြီးက ဘာမှမပြောဘဲ ကားပေါ်မှနေ၍ လှမ်းကြည့်ရုံသာ ကြည့်သွားသည်။

မကျေနပ်သော မျက်နှာရိပ် အထင်းသား ပေါ်လွင်နေသည့် ဖခင်ကြီးအကြည့်ကြောင့် သူ့တစ်ကိုယ်လုံး တုန်လှုပ်သွားရသည်။

အိမ်ပြန်ရောက်လျှင် အကြီးအကျယ် ပြဿနာတက်မှာ သေချာနေပြီ။

မပြန်လို့ကလည်းမဖြစ်၊ ဖခင်ကြီးနှင့်ရင်ဆိုင်ရတော့မည်။

ပွင့်မာကိစ္စနှင့်ပတ်သက်၍ ခေါင်းခဲနေရစဉ် နောက်ထပ် ခေါင်းခဲစရာ ပြဿနာတစ်ဆင့်တက်လာသည်။

အိမ်ကို မပြန်သေးဘဲ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ကျောင်းတက်ချိန် စာသင်ခန်းမှာမရှိဘဲ အပြင်ရောက်နေသည့် အကြောင်းကို မည်သို့သော အကြောင်းပြချက်ဖြင့် ဖြေရှင်းချက်ပေးရမည်ကို စဉ်းစားနေရသည်။

ပေးမည့်အကြောင်းပြချက် ခိုင်လုံမှဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်ကို စဉ်းစားရရှိပြီးနောက် ခါတိုင်းလိုပင် ကျောင်းလွှတ်ချိန်တွင် အိမ်သို့ပြန်ခဲ့သည်။

အိမ်မပြန်ခင် သူငယ်ချင်း လှဖေနှင့် တွေ့ပြီး အကျိုးအကြောင်း ပြောပြ၍ စည်းဝါးကိုက် လက်ဝါးရိုက်ခဲ့သည်။

အိမ်အရောက် လွယ်အိတ်ကိုပင် ထားနေကျနေရာတွင် မထားရသေးမီ ဖခင်ရှေ့မှောက်သို့ ရောက်ရှိသွားရသည်။

'ကဲ… ဆိုစမ်းပါဦး၊ မင်း ဒီနေ့ ကျောင်းမှတက်တဲ့ကိစ္စ'

'ကျွန်တော် ကျောင်းတက်ပါတယ် အဖေ'

'ဘာကွ… ကျောင်းတက်ပါတယ် ဟုတ်လား၊ ငါ့မျက်စိ တပ်အပ်တွေ့သာတာကိုတောင် မင်းက ငြင်းလိမ်ဦးမလို့လား'

'ကျွန်တော် မလိမ်ပါဘူး ဖေဖေ၊ မုန့်စားလွှတ်ချိန်မှာ သူငယ်ချင်းလှဖေက ခေါင်းမူးလို့ အိမ်လိုက်ပို့ပါဆိုတာနဲ့ လိုက်ပို့ပြီး အပြန် လမ်းမှာ ဖေဖေနဲ့ တွေ့တာပါ၊ မနက်က ကျွန်တော် ကျောင်းတက်ပါတယ်၊ ဆရာ့ကို မေးကြည့်ပါ ဖေဖေ'



သူ၏ အကြောင်းပြချက် ဟုတ်နိုးနိုးဖြစ်သွားသောကြောင့် …င်ကြီးက ဆက်မဆူတော့ဘဲ သူ့ကို စူးစူးစိုက်စိုက် ကြည့်သည်။

'မင်း ငါ့ကိုတော့ မလိမ်နဲ့နော်၊ ငါ စုံစမ်းလို့ အဖြစ် …ပေါ်ရင် မင်းမသက်သာဘူး'

'ဟုတ်ကဲ့ ဖေဖေ၊ ဆရာ့ကို မေးကြည့်ပါ'

'အေး… မေးမယ်၊ လှဖေဆိုတာကော ဘယ်မှာနေလဲ'

သူက လှဖေလိပ်စာကို ပြောပြလိုက်သည်။

…နှစ်က စာမေးပွဲကျသည်။ သည်နှစ်က မကြိုးစားဘဲ …လက်ဝလုပ်နေတာမှန်ရင် ကျောင်းထုတ်ပြီး ဝပ်ရှော့မှာ …ဘက်ခြေသိမ်းအလုပ်ကြမ်းခိုင်းမည့်အကြောင်းနှင့် နောက် …ကြိမ်ကျောင်းချိန်အတွင်း သည်လိုမျိုးမတွေ့ချင်ကြောင်း …ဘာညာညာတွေပြော၍ ဆက်လက်ပြီး မြည်တွန်တောက် …ပြီးမှ သွားခွင့်ပေးလိုက်သည်။

…တော်ပါသေးရဲ့။ သည်နေ့ ဒရဲရလည်လည် အဖေ့ …သီးချက်နှင့် ပလွဲကောင်း တွေမည့်ကြားမှ သီသီကလေး …သွားသည်။

သူမနက်ကကျောင်းတက်တာအမှန်မို့ ဆရာ့ကိုပဲမေးမေး၊ …နှင့် လက်ဝါးရိုက်ပြီးသားမို့ လှဖေကိုပဲ မေးမေး …မှာ နောက်ဆက်တွဲ ပြဿနာ ပေါ်လာစရာမရှိ။

…လျှောက်ကောင်း၍ အထောင်းသက်သာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်အမျိုးစုမှာ ဆည်လိုမျိုး အလှည့်အပတ်တွေ ရှိ
တတ်ကြသည်။

မိဘအမျိုးစုကလည်း ယုံလွယ်ကြသည်။

ဦးစံထွန်းသို့ ပုဂ္ဂိုလ်ဆည်ပင် နဝေတိမ်တောင် ဖြစ်သ
သည်ကိုပဲကြည့်။

ဆက်ရှင်ပြရမည်ဆို ပြီးသာဆ ကျန်နေသေးသည်။

ပွင့်မာကိစ္စ။

သည်ကိစ္စကို ပြေလည်အောင် ရှင်းဖို့ကတော့ ရှေ့အချိန်
အထိ ရလဒ်အဖြေ မရသေးပါပေ။

အခန်း (၄)

နောက်တစ်နေ့တွင် ပွင့်မာနှင့် တွေ့ကြသည်။

မနေ့က ပွင့်မာ ကျောင်းမတက်လို့ ပွင့်မာတို့အိမ်ကို
သွားကြည့်ပြီးအပြန် လမ်းတွင်ဖခင်ကြီးနှင့်တွေ့ပြီး ထိပ်တိုက်
ပြဿနာတွေ့တော့မည့် အခြေအနေမှ သီသီလေး လွတ်ခဲ့
ပုံကို ပြန်လည်ပြောပြလိုက်ရသည်။

'ဒါ ထားလိုက်ပါဦး၊ မာလေးတို့ ဘာဆက်လုပ်ကြမလဲ'

'ကိုယ်လည်း အဲဒါပဲ စဉ်းစားနေတာ၊ မာလေး ကိုယ့်ကို
ကယ်ချစ်တယ်နော်'

'ဒါကိုများ ခုမှ မေးနေရသေးသလား ကိုမင်းရယ်
မိုးခင်းကို ချစ်လို့သာ ရှေ့ဘာဆက်လုပ်ကြမလဲ စဉ်းစားနိုင်း

www.burmeseclassic.com

www.burmeseclassic.com



နေရတာပေါ့၊ နို့မဟုတ်ရင် မာလေးက မေမေပြောတာကို ခေါင်းညိတ်လိုက်ရပဲဟာ'

'ကိုယ်ကလည်း မာလေးနဲ့ ဘယ်လိုမှ မခွဲနိုင်ဘူး၊ ကိုယ်တို့ နှစ်ယောက် ပေါက်တွဲမပြတ်ဖို့က မာလေးအပေါ်မှာ တည်နေတယ်လေ'

'ဘယ်လိုတည်နေတာလဲ'

'ခုချိန်မှာ လူကြီးစုံလုနဲ့ ထောင်းရမ်းဖို့ ဘာဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ မာလေးတို့ဘက်ကလည်း ဘယ်လို လက်ခံမှာမဟုတ်ဘူး၊ ဒါကြောင့် မာလေး သဘောပေါ် တည်နေတယ်နော်'

ပွင့်မာက ခေါင်းညိတ်ပြီး မင်းသူ ဘယ်လိုလုပ်မည် စိတ်ကူး စီစဉ်ထားကြောင်း မေးလာသည်။

မင်းသူက သူတို့နှစ်ယောက် တစ်နေရာရာသို့ ထွက် ကြမှဖြစ်မည့်အကြောင်းနှင့် လေလွှာဆယ် ဘဝရပ်တည် အတွက် လုပ်လို့ဖြစ်မည့် အလုပ်ကိုလုပ်၍ ယာယီအခြေ နေကာပိုင်၊ လူကြီးများ စိတ်ပြေလာသည့်အခါ



မြင်ကြီး ဝပ်ရှော့တွင် အလုပ်လုပ်၍ အခြေတကျ ဘဝ ရပ်တည်ရေးကို လုပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အခြေအနေ ဖြစ်လာလျှင် သူ၏ကြီးတော်ဖြစ်သူကလည်း ကြည့်နေလိမ့်မည် မဟုတ်ဘဲ တစ်ခုခုစီစဉ်ပေးမှာ သေချာသည့်အကြောင်း ပြော ပြရင်း လေလွှာဆယ် သူ၏ဦးလေးရှိရာ ကြို့ပင်ကောက်သို့ သွားလျှင် ဖြစ်နိုင်မည့်အကြောင်း ပြောပြသည်။

'ကိုမင်း ပြောသလို ဖြစ်လာဖို့ကတော့ လွယ်ပါ့မလား'

'ကိုယ်တို့ ယာယီ အသီးလွင်တ အခြေအနေမျိုးလောက် ရှိအောင်လာတာကိုတော့ ရင်ဆိုင်ရမှာပေါ့၊ ကိုမင်းမှာ ဘာပဲလုပ်လုပ်ရ လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ သတ္တိရှိပါတယ်၊ ဦးလေးကလည်း ကြည့်နေမှာမဟုတ်ပါဘူး၊ သင့်တော်သလို စီစဉ်ပေးမှာပါ၊ ကိုယ်တို့လို အခြေအနေမျိုးနဲ့ အိမ်ထောင် ဘက် ဖြစ်နေကြသူတွေလည်း လော မှာ အများကြီးရှိ တာပဲ'

ပွင့်မာက ကိုင်ထားသည့် လက်ကိုင်ပဝါလေးကို လုံးခြေ ခြင်း မတွေ့ပြီး စဉ်းစားနေသည်။

လူငယ်ဘဝ ချစ်သူများမှာ ချစ်ဖို့ကိုသာ အဓိကထား ကြစမြဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘ၀ရပ်တည်မှုအတွက် ရှေ့တွင် ဖြစ်လာမည့် အနေအထား ဘယ်အခြေအနေသို့ ဖြစ်ရှိလာမည်ကို စဉ်းစားတွေးခေါ်ရာတွင်မူ အတွေးတိမ်ကြသည်။

နက်နက်ထင်ထင် အတွေးအခေါ်ဘက်တွင် အားမသန်ကြ။

ပွင့်မာက သူ ပြောသည့်အတိုင်းပါပဲဟု မဆိုသေးဘဲ စဉ်းစားကြသေးတာပေါ့ဆိုသည့် မယုတ်မလွန်စကားကိုသာ တုံ့ပြန်ခဲ့သည်။

သူကတော့ အားမလိုအားမရ ဖြစ်နေရဆဲ။

အတွေ့သက်တဲ့ပြီး ဖြစ်လာသမျှကို ရင်ဆိုင်မည်ဆိုသည့် စိတ်ဓာတ်မျိုး ရှိစေချင်သည်။

ထိုသို့ မတင်မကျရှိနေရာမှ စေ့စပ်ကြောင်းလမ်းမင်္ဂလာပွဲကို မကြာခင် ပြုလုပ်တော့မည့်အကြောင်း မိခင်ထံမှ ပြောလာသည့် သတင်းစကားကို ပွင့်မာအား ပြောပြသည်။

'ကဲ…မာလေး ဘယ်လိုဆုံးဖြတ်မလဲ'



'ကိုမင်းပြောတဲ့အတိုင်း မာတို့ လုပ်ကြဖို့ဟာမှ ငွေကြေးမပါဘဲ သွားဖို့ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ငွေကြေး လုံလုံလောက်လောက် ပါဖို့တော့လိုတယ်'

ပွင့်မာအား မိဘကို စုံကန်ပြီး ထွက်ရမည်ဖြစ်သောကြောင့် တန်ဆာများ ဆင်ထားသည့် ရွှေထည်များကိုပါ ထားခဲ့ရမည်ဖြစ်ကြောင်း၊ သူများရပ်ရွာမှာ အလုပ်အကိုင် အခြေတကျ ဖြစ်ခင် စားသောက်နေထိုင်ရေးနှင့် သူ့အတွက် ထင့်ထင့် ကျောက်ပတ်သော နားကပ်၊ လက်စွပ်၊ ဆွဲကြိုးလေးအစ ရှိလည်းဆိုကြောင်း ပြော၍ အဲသည်အတွက် သူ ဘယ်လို စီစဉ်မည်ကို မေးလာသည်။

မင်းသူက ပွင့်မာ၏ အမေးကို ချက်ချင်း မဖြေနိုင်။

ယင်းသည့်အတွက် စဉ်းစားထားပြီးသား အစီအစဉ် သူ့မှာ သမှမရှိသေး။

သူ၏မိခင်ဖြစ်သူနှင့် ကြီးတော်ဖြစ်သူထံမှ လှည့်ပတ်ပြီး ငွေတစ်ထောင် ထောင့်ငါးရာမျှ ရအောင် တောင်းပြီး သွားကြမည့် အစီအစဉ်ကိုသာ စဉ်းစားထားသည်။

ခု ပွင့်မာပြောလာတော့ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မာက အလွန်အကျွံ အခွင့်အရေးစကား ပြောသည်မဟုတ်။ ပြောသင့် ပြောထိုက်တာကို ပြောလာခြင်းဖြစ်သည်။

မိဘများဆင်ထားသည့် ရွှေထည်ပစ္စည်းများ ထားခဲ့မည်ဆိုသည်မှာလည်း လမ်းကျသည်။

ဒါတွေကို ယူသွားခြင်းကြောင့် သူတို့အတွက် ပြဿနာပေါ်လာနိုင်သည်။

သူ့ကို တစ်ပတ် အချိန်ပေး စဉ်းစားဖို့ ပြန်ပြောလိုက်သည်။

'မလေးဆာ စွန့်ရတော့မှာနော်၊ ကိုမင်းဘက်က တာဝန်ယူစရာကို ယူရလိမ့်မယ်နော်၊ မပြည့်မစုံနဲ့ ရပ်ဆေးကို ထွက်သွားဖို့ဆိုတာမျိုးတော့ မာလေး လက်မခံနိုင်ဘူး'

'မာလေး ပြောတာကို ကိုယ်သဘောပေါက် နားလည်တယ်၊ ကိုယ့်ဘက်က မာလေးပြောသလို ဖြစ်အောင် လုပ်ရမှာပါ'



တစ်ပတ်လောက် အချိန်ပေးပါဟု ပြောခဲ့စကားမှ လွဲ၍ မှာ သောင်ဂဏန်းငွေကြေးကိုသော်မှ ရအောင်ရှာဖွေနိုင်စွမ်းမရှိ။

ပွင့်မာပြောသလို မဖြစ်နိုင်ပါဟု ပြောလိုက်လျှင် ပွင့်မာနှင့် သူ့ကိစ္စ နောက်ထပ်ဆက်စရာ မရှိတော့သည့် အခြေအနေသို့ ရောက်ရှိမည်မှတစ်ပါး အခြားမရှိ။

ပွင့်မာကို သူ မစွန့်လွှတ်နိုင်။

ပွင့်မာပြောသည့် လမ်းကြောင်းကို မဖြစ်ဖြစ်သည့်နည်းဖြင့် လုပ်ရတော့မည်သာ။

ထိုကိစ္စအတွက် တစ်ခေါင်းလုံး ထူပူပြီး အုံခဲသွားသည်အထိ စဉ်းစားခဲ့ရသည်။

အရိုးခံနည်းလမ်းကို ရှာမတွေ့။

နောက်ဆုံး ကြီးတော်အိမ်မှ ပစ္စည်းများကို အလုပ်သမားနည်းဖြင့် အလစ်သုတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမှ သူ့ကို ချိန်းဆိုထားသည့်ရက်ထက် နှစ်ရက်စော၍ ခိုးမှုတရားခံအဖြစ် အချုပ်ထဲသို့ ရောက်ခဲ့ရသည်။

ရွှေဘီးအချောင်ဝယ်သူရော ပွင့်မာကိုပါ စက်ကွင်းမလွတ်။

ပစ္စည်းများ လက်ဝယ် အပ်နှံထားခြင်းခံရသူ ပွင့်မာက ရဲစခန်းတွင် ထွက်ဆိုချက်ပေးရာ၌ ဖြစ်ရပ်ကြောင်း အမှန်ကို အစစ်မခံခဲ့။

မင်းသူနှင့် ကျောင်းနေဘက်ခင်မင်သော သူငယ်ချင်းဖြစ်ခဲ့ကြောင်း၊ ( )ရက်နေ့ ကျောင်းဆင်းချိန်တွင် ဘာတွေပါမှန်းမသိသော အထုပ်တစ်ထုပ်ကို တစ်ညသိမ်းထားပေးဖို့နှင့် မနက်ကျ သူပြန်ယူမည့်အကြောင်း ပြော၍ပေးခဲ့သောကြောင့်၊ ကျောင်းလွယ်အိတ်တွင် ထည့်၍ ထားခဲ့ကြောင်း၊ သူနှင့် တခြားတစ်စုံတစ်ရာ ပတ်သက်မှုမရှိကြောင်း အစစ်ခံခဲ့သည်။

ရဲစခန်းမှ ထိုအထုပ်ကိုပေးခဲ့စဉ် ဘာအထုပ်ဟု အမေးအမြန်း လုပ်ခဲ့သေးသလား ဆိုသည့် စစ်မေးချက်ကို မမေးခဲ့ကြောင်းနှင့် အိမ်ရောက်တော့လည်း ဖွင့်မကြည့်ခဲ့ကြောင်း၊ အထုပ်ကိုပင် လက်ဖြင့် အသေအချာ စမ်းမကြည့်ခဲ့ကြောင်း ဖြေကြားခဲ့သည်။

ထိုအထုပ်နှင့် ပတ်သက်၍ စိတ်ထဲတွင် ထူးခြားမှု ရှိမရှိဆိုသည့် မေးခွန်းကိုလည်း မရှိကြောင်း ငြင်းဆိုဖြေကြားခဲ့သည်။

ရဲစခန်းမှ လှာရောက်မေးမြန်းစဉ်ကလည်း၊ ထိုအထုပ်ကို လွယ်အိတ်ထဲမှပင် ထုတ်ပေးခဲ့ကြောင်းအစစ်ခံ၍ မင်းသူနှင့် တခြား တစ်စုံတစ်ရာ ဆက်နွယ်ပတ်သက်မှု မရှိကြောင်းကို ထပ်မံ အစစ်ခံခဲ့သည်။

မင်းသူကို စစ်ဆေးစဉ်က လူတို့နှစ်ယောက်ကိစ္စကို မင်းသူက အစစ်မခံခဲ့။

ပွင့်မာ၏ အစစ်ဆေးခံသွားပုံ မှန်မမှန်ကို လောလောဆယ် ဆုံးဖြတ်မရ။

မင်းသူကို ပြန်လည် စစ်ဆေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တွင်မူ သူတို့အား အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ရဲခန့်ကာ မင်းသူကို ပွင့်မာ၏ အစစ်ခံချက်နှင့် ပတ်သက်၍ ပွင့်မာထံ၌ ပစ္စည်းများ မည်သည့် အကြောင်းကြောင့်ဖြင့် မည်သို့မည်ပုံ အပ်နှံထားသည်ကို ထပ်မံစစ်ဆေးခဲ့သည်။

သို့တစေ မင်းသူက သူတို့နှစ်ယောက်အကြောင်းကို ဖွင့်မပြောခဲ့။

ထိုသို့ မပြောခြင်းမှာ ပွင့်မာ သူ့အပေါ်မို၍ နာကြည်းစိတ် ဖြစ်သွားခဲ့သည်ကို စိုးရိမ်သည်။

ပွင့်မာနှင့် ပတ်သတ်၍ သူမှာမျှော်လင့်ချက် ထားစရာ အကြောင်း ရှိနေဆဲသောကြောင့်၊ ခင်မင်သည့် မိန်းကလေး သူငယ်ချင်းကို ယုံကြည်ပြီး၊ အပ်နှံထားခြင်း ဖြစ်ကြောင်း သာ အစစ်ခံခဲ့သည်။

ပွင့်မာ သူ့အပေါ် လုံးဝ အထင် အမြင် လွဲသွားလျှင် ပွင့်မာနှင့် နောက်ထပ်ဆက်သွယ်ရန် လမ်းကြောင်းပိတ်သွားမည်ကို သူစာစိုးရိမ်သည်။



သူ သည့်သို့ဆည်ပုံ ဘာကြောင့် လုပ်ရကြောင်း၊ ပွင့်မာ သဘောကိုပေါက်ပြီး သူ့အပေါ် လုံးဝ အထင်မလွဲမှားစေရန်နှင့် ခွင့်လွှတ်တန်သလောက် ခွင့်လွှတ်နိုင်စေရန် အတွက် တစ်ကြောင်း။

ပွင့်မာနှင့် ပတ်သက်သည့် သူ့ကိုကိစ္စကို လူကြီးတွေသိသွားလျှင် ခင်မောင်တင့်နှင့် ကိစ္စကို အလေသုံးဆယ် စီစဉ်လိုက်မည်ကို စိုးရိမ်သည်က တစ်ကြောင်း။

အမှုဖြစ်စဉ်ထဲသို့ ပွင့်မာပါလာလျှင် သူ၏အမှုအတွက် ပို၍ ထူးခြားလာစရာ အကြောင်းမရှိသည်က တစ်ကြောင်း။

ထိုထိုသော အကြောင်းများကြောင့်၊ ပွင့်မာနှင့် သူ၏ ဖြစ်ရပ်ကြောင်းကို လုံးဝပြည်ဖုံးကား ချလိုက်ခြင်း ဖြစ်ပေသည်။

'နေပါဦးကွ၊ မင်းရဲ့ ပထမ အစစ်ခံချက်ထဲမှာ ကျွန်တော့်ကောင်မလေးက တိုက်တွန်းလို့ ကြံမိတာပါလို့ ပါတယ်လေ၊ အဲတာ ပွင့်မာ မဟုတ်ဘူးလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ ပွင့်မာရဲ့ သူငယ်ချင်းပါ၊ နာမည်ကိုတော့ မပြောပါရစေနဲ့ခင်ဗျာ၊ သူ့အတွက် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ထား ငဲ့ညှာစရာတွေရှိလို့ပါ၊ကျွန်တော် ကျူးလွန်တဲ့ ပြစ်မှုအတွက် ကျွန်တော်ပဲ ခံပါရစေ’

‘အေးလေ ထားပါ၊ ဒါက တို့ကိစ္စပဲ’

အမှုစစ်ဆေးသူ ရဲအရာရှိက ထိုကိစ္စကို အတင်းအကျပ် မမေးတော့ဘဲ ချုပ်ထားလိုက်သည်။

အဓိက တရားခံမှာ မင်းသူ။

မင်းသူက အချုပ်ထဲမှာ ကိုယ့်ဆွေစိတ်ပါ နင့်နင့်ပိုးပိုး ခံစားနေရသလို၊ မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းမှာလည်း မစားနိုင် မအိပ်နိုင်၊ သောကဗျာပါလှိုင်ပြီး၊ အချိန်ရှိသရွေ့ မျက်ရည်နှင့် တွဲစပ်နေရသည်။

ဦးစံထွန်းကတော့ ဘာမှမဖြစ်ဘိုသို့၊ အမြဲ လုပ်ငန်းခွင်မှာသာ နစ်မွန်းနေခဲ့သည်။



ကြီးတော် ဒေါ်သိန်းနွဲ့မှာ ဒေါ်ခင်ဝင်းလို မအိပ်နိုင် မစားနိုင် မျက်ရည်ဝိုင်းမနေ့စေကာမူ၊သောကနှင့် ရစ်ပတ်ထွေး နေရရှာသည်။

တူ ဆိုပေမယ့် သားလို ချစ်ခဲ့ရသည့် တူ။

ငယ် ကတည်းက မင်းသူမှာ သည်လို အကျင့်စရိုက်မျိုး

မဟုတ်တာ လုပ်ခဲ့သည်မျိုးလည်း မရှိခဲ့။

အသုံးအစွဲကြီးသည့် အလျှောက်၊ အကြောင်းအမျိုးမျိုး ပြ၍ မုန့်ဖိုး၊လက်ဝါးဖြန့်သည် မျိုးသာရှိသည်။

ဆယ်တန်းမရောက်ခင်အထိ၊ စာကြိုးစားခဲ့သည်။

ဖခင်ဖြစ်သူကို တုန်နေအောင် ကြောက်ရသောကြောင့်၊ ကျောင်းစာကို မပေါ့ရဲသလို၊ ကျောင်းပြေးတာတို့ ဘာတို့ လည်း မရှိစဖူးခဲ့။

အိမ်ကိုအချိန်မှန်ပြန်ပြီးမှ ဖခင်ကြီးထံ ခွင့်တောင်း၊ သူ ဝါသနာပါသည့် ဘောလုံးကွင်းသို့ ပြေးရသည်။

သူ့မှာ အပြင်ထွက်ချိန်ဆို၍ ထိုတစ်ချိန်သာ ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး ခြေဆက်နာရီခွဲကျော်လျှင် အိပ်ပြင်ထွက်ရုံရှိ၊ တုံးစံမရှိ။

ဆယ်တန်းစာမေးပွဲထဲတော့ သူသာမဟုတ်၊ ကျောင်းသား ငါးဆယ်မှာ ငါးယောက်ပင် အောင်ဖို့မလွယ်။

မလွယ်သူထဲမှာ သူလည်းပါသွားသည်။

သည်တကြိမ်သာ စာမေးပွဲကျဖူးသည်။

ခု ဒုတိယနှစ် ဆက်တန်းဖြေရမည်။

သည်နှစ်မှ ဖောက်ခြေဝင်လာခြင်၊ ဖြစ်သည်။

ဘယ်လိုအနေ ဘယ်လို သည်အောင်မလေးနှင့် သက်ဆိုင်သည်ကို ကြီးတော်ဖြစ်သူပါမက၊ မိခင်ကြီးပါ အတွေးမစဉ်သာသလို၊ အဖြေရှာ မရရှိခဲ့ကြသည်။

ကကယ်တော့ ဗီအရွယ်ချစ်သူထားတတ်သည်မှာ မဖြစ်ချိုးကိုစွဲတော့ မဟုတ်ပေ။

ဖြစ်လာထိသည် သဘာဝရှိသော်လည်း ခုလိုမျိုး၊ အခြေအနေထိတော့ ဖြစ်လေ့ဖြစ်ထ နည်းပါးသည်။



ခု ဖြစ်မယ့် ဖြစ်တော့လည်း ကျော်မကောင်း ကြားကောင်း။

ဦးစံထွန်းမှာ ရဲစခန်းသို့ တိုင်ရမည် ဆိုစဉ်က ဒေါ်သိန်းနွဲ့ တော်တော်ကြီး စဉ်းစားခဲ့သေးသည်။

တော်ရုံသင့်ရုံ ဘန်ဖိုး ထိုက်ပစ္စည်းသာဆိုရင် ရဲစခန်းသို့ တိုင်ရန် အကြောက်အကန် ငြင်းမည် ဖြစ်သော်လည်း ပါသွားသည့် ပစ္စည်းဘန်ဖိုးအနည်းနည်း နေသနောမဟုတ်။

ဒေါ်အဖြိုင် ထိုကိစ္စကို မင်းသူ သူ့သဘောနှင့်သူ ဖြစ်ခြင်းဟု လုံးဝမထင်ခဲ့။ တစ်ရုံ တစ်ယောက်၏ ပယောဂကြောင့် လုပ်ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။

ခုတော့ အထင်မှန်နေပြီ။

ဖြစ်ရပ် အကြောင်း၊ ပြဿနာထိမှာ ပွင့်မာ ဆိုသော အောင်မလေး ပါလာရုံမက ပစ္စည်းတွေကိုပါ သူ့ထံတွင် အပ်နှံထားကြောင်း ပေါ်လာသည်။

သူတို့တွေလေးမှာ အပြစ်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



မလိမ်မိုး မလိမ္မာ၊ မနူးမနပ် သူတို့တူလေးကို လှည့်ဖြား၍ ခိုင်းစေသောကြောင့်သာ ခင်းသူ လုပ်မိလုပ်ရာ လုပ်ခြင်း ဖြစ်လိမ့်မည်ဟု တစ်ထစ်ချ တွက်ဆသည့် သဘောထား ထင်ဟပ်သွားသည်။

သူတို့ဘက်က အထင်အမြင်၊ ယူဆချက်ဖြစ်၏။

ထို့ကြောင့် ဒေါ်သိန်းနွဲ့က တူးလေး အာမခံရရေးနှင့် အမှုပြီးပြတ်ရေးအတွက် လုပ်ရမည်ဟု ဆုံးဖြတ်ချက်ချလိုက် သည်။

ထိုကိစ္စအတွက် ဒေါ်သိန်းနွဲ့က ခင်မွန်းဖြစ်သူအား သူ့ ထင်မြင်တွက်ဆချက်ကို ပြောပြ၍ ဦးဘအေး ပါဝင်ဆော ရွက် ပေးရန် တိုက်တွန်းခဲ့သည်။

မောင်ဖြစ်သူ ဦးစံထွန်းအားလည်း အကျိုးအကြော ပြောပြ၍ နားချခဲ့ရသည်။

ဦးစံထွန်းက လွယ်လွယ်နှင့် လက်မခံ။

'မမတို့က အဲဒါ ခက်တာပေါ့၊ သူများသားသမီး အပြစ်တင်မနေပါနဲ့၊ ကိုယ့်အကောင် အသုံးမကျလို့ ဒီလို ဖြစ်ရတာ ဘယ့်နှယ်ဗျာ၊ ဆယ်တန်းအောင်ဖို့ စာကြိုး စား ရမယ့် အချိန်မှာ မဟုတ်မဟပ် စိတ်ဓာတ်မျိုးမွေးပြီး ခုလိုလုပ်တာဟာ၊ ကိုယ့်စိတ်ဓာတ် အခံညံ့ဖျင်းလွန်းလို့ပေါ့ မမရ၊ ဒီလိုကောင်မျိုး ဘယ်တော့ လူလား မြောက်ပြီး ကြီးပွားမှာလဲ၊ ခေးမနောက်ပိတ်နွေးပဲ ဖြစ်မှာပေါ့၊ ကျွန် တော့်သား၊ ကျွန်တော် မချစ်ဘဲ နေပါ့မလား၊ သိပ် ချစ်လို့ လူတော်လူကောင်း ဖြစ်လာအောင် အလိုလိုက်သင့် တာထက် ပိုပြီး အလိုမလိုက်ဘဲ၊ ကြပ်ကြပ် မတ်မတ် ကိုင် တွယ်ခဲ့တာပေါ့၊ ခု ကျွန်တော်တို့ မျက်နှာတွေ အိုးမည်း သုတ်ခံရပြီ၊ ဒီလိုကောင်မျိုးကို သူ့ ထိုက်နဲ့သူ ထားလိုက် မယ်ပေါ့'

'ဒီလို တစ်ယူသန် စိတ်ထားလို့ ဘယ်ဖြစ်မလဲ၊ သူတို့လို အရွယ်တွေဟာ ဒီလို ဖြစ်တတ်တဲ့ သဘာဝရှိတာပဲ၊ မဖြစ် တဲ့ လူလည်း ရှိတာပေါ့၊ ဒါကို ပြုပြင်ယူရမယ့် တာဝန်ကို မျက်နှာလွှဲခဲပစ်လုပ်လို့ မဖြစ်ဘူး၊ အာမခံရဖို့နဲ့ အမှုကိစ္စ ပြီးပြတ်ဖို့ မင်း မလုပ်ချင်နေ၊ ငါကတော့ လုပ်ရမှာပဲ'

ထိုသို့ ပြောကြဆိုကြရင်းမှ ဦးစံထွန်း၏ သဘောထား ပြတ်ထွက်သလို ဒေါ်သိန်းနွဲ့၏ သဘောထားကလည်း ပြတ် သားသည်။

ဒေါ်သိန်းနွဲ့က မောင်ဖြစ်သူအပေါ် မကျေမနပ် ဖြစ် တာ ပေါ်ပြီး ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖြစ်သည့် ရန်ပွဲမှာ ဦးစံထွန်းနှင့် ဒေါ်ခင်ဝင်း။

နောက်ဆုံးတွင် ဦးစံထွန်းက လက်လျှော့သွားသည်။

သူကိုလုပ်ချင်ရာလုပ်၊ အဲဒီထဲမှာ သူ မပါဘူး။ အပြင်ထွက်လာရင် ကျောင်းဆက်မထားတော့ဘဲ၊ သူ၏လုပ်ငန်းခွင်မှာ အလုပ်လုပ်ခိုင်းမည်၊ ဒါမှ မလုပ်ချင်ရင် အိမ်မှာ လက်မခံဘူးဆိုသည့် သူ၏ သဘောထားကို ဦးစံထွန်းက အပြတ်ပြောသည်။

ထိုသို့ ပြောလာသည်ကို ဒေါ်ခင်ဝင်းက အခကြေး အဆန်း ပြောမနေတော့။

ဒေါ်ခင်ဝင်းကလည်း သားကိစ္စအတွက် ခံပွန်းဖြစ်သူ အပေါ် မကျေမနပ်ဖြစ်ပြီး စိတ်ကုန်ခမ်းနေသည့်အလျော သူမှာလည်း သူ့ဆုံးဖြတ်ချက်နှင့် သူ ရှိထားပြီးသား။

သားအမိနှစ်ယောက်၊ ဆွေမျိုးများ ရှိရာသို့ သွားပြီး ကိုယ့်ဘဝကိုယ်ရပ်တည်၍ လုပ်ကိုင်စားသောက်မည့်ဆုံးဖြတ်ချက်ချပြီးသား၊

သားဖြစ်သူ အာမခံရရေးနှင့် အမှုကိစ္စ ပြီးပြတ်ရေးအတွက် ယောက်မဖြစ်သူထံ သွားရောက် တိုင်ပင်၍ အကူအညီ တောင်းခဲ့သည်။



'ကိုထွန်းက သည့်ကိစ္စမှာ သူ မပါဘူးလို့ အပြတ်ပြောလိုက်တယ် မန္တဲ၊ ကျွန်မလည်း မလုပ်တတ် မကိုင်တတ်မို့၊ မန္တဲပဲ တာဝန်ယူလုပ်ပေးပါ၊ ကုန်ကျစရိတ်အတွက် ကျွန်မမှာ သီးသန့်ပစ္စည်းလည်း ရှိပါတယ်'

သို့တစေ... ဒေါ်ခင်ဝင်းက သူ၏ ဆုံးဖြတ်ချက်ကိုမူ ဖွင့်မပြောသေး။

ဒေါ်သိန်းနွဲ့ကလည်း မင်းသူ့ကိစ္စကို သူ တာဝန်ယူမည့်အကြောင်း ကတိပေးလိုက်သည်။

ဦးဘအေး၏ ဦးဆောင်စီစဉ်ပေးမှုဖြင့် မင်းသူ အာမခံရသည်။

အမှုကျေအေး ပြီးပြတ်ရေးအတွက် ကိစ္စမှာမူ တရားရုံးတွင် ဆက်လက် လုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်။

အချုပ်မှ လွတ်လာမည့် မင်းသူ အိမ်သို့ ပြန်ရောက်လာသော်လည်း ဖခင်ဖြစ်သူ ဦးစံထွန်းက လုံးဝ စကားမပြော။

မင်းသူက ဘယ်ကိုမှမထွက်တော့၊ အိမ်မှာပင် သေသေဝပ်ဝပ် နေထိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မီခင်နှင့် ကြီးတော်ဖြစ်သူကိုမူ ပွင့်မာနှင့် ကိစ္စကို အပြည့်အစုံ ပြန်လည်ပြောပြသည်။

သူ၏မိုက်ပြစ်အတွက်လည်း ကြီးတော်ဖြစ်သူအား ဝန်ခံတောင်းပန်၍ ကန်တော့ပြီး၊ သူ၏ ဘဝတစ်သက်တာတွင် ဒီလိုပြဿနာမျိုး လုံးဝ မဖြစ်ပေါ်စေရန် နေထိုင်သွားပါမည်ဟု ဝန်ခံ ကတိ စကား ပြောကြားခဲ့သည်။

ဒေါ်သိန်းနွဲ့ကလည်း လူငယ်ဘဝ ဖြစ်လေ့ ဖြစ်ထရှိသော အကြောင်း ဖြစ်ရပ်အဖြစ် လက်ခံပြီး၊ တူဖြစ်သူကို နှင့်နှင့်ပိုးပိုး ပြစ်တင် စကား မပြောဘဲ၊ သာမန် ပြစ်ဘင် စကားဖြင့် ဆုံးမခဲ့သည်။

ဘဝအတွက် သင်ခန်းစာယူတတ်အောင် နည်းပေး လမ်းပြ ညင်ညင်သာသာ စကားဆိုခဲ့သည်။

မောင်ဖြစ်သူကိုလည်း ဖျောင်းဖျနားချခဲ့သည်။

မင်းသူကို သူ၏ဆိုင်မှာ ကူဖော်လောင်ဖက်အဖြစ်ထားပြီး ဆယ်တန်းစာမေးပွဲကို ပြင်ပမှ ဖြေဆိုခိုင်းရမည်လား၊ ဒါမှမဟုတ် စပ်ခရှာမှာပင် အလုပ်ခွင်နေရာချ၍ နေထိုင်စေမည်လားဟု မေးမြန်းခဲ့သည်။



ဦးစံထွန်းက သူ၏လုပ်ငန်းခွင်မှာ ဝင်ရောက် လုပ်ကိုင်မည်ဆိုလျှင် ကိုယ့်အဖေလုပ်ငန်းခွင်ပဲဟု စောင်ကြော့နေလို့မရ၊ အလုပ်ကို အလုပ်နှင့်တူအောင်လုပ်ရမည်။ တခြားသေသာ အလုပ်သမားတွေလို မလုပ်နိုင်ရင် သူ၏အလုပ်ခွင်မှာ မထားနိုင်ဟု အပြတ်ပြောသည်။

'ကျွန်တော့်အကြောင်း မမလည်း သိသားပဲ၊ ကျွန်တော်ဟာ စာပေပညာမှာ မထူးချွန်ပေမယ့် လက်မှုနဲ့စက်မှုပညာ ထူးချွန်အောင် ဘယ်သူ့အကူအညီမှမယူဘဲ ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားပြီး ဒီအခြေအနေမျိုးရောက်အောင် လုပ်ခဲ့တာ၊ ကျွန်တော့်သားကိုလည်း ဘမျိုးသိုးတူ ဖြစ်စေချင်တယ်၊ အဖထက် တစ်လကြီးတဲ့သား ဖြစ်စေချင်လို့ ကျွန်တော် ဒီလောက်ထိ ထိန်းကြပ်ကွပ်မတ်နေတာပါ၊ ခုတော့ သူက ယောက်မြင်းစီးထွက်တယ်လေ၊ ကဲ... သူ့အတွက် မမဘို့ ဘာဆက်လုပ်မလဲ စဉ်းစားကြပေါ့'

ဒေါ်သိန်းနွဲ့က ဘာမှဆက်မပြောတော့ဘဲ မှကျေမနပ်အမူအရာနှင့် မောင်ဖြစ်သူကိုကြည့်ပြီး ပြန်သွားခဲ့သည်။

ကထယ်တော့ ဦးစံထွန်းပြောသည်မှာ မှန်သင့်သလောက်မှန်သော်လည်း ခုလိုအချိန်တွင် သားဖြစ်သူကို ပြန်ရည်

www.burmeseclassic.com

www.burmeseclassic.com



တိုနိုးမတိပေးရန် တာဝန်ရှိသည်ဟု အဘောပိုက် ယူဆကြသည်။

မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းက သားဖြစ်သူကို ခင်ပွန်းဖြစ်သူ၏ အလုပ်ခွင်တွင် မသွားချင်။ ခင်ပွန်းသည်အကြောင်းကို အသိဆုံးမို့ ပြေလည်မှုထက် ပြဿနာဖြစ်လာမည်ကို မြင်သည်။

သားဖြစ်သူမှာ အလေးအရွယ်သာသာပဲရှိသေးသည်။

မိခင်တိုင်းက သားသမီးအပေါ် ထိုအမြင်မျိုး ရှိကြစမြဲ။

အရွယ်လွန်၍ လူလတ်ပိုင်း ကြီးဖော်ဝင်လာသည့်တိုင် သားသမီးကို အလေးအသွင်ပဲ မြင်တတ်ကြသည်။

မင်းသူအရွယ်က ဝတ်ချင် စားချင် လည်ချင် မတ်ချင် အပေါင်းအသင်းများနှင့် ပျော်မွေ့နေတတ်သည့်အရွယ်။

ခင်ပွန်းဖြစ်သူမှာ ထိုသို့အမြင်သဘောမျိုးမရှိ။

အခြားသော အလုပ်သမားများနည်းတူ မိုးလင်းက မိုးချုပ် အလုပ်ခွင်ထဲမှာ ရှိနေရမည်။ အလုပ်မှအပ အခြားဘာကိုမှ စိတ်ဝင်စားခွင့် ပေးလိမ့်မည်မဟုတ်။



ဦးစံထွန်း၏စေတနာမှာ ကောင်းလွန်းနေသည်ဟု ဆိုရမည်ဖြစ်သော်လည်း ထိုစေတနာကို နားလည်လက်ခံဖို့မှာမူ မလွယ်။

လူငယ်တို့၏ သဘောသဘာဝက ထန့်သတ် ချုပ်ချယ်လွန်းသည်ကို လက်မခံတတ်ကြ။

ကျပ်လွန်းလျှင် လွတ်၊ တင်းလွန်းလျှင် ပြတ် ဆိုစမှတ်စကားလည်းရှိသည်။

တင်းလွန်းသည်မှ ကျပ်လာလျှင် ထွက်ပေါက်ရှာတတ်သည့်စရိုက် ရှိကြသည်။

ထွက်ပေါက်မှာ အကောင်းဘက် သို့ ဦးတည်လျှင် အကြောင်းမဟုတ်။

ထင်ရာမြင်ရာ အဆိုးဘက်သို့ ဦးတည်လျှင် ဘဝပျက်သည်အထိ ဖြစ်ရပ်သာဓကများရှိသည်။

သားဖြစ်သူကို ခင်ပွန်းသည်၏ လုပ်ငန်းခွင်မှာထားလျှင် မကြာမီမှာ သေချာပေါက်အဖြစ် ထွက်ပေါက် ရှာလိမ့်မည်မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဝင်းမှာ သားအတွက် ရတက်မအေးနိုင်ရှာဘဲ အကောင်းဆုံးဖြစ်အောင် ဘာလုပ်ပေးကြမည်ကို ယောက်မဖြစ်သူနှင့် တိုင်ပင်ရသည်။

ဒေါ်ခင်ဝင်းက သူ၏မောင်ဖြစ်သူထံ သားကို ပို့ထားချင်သည်။

ဒေါ်ခင်ဝင်း၏ မောင်ဖြစ်သူ ကိုစိန်ရမှာ ကုန်သည်၊ ငွေကြေးလည်း ပြည့်စုံသည်။

နယ်ထွက် စားကုန်များကို ဝယ်ယူသိုလှောင်၍ ဈေးကောင်းရသည့်အခါ ပြန်ရောင်းသည်၊ ကိုယ်ပိုင် လော်လီကားလည်း ရှိသောကြောင့် စီးပွားရေး အဆင်ပြေသည်။

သားဖြစ်သူကို အရောင်း အဝယ် ကုန်သည်လုပ်ငန်း မျက်စိပွင့်စေချင်သည်။ သားဖြစ်သူ၏ ဘဝရှေ့ရေးအတွက် အရောင်းအဝယ်လုပ်ငန်းဖြင့် သက်မွေးဝမ်းကျောင်း၊ ပြုနိုင်မည့် အခြေအနေလည်းပေးလာမည်မို့ သူ၏မောင်ဖြစ်သူထံ ပို့ထားချင်သည့် သူ၏ဆန္ဒကို ယောက်မဖြစ်သူအား ပြောပြ တိုင်ပင်ခဲ့သည်။



ဒေါ်သိန်းနွဲ့၏ သဘောထားကတော့ သူ့ဆိုင်မှာနေပြီး ရထနာ အရောင်းအဝယ်လုပ်ငန်းကို လေ့လာ၍ လိမ်လိမ်မာမာနှင့် အချိုးပြောင်းလျှင် ဆိုင်ခွဲတစ်ခု ဖွင့်ပေးဖို့အထိ တွေးမှာ ရည်ရွယ်ချက်ရှိကြောင်း။

ထိုကိစ္စမှာ လောလောဆယ်တော့ မဖြစ်နိုင်။ အနည်းဆုံး ငါးနှစ်လောက် အချိန်ယူရလိမ့်မည်ဟု ပြောသည်။

ထိုသို့ ပြောဆို တိုင်ပင်ကြရင်းမှ သူ၏ ဦးလေးဖြစ်သူ ဦးသန်းထွန်းထံပို့ထားရင် ပိုကောင်းမလား ဆိုသည့် အပြောအဆိုပါ သက်ဆွေက် ပါဝင်လာသည်။

နောက်ဆုံးတွင် မင်းသူ၏ သဘောထားကိုမေး၍ သူ၏ ဆန္ဒအတိုင်းလုပ်ပေးရန် သဘောထား ညှိနှိုင်း ရရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသူ ရွှေ့ရေးအတွက် မည်သို့မည်ပုံ ဆက်လုပ်ရမည်ကို အဆုံးအဖြတ်မပြုနိုင်မီမှာပင် ခင်မောင်ဘင့်နှင့် ပွင့်မာတို့၏ စေ့စပ်ကြောင်းလမ်းကြီးပြီးစီးသွားကြောင်း သတင်းစကား ထွက်လာသည်။

ထိုသတင်းမှာ လူကြီးတွေအတွက် ဝမ်းသာစကားဖြစ်သော်လည်း မင်းသူအတွက်တော့ အိပ်မပျော်သော ညများနှင့် ဆုံစည်းလိုက်ရသည်။

မင်းသူမှာ ရင်တွင်းဖြစ်ဝေဒနာကို တနင့်တပိုးကြီး ခံစားလိုက်ရသည်။

ဖော်ရာမပေါ်သော ဝေဒနာ။

ဖော်ရာမပေါ်သော ဝေဒနာအတွက်က ဆေးရှိသည်။

ဖော်ရာမပေါ်သော ရင်တွင်းဖြစ်ဝေဒနာမှာ ဆေးမရှိ ဆလို အကုသရလည်း ခက်သည်။

သည်ကြားထဲ ဖခင်ကြီးကလည်း ထစ်မှောင့်။

သခွတ်ပင်က မီးတကျည်ကျည် လုပ်နေပြန်သည်။



အိပ်လိုက်၊ စားလိုက်၊ ယောင်တောင်ပေါင်ကောင် နေ့ထိုင်သည်ကို မနှစ်မြို့ဟန်ဖြင့် ဇနီးဖြစ်သူအား အမေးစကားရှိလာသည်။

လူ့ကိုမှ ယခုထက်တိုင် စကားမပြောသေး။

'ဘယ့်လိုသဲကွ၊ မင့်သားက အဓိပ္ပါယ်မရှိသလိုပဲ နေသွားတော့မလို့လား၊ မင်းတို့က သားသမီးကို ချစ်တာမဟုတ်ဘူး၊ နှစ်နေတာ၊ ထမင်းစားပြီး အရွယ်ရောက်နေသူတိုင်းဟာ အလုပ်တစ်ခုခု လုပ်ရမယ်၊ ကိုယ့်ဘဝအတွက် ရည်မှန်းချက် ရှိရမယ်၊ မိဘက ကျွေးထားနိုင်တာက တခြား၊ မင်းက တစ်မျိုး၊ မမက တစ်မျိုးနဲ့ နောက်ဆုံး ဒီကောင် ဆန်ကုန်မြေလေးပဲဖြစ်မှာ'

'ကိုတွန်းကလည်းတော်...သားသေး စိတ်ထိခိုက်နေတုန်း ဒီကိစ္စကို အလေးသုံးဆယ် မလုပ်ပါနဲ့ဦး၊ ကျွန်မနဲ့ မနွဲ့တို့လည်း သားအတွက်ဘာလုပ်သင့်တယ်ဆိုတာ စီစဉ်တိုင်ပင် နေကြပါတယ်'

'သာကွ၊ မင်းတို့က ဘာတွေများ စီစဉ်တိုင်ပင်နေကြမှာလဲ၊ ကျောင်းဆက်ထားတဲ့လည်းမဖြစ်၊ အိမ်မှာလုပ်စရာ ကိုင်စရာ အလုပ်တွေ တစ်ပုံတစ်ပင်ကြီးရှိပါလျက်ကနဲ့ မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့က ဘာလုပ်သင့်တယ်ဆိုတာ စီစဉ်တိုင်ပင်နေဖို့ လိုသေးလို့လား၊ ပညာမရရင် ဉစ္စာရရမယ်၊ ဝပ်ရှော့ဆရာ့ရဲ့ သားဟာ အဖေလို ဝပ်ရှော့ဆရာကြီးဖြစ်အောင်လုပ်ဖို့ ကြိုးစားဖို့ပဲလွဲလို့ ဘာတွေများ လုပ်စရာရှိသေးလို့လဲ"

သည်တစ်ခါ ဦးစံထွန်း ပြောလာသည်မှာ ဝါစကား နွားရမဟုတ်။ လမ်းကျသည်။

ဖခင်တစ်ယောက် ပြောသင့် ပြောအပ်သည့် စကားကို ပြောလာခြင်းဖြစ်သည်။

တကယ်တော့ သားဖြစ်သူကိစ္စကို အဦးဆုံး အသိပေး တိုင်ပင်ရမည်မှာ ဖခင်ဖြစ်သည်။

ဒေါ်ခင်ဝင်းအနေနှင့် ခင်ပွန်းဖြစ်သူနှင့် တိုင်ပင်ရမည်မှာ ဇနီးမယားကောင်းတို့၏ တာဝန်ဖြစ်သည်။ လုပ်သင့် လုပ်အပ်ရာဟု သဘောမှုရမည်။

ခု ခင်ပွန်းဖြစ်သူကိုအသိပေးတိုင်ပင်ခြင်းမရှိဘဲ ယောက်မဖြစ်သူနှင့် တိုင်ပင်စီစဉ်နေသည်မှာ လမ်းမကျ။

ဒါပေမယ့် သူတို့သမီးယောက်မ တိုင်ပင်သည့်ကိစ္စကို ခင်ပွန်းသည်အား ဖွင့်မပြောရဲ။



ပြောလိုက်လျှင် သူတို့လင်မယားကြားမှာအကြီးအကျယ် ပြဿနာတက်မှာ သေချာသည်။

သူတို့အစီအစဉ်ကိုမြန်မြန်ဆုံးဖြတ်ပြီး ခင်ပွန်းဖြစ်သူအား သူ့အစ်မဖြစ်သူ ပြောခိုင်းမှဖြစ်မည်။

သားဖြစ်သူကို အကျိုးအကြောင်း ပြောပြပြီး သူ၏ သဘောထားကို မေးရသည်။

မင်းသူကလည်း ပွင့်မာကိစ္စအတွက် အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရရုံမက သူ့အတွက် မျှော်လင့်ချက်လမ်းစလည်း မရှိတော့ပြီမို့ အင်းစိန်မှာ မနေချင်။

ဖခင်ကြီးအား စိတ်မနာပေမယ့် ဖခင်ကြီးအပေါ် ဘဝင်မကျနိုင်သည့်စိတ်မှာ သူ၏ရင်ထဲတွင်စွဲထင်နေပြီမို့ ကြီးတော်နှင့် မိခင်ကြီးတို့ ဆန္ဒသဘောထားအတိုင်း ဦးလေး တစ်ယောက်အိမ်မှာ သွားနေချင်သည့် ဆန္ဒသဘောထားရှိသည်။

ကြီးတော်ဖြစ်သူထံသွား၍ ထိုကိစ္စကို ဖြစ်မြောက်အောင် လုပ်ပေးဖို့ ကိုယ်တိုင်ပင် သွားရောက်ပြောဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ဘဝ တစ်ဆစ်ချိုး အပြောင်းအလဲနဲ့ ပတ်သက်လို့ အဝေးသင်ခန်းစာနဲ့အသိ၊ ကျွန်တော်မရှိခဲ့ပါပြီ၊ ကျွန်တော်ဟည်း ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားလုပ်ကိုင် နေထိုင်သွားမှာပါ၊ ထင်ရာစိုင်းပြီး ဘဝပျက်တဲ့ လူငယ်တစ်ယောက် မဖြစ်စေရပါဘူးဆိုတာ ကြိုးကြိုးကို ကျွန်တော် လေးလေးနက်နက် ကတိပေးပါတယ်'

သူက ထိုသို့ပြောဆိုပြီး သူ့အတွက်ကြောင့်၊ ဖခင်ကြီးနှင့် မိခင်ကြီးတို့ စိတ်ဝမ်းကွဲရသည့် အခြေအနေသို့ မရောက်စေချင်ကြောင်း၊ ဖခင်ကြီးနှင့် မိခင်ကြီးတို့ မဖြစ်သင့်တာ ဖြစ်ခဲ့ရင်၊ ညီမလေးနှစ်ယောက်ပါ ဒုက္ခရောက်မည့် အကြောင်းပါ ပြောဆိုခဲ့သည်။

ဒေါ်သိန်းနွဲ့မှာ သားလို ချစ်ခဲ့ရသော သူကားလေး၏ အရွယ်နှင့် မလိုက်သော အသိစိတ်မျိုးရှိလာပြီး၊ ထိုသို့သော အပြောအဆိုကြောင့်၊ ရင်ထဲတွင် အေးမြသွားရသော်လည်း လက်ရှိအနေအထားအရ၊ ဘဝကံခေသည်ဟု ဆိုရမည့်သော တူအလေးအတွက် မျက်ရည်များ ရစ်သိုင်းလာပြီး စိတ်ထိခိုက်ခဲ့ရသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ခင်ပွန်းဖြစ်သူ ကိုလည်း ပြန်လည်ပြောပြခဲ့သည်။



မောင်ဖြစ်သူအား၊ ထိုကိစ္စနှင့်ပတ်သက်၍ ပြောဆိုဆုံးဖြတ်သူ တစ်ယောက်တည်းမပြောဘဲ၊ သူတို့လင်မယား နှစ်ယောက် ကိုယ်တိုင် သွားရောက်ပြောရန် တိုင်ပင်ခဲ့ကြသည်။

ဦးတာအေးကမူ ဦးစံထွန်းက သားနှင့်ဇနီးအပေါ် အထင်အမြင် မှားသွားစေနိုင်သလို၊ သားဖြစ်သူအပေါ် အထင်တစ်မျိုးခံစားသွားမည်ကို စိုးရိမ်သည်။

သူတို့ မောင်နှမ နှစ်ယောက် အဆင်မပြေ ဖြစ်သွားမည်ကိုလည်း မလိုလား။

မိစုံဖစုံ အုပ်ထိန်းသူများ ရှိပါလျက်၊ မိသားစု တစ်ကွဲတစ်ပြား မဖြစ်သင့်ဟု ယူဆသည်။

'မန္တလေး ယေသေချာချာ စဉ်းစားဦးနော်၊ တို့စေတနာစကား ဒေါသဖြစ်သွားရင် တို့ အားလုံးအတွက် မကောင်းဘူး၊ အကျိုးလိုလို့ လုပ်ပေးမယ့် အကျိုးမမြင်ဘဲ အပြစ်ထင်သွားရင် ဆိုးလိမ့်မယ်၊ ကိုစံထွန်းက လူတစ်မျိုး၊ ဘုမျိုးဘိုးတွေ အမေ၊ မန္တလေးတို့ ဖခင်ကြီးလို စိတ်ဓာတ်မျိုးနဲ့ စည်းထိမ်း ည်းစနစ်ကို အဓိကထားတဲ့သူ၊ ဒါကြောင့်လည်း မွေးချင်း မှာပါတဲ့ တစ်ဦးတည်းသောသားကို သူ့စည်းစနစ်အတိုင်း ထက် ပိုပြီး အလိုမလိုက်ခဲ့တာပဲ၊ ခုကိစ္စဟာလည်း ထင်သလောက် မလွယ်ဘူးလို့ ကိုယ်တော့ ထင်တယ်'

www.burmeseclassic.com



'ကိုဘအေးကယည်း နကိုစွကာ မပြောမပြီး မတီးမမြည်တဲ့ ကိစ္စ၊ ပြောမှုတီးမှုကိုဖြစ်မှာ၊ ကိုဘအေး မပြောချင်လဲ ကျွန်မတာတော့ ပြောရတော့မှာပဲ'

'အေးလေ–မန္တဲ့ ဒီလောက် စိတ်ဆန္ဒရှိနေမှတော့ ကိုယ်လည်း လိုက်ရတော့မှာပေါ့'

(ငါး)

ဒေါ်သိန်းနွဲ့နှင့် ဦးစံထွန်းတို့၏ ဖခင် ဦးရွှေအောင်မှာ မြေပိုင်ရှင်။

ဆန်စက်လုပ်ငန်း မတည်ထောင်မီက သူပိုင်ဆိုင်သော လယ်ယာများမှ ဝင်ငွေဖြင့် ငွေကြေးစုဆောင်းခဲ့သူ ဖြစ်၏။

ဦးရွှေအောင်က လယ်ပိုင်ရှင် ဖြစ်စေကာမူ၊ သူပိုင် လယ်မြေများကို သီးစားခံလုပ်သည့် လယ်သမားများ အပေါ် မျှတတ ဆက်ဆံခဲ့သည်။

မိုးခေါင်၍ လည်းကောင်း၊ ရေကြီး၍ လည်းကောင်း၊ စပါးထွက်မကောင်းသော နှစ်များတွင် သူကိုယ်တိုင် ကွင်းဆင်း ကြည့်ရှု၍ သီးစားခကို မျှမျှတတ သတ်မှတ်ပေးဆောင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးရွှေအောင်၏ လယ်ကို သီးစားချခံချင်သူများ၍ သူ့အပေါ်ကိုလည်း လေးလေး စားစား ရှိကြသည်။

မြေပိုင်ရှင်ကို လယ်သမားတွေက နှုတ်လေးစား သော်လည်း ရင်ထဲကမူ အမုန်းပွားကြသည်။ ကွယ်ရာမှာ အကြိမ်ဆဲခံရသည်။

ထိုမြေရှင်မျိုးထဲမှာ ဦးရွှေအောင်မပါ။

လယ်ဧက ၇၀၀ ကျော်ပိုင်ဆိုင်သည့် ဦးရွှေအောင်မှာ တစ်နှစ်ဝင်ငွေမှာ တစ်သောင်းကျော်ရှိသည်။

BURMESE CLASSIC

ပျမ်းမျှဝင်ငွေ တစ်လ တစ်ထောင်နီးပါးနှင့် ဘွက်လျှင် ထိုခေတ် ကုန်စျေးနှုန်းအရ၊ စားဝတ်နေရေး စရိတ်မှာ သုံးလို့ဘက်မပို။

ဦးရွှေအောင်က ဝင်ငွေ၏ သုံးချိုးတစ်ချိုးမှုကို စွဲကိုင်၍ နေထိုင်ခဲ့သူဖြစ်၏။

သူ၏ သုံးချိုးတစ်ချိုးမှုမှာ ဝင်ငွေတစ်ချိုးကိုစားသောက်နေထိုင်၍ နှစ်ချိုးကို စုဆောင်းခြင်းဖြစ်၏။



ဝင်ငွေအဆင်ပြေ၍ ဝင်ငွေများလည်းတစ်ချိုးပဲ၊ ဝင်ငွေနည်းလည်း တစ်ချိုးပဲသုံးသည်။

ရှေးလူကြီးများမှာ အစား အသောက် အနေ အထိုင် အဝတ်အဆင် ဇီဇာမကြောင်ကြ။

ဦးရွှေအောင်ဆိုလျှင် အိမ်မှာနေထိုင်သည့်အခါ ရင်ဘတ်ကြယ်သီးတတ်၊ တယောစွတ်ကြယ်နှင့် ပဆလက်ဘီ လုံချည်ကွက်များကိုသာ ဝတ်လေ့ရှိသည်။

ရှိုးကိုင်၊ အလှူ အတန်းကိစ္စ သွားစရာ လာစရာ ရှိရင်တောင် မြေပိုင်ရှင်ကြီး ဆိုသည့် ဟန်ပန်မခဲ့ဘဲ၊ တောင်ရှည်ရှိသာ ဝတ်ဆင်ခဲ့သည်။

ထိုခေတ်က မြေပိုင်ရှင် အများစုမှာ ဟိတ်ဟန်နှင့် နေထိုင်ကြသည်။ ရှိုးတိုက်ထွက် အဝတ်အထည်များနှင့် ဟန်ဆောင်သား လုပ်တတ်ကြသည်။

မြို့အုပ်၊ မြို့ပိုင်၊ အရေးပိုင်စ သူများနှင့် အပေါင်းအသင်းဆန့်အောင် သူတို့ အသိုင်းအဝိုင်းထဲ ဝင်နိုင်အောင် ငွေကုန်ကြေးကျခံ၍ ပေါင်းသင်းကြသည်။

အဲ့သည်လို မြေပိုင်ရှင်မျိုးထဲမှာ ဦးရွှေအောင်မပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝိသာနုရက္ခိတသမား။

အမျိုးဂုဏ်ကို စောင့်ထိန်း၍ တိုင်းတစ်ပါးသား ဆန့်ကျင်သည့် စိတ်ဓာတ်အခံရှိခဲ့သူလည်း ဖြစ်သည်။

အပြောကောင်း၊ မက်လုံးပေး ကောင်းသည့် ချစ်တီး ထန်ကျင်ရေးကို စတင်လှုံ့ဆော် ပြောဆိုခဲ့သူ၊

အစဦးပိုင်းမှာ လယ်သမားများက သဘောမပေါက်၊

ငွေချေးရာတွင် ချစ်တီးတွေလို ချက်ချက်ချောချော မရှိ အတိုးနှုန်းယူရာတွင် ချစ်တီးတွေလိုမလျော့ပေါ့သည့်မြန်မာ မြေရှင်များကို အထင်လွဲ အမြင်လွဲ ရှိကြသည်။

ထို့ကြောင့်လည်း ခြောက်နှစ်၊ ခုနစ်နှစ်အတွင်း ချစ်တီးများ လက်ဝယ်သို့ ရောက်ရှိသွားသည့်လယ်မြေက ၁၃၇၃၇ ဧက ရှိခဲ့သည်ဟု ကြေးတိုင်နှင့် မြေခရင်း၌နမူ ပြုသည့် စာရင်းပေါက်ခဲ့သည်။

၁၃၀၁ ခုနှစ်၊ ဆရာစံ၏ လယ်သမား တော်လှန်ရေး အရေးတော်ပုံကြီး ပေါ်လာခဲ့ရာ လယ်သမားအရေးတော်ပုံကို ထောက်ခံခဲ့သော်လည်း မြေရှင်ဆိုလျှင် သိမ်းကြ



ခုန်းတီးသည့် စိတ်ဓာတ်အခြေခံရှိ သူများလည်း ပါဝင်နေသောကြောင့် မြို့ပေါ်သို့ ပြောင်းရွှေ့ခဲ့ရသည်။

ထို့ကြောင့် မြို့ပေါ်တွင်ပင် အခြေချ၍ ဆန်စက် လုပ်ငန်းကို ထူထောင်ခဲ့သည်။

သူ့တို့ မောင်နှမ သုံးယောက်ထဲမှာ ဖခင်၏ စိတ်ဓာတ် မျိုးရိုးဗီဇပါလာသူမှာ ဦးစံထွန်းပင် ဖြစ်သည်။

ဦးစံထွန်းက ဖခင်ဖြစ်သူ ဦးရွှေအောင်ထက် အနည်းငယ် စောာ်သည်ဟု ဆိုရမည်။

သူက နှစ်ချိုး၊ တစ်ချိုးသမား။

ဝင်ငွေ၏ တစ်ဝက်ကိုသာ သုံးသည်။

စည်းကမ်းစနစ်ကြီးသည်။

လုပ်ငန်းခွင်တွင် တပည့်လက်သားများနှင့် မျက်နှာလွှဲခဲ့ စမထား၊ ကိုယ်တိုင် အနီးကပ် ကြပ်မတ်၍ တချို့ ကိုယ်တိုင် လုပ်မှ ဖြစ်မည့် လုပ်ငန်းကိစ္စများကို ကိုယ်တိုင် ဝင်လုပ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယည်လို စည်းကမ်းစည်း စနစ်ကြီးသည့် ဖခင်ကြီးနှင့် ယည်ခေတ် လူငယ် စရိုက်အထာရှိသူ သားဖြစ် သူတို့မှာ သဟဇာတဖြစ်ဖို့ အစေးကပ်ဖို့ မလွယ်။

မင်းသူက ဖခင်ကြီးအပေါ် ဘဝင်မကျ ဖြစ်နေသည့် အကြောင်းက လက်ခံရှိနေသည်။

ယည်အကြောင်းကိုလည်း မိခင်ဖြစ်သူအား ဖွင့်ပြောထားခဲ့သည်။

BURMESE CLASSIC

မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းကြည် သူမ၏ အချစ်တော် သားဖြစ်သူနှင့် ခင်ပွန်းသည်တို့ အကြားတစ်နေ့ မဟုတ် တစ်နေ့ ပြဿနာဖြစ်လာမည်ကို စိုးရိမ်ပြီးသားဖြစ်သူအား ဦးလေးများထံသို့ ပို့ထားရန် စီစဉ်ရခြင်း ဖြစ်ပေသည်။

တစ်နေ့...

ဦးဘအေးနှင့်ဒေါ်သိန်းနွဲ့တို့ ဦးစံထွန်းအလုပ်နားသည့် ညဘက်အချိန်တွင် ရောက်လာကြသည်။

ဦးဘအေးနှင့်ဦးစံသွန်းတို့မှာ ဒေါ်သိန်းနွဲ့နှင့်ဦးဘအေးတို့ မရခင်ကတည်းက ရင်းနှီး ကျွမ်းဝင်ခဲ့ သူများ ဖြစ်သည်။



လူကြီးပိုင်းသို့ ရောက်လာသည်အထိ တစ်ယောက်နှင့် တစ်ယောက်မှာ ရင်းနှီးကျွမ်းဝင်မှုမပျက် ရှိကြသည်။

ဦးဘအေးက လာရင်းအကြောင်းကို အစခက်နေသဖြင့် အလွှာပသလွှာပ၊ ဟိုအကြောင်း၊ ဟည်အကြောင်းများ ပြောရင်း စကားလမ်းကြောင်း သွယ်နေသည်။

စိတ်မရှည်နိုင်ဖြစ်နေသူ ဒေါ်သိန်းနွဲ့က သူတို့နှစ်ယောက် ပြောနေသည်များမှာ တော်တော်နှင့် လိုရင်းမရောက် ဖြစ်ဘော့မည်မို့ လာရင်းကိစ္စ ပြောဖြစ်အောင် ကြားဝင်လိုက်ရသည်။

'ဒီလိုကွယ် ငါ့မောင်ရဲ့၊ မမတို့လာတဲ့ကိစ္စက...'

ဟု အစချီ၍ မင်းသူ စိတ်ပြေ လက်ပျောက်စေရန်နှင့် အလုပ်လုပ်သည့် အလေ့အကျင့်ရရှိစေရန် မောင်သန်းထူးသို့ ကောလောက် ပို့ထားရင် ကောင်းမလားလို့ လာရောက်တိုင်ပင်ရသည့် အကြောင်း၊ ရတနာကုန်သည် အပြောမျိုးဖြင့် စကားလှအောင် ပြောပြလိုက်သည်။

သို့ စကားမှ ဦးစံထွန်းက စကားပရိယာယ်မသွယ်၊ သူ့ သဘောထားကို တိုရှင်းလိုရင်း၊ တဲ့တိုးပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး မမရဲ့၊ ကိုယ့်အဖေ တစ်ယောက်လုံးရဲ့ လုပ်ငန်းခွင်မှာ လုပ်စရာအလုပ်တွေ တစ်ပုံကြီး၊ ဟိုပို့ ဒီပို့လုပ်ဖို့ လိုသေးလို့လား၊ မမတို့ကြောင့် ဒီကောင့်ဘဝရှေ့ရေးဟာ ရှင်လေးစရာ ဖြစ်သွားမယ်နော်၊ မမတို့ အစီအစဉ်တွေ လမ်းမကျဘူး'

'ဒီလိုလည်း ဘယ်ဟုတ်ပါမလဲ မောင်စံထွန်းရယ်၊ ဟိုကောင်မလေးနဲ့ ကိစ္စကလည်း ရှိသေးတယ် မဟုတ်လား၊ ခုလောလောဆယ် သူလည်း စိတ်ထွေ နေမှာပေါ့၊ သူ့အတွက် မင်းလည်း စိတ်အနှောင့်အယှက် မဖြစ်ရအောင် တို့က စီစဉ်ရတာပ'

ဦးဘအေးကလည်း ဒေါ်သိန်းနွဲ့ သံယောင် လိုက်ပြီး နှစ်ဦးနှစ်ဖက် ပြေလည်အောင် ဝင်ညှိပေးသည်။

ဦးစံထွန်းက သူတို့ပြောသည်ကို နားထောင်ပြီး ပြုံးနေသည်။

သူ၏ အပြုံးမှာ ကြည်သာသည့် အပြုံးတော့ မဟုတ်၊

မထီလေးစား ပြုံးလိုက်သည့် ခနဲ့ခနဲ့အပြုံး။

တစ်နည်းအားဖြင့် မကျေနပ် ကြောင်းကို ပြသသည့် အပြုံးဟုလည်း ဆိုနိုင်သည်။



'ကျွန်တော် ဒီကောင့်ကို ပစ်ပယ်တာတော့ မဟုတ်ဘူးနော်၊ တစ်နေ့ ဟော့ဒီ ကျွန်တော် ထူထောင်ထားတဲ့ လုပ်ငန်းကြီးကို ဆက်ခံလုပ်ကိုင်ရမယ့် သားတစ်ယောက် အဖြစ် ယတော်ထားခဲ့တယ်၊ ခု သူက ကျွန်တော် လိုချင်တဲ့ဆန္ဒကို မဖြည့်ဆည်းနိုင်တဲ့ သဘောကို ပြလာမှတော့ ကျွန်တော်ကလည်း ပြတ်ရတော့မှာပေါ့၊ ဒီလိုမဟုတ်လား'

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွယ်'

ဦးစံထွန်းက အစ်မဖြစ်သူ စကားမဆက်သေးခင် ထပ်ပြောလိုက်သည်။

'ကျွန်တော် တိုတိုပဲပြောမယ် မမ၊ သူ့ အယ်ဒီတာကိုရှေ့ရောက် ဘာပဲလုပ်လုပ် နောက်ဆုံးဖြစ်လာမယ့် ပြဿနာတွေဟာ ကျွန်တော်နဲ့ လုံးဝ မသက်ဆိုင်ဘူး၊ ကျွန်တော့်ငွေနဲ့ အသုံးပြုခြင်းကိုလည်း ကျွန်တော်လက်မခံဘူး၊ အဲဒါ သူ့ကို သဘောပေါက်အောင်ပြောပြီး မမတို့ ဆက်လုပ်စရာရှိတာ ဆက်လုပ်ကြပါ'

ဦးဘအေးကလည်း ဘာမှဝင်မပြောတော့။

ဦးစံထွန်း၏ သဘောထားမှာ လုံးဝ ပြတ်သွားပြီဖြစ်သောကြောင့် နှုတ်ဆက်ပြီး ပြန်ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ဝက်ရက်တွင် ဒေါ်သိန်းနွဲ့က မောင်အငယ်ဆုံးဖြစ်သူ ကိုသန်းထူးအား စာရေးပြီး မှာလိုက်သည်။

မင်းသူကိုတော့ သူတို့အိမ်မှာပဲ ခေါ်ထားလိုက်သည်။

ဒေါ်ခင်ဝင်းကလည်း ခုမှပဲ စားနိုင်အိပ်နိုင်ရှိလာသည်။

မကြာခင် ကိုသန်းထူး ရောက်လာသည်။

ဒေါ်သိန်းနွဲ့က အကျိုးအကြောင်း အပြည့်အစုံပြောပြ၍ မင်းသူကို အပ်ထည့်လိုက်သည်။

ကိုသန်းထူးက အစ်ကိုဖြစ်သူ ဦးစံထွန်းအနေနှင့် သည်အောက်ထိ တင်းမာသည့် သဘောထားမျိုး မထားသင့်ကြောင်း၊ သဘောထားရှိသည့်အလျောက် မင်းသူအား သူ တာဝန်ယူမည့်အကြောင်း အစ်မဖြစ်သူအား ကတိပေးသည်။

ထိုသို့ ပြောလည်မှု ပြီးနောက် အစ်ကိုဖြစ်သူအား သွားရောက်တွေ့ဆုံနှုတ်ဆက်၍ ဝတ္တရားရှိသည့်အလျောက် မင်းသူအား သူခေါ်ထားမည့်အကြောင်း ပြောခဲ့သည်။

ဦးစံထွန်းက ထိုကိစ္စနှင့်ပတ်သက်၍ ဘာမှ အထွေအထူး မပြောဘဲ အင်းမလုပ် အဲမလုပ်ဖြင့် ကိုသန်းထူး၏ စီးပွား



ရေးလုပ်ငန်းကိုင်ဝန်းအကြောင်းကိုသာ စကားလမ်းကြောင်း လွှဲပြောလိုက်သည်။

ဦးသန်းထူးက သူ အခဝေးပြေးကားတစ်စီး ဝယ်လိုက်သည့်အကြောင်းနှင့် လုပ်ငန်းစမ်းသပ်ပြီး စတင်လုပ်ကိုင်နေသည့်အကြောင်း ပြောပြသည်။

'နေပါဦး...ကားလုပ်ငန်းနဲ့မင်းနဲ့ဘယ်လိုမှမသက်ဆိုင်ဘဲ ဘာလို့ ကားဝယ်လိုက်ရတာလဲ'

'ဒီလိုအစ်ကိုကြီးရဲ့၊ ဒီကားက တခြားလူရဲ့ကား မဟုတ်ဘူး၊ ကျွန်တော်တို့ ကိုတင်အုံးကြီးရဲ့ကားပဲ'

ကိုဟင်အုံးဆိုသူမှာ သူတို့မြို့သား၊ ဦးစံထွန်းတို့နှင့် ငယ်ပေါင်းတွေ၊ ကိုတင်အုံးမိဘတွေက သာယာဝတီခရိုင်နှင့် ပေါင်းတည်၊ ဆင်မြီးဆွဲ၊ ဿကုန်း၊ ပုတီးကုန်း စသည့် နယ်မှ ဆန်များကို ရန်ကုန်သို့ သယ်ယူပို့ဆောင်သည့် ကားလုပ်ငန်းကို အစဉ်အလာအရ လုပ်ခဲ့သူများဖြစ်သည်။

မိဘများမရှိသည့်နောက် သားအကြီးဆုံးဖြစ်သူ ကိုတင်အုံးက ထိုလုပ်ငန်းကို ဆက်ခံလုပ်ကိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်အမြင်၊ ခေတ်အတွေးအခေါ်ရှိသူ ကိုတင်အုံးလက်ထက်တွင် အင်္ဂလိပ်(စ်)အော၊အမ်၊ဘီ အဖွဲ့မှ ကြိတ်ခွဲဆန်များအသုံးချဖို့ ပိုဆောင်ရေးလုပ်ငန်းကို ကိုတင်အုံးက ထိန်းသိမ်းရခဲ့သည်။

ကိုတင်အုံးက အနေအထိုင်၊ အသင်း ဆန့်ဝင်သူ ဖြစ်သည့်အလျောက် ပ လိမ်အမဇ်များ၊ အင်္ဂလိပ်(စ်)အောအမ်ဘီမှ တာဝန်ရှိသူ ဗိုလ်မှူးများနှင့် တွဲပြီး အမှန်အကန်ဖော်အကြံအဖန်ကိုစွာတွေ့ပါ တွဲဖက်လုပ်ခဲ့ရာမှ စီးပွားဖြစ်ထွန်းခဲ့သည်။

မိအိမ်လက်ထက်အထက် ပို၍ လုပ်ငန်းအခြေအနေကောင်းမွန်ဖြစ်ထွန်းခဲ့သည်။

ဘိုဖေက စီးပွားရေးဖြစ်ထွန်းလာသလို နိုင်ငံရေးနှင့် အဆုပ်အမြင်လောက နယ်ပယ်တွင် ဝင်ဆန့်လာသည့်အလျောက် အရက်နှင့် လောင်းကစားလည်း တွဲစပ်လာသည်။

ပထမတော့ အပျော်။

နောက်တော့ စီးပွားရေးထောက်ပြီး လက်ကြီးလာသည်။ ခြေလှမ်းကြဲလာသည်။



ခြေလှမ်းကြဲလာသည့်အလျောက် ရန်ကုန်ဝိုင်းကြီးတွေအထိ တက်ခဲ့သည်။

လောင်းကစားဆိုတာက အနိုင်ထက် အရှုံးဘက်သို့ ပို၍ အလေးသာမြဲရှိသည်။

နဲ့သမားပါးလို ပိန်လိုက်ဖောင်းလိုက် နိုင်တစ်လှည့် ရှုံးတစ်ခါဆိုသည်မှာ အပြော။

တကယ်လက်တွေ့က အဖောင်းနည်း၍ အပိန်များသလို၊ အနိုင်ကျဲ၍ အရှုံးများသည်သာရှိသည်။

လောင်းကစားတွင်သည် အထိမဆုံး အထိနာသည်သာရှိသည်။

သည်ကြားထဲ အမှန်အကန် မဟုတ်ဘဲ အကြံအဖန်နှင့်လှည့်ပတ်ပါသမျှ ပြောင်ပြီသာမှတ်။

လောင်းကစားနှင့် အကျိုးပေးသူမှာ အကြံအဖန်သမားသာဖြစ်သည်။

ခြေလှမ်းစိတ်လျှင် အထိနည်းသည်။

ခြေလှမ်းကျဲလျှင် အထိများသည်။

www.burmeseclassic.com



ဘဂသာက်တမ်းတွင် လောင်းကစားနှင့် တွဲစပ်မိသူတိုင်း ဘဝပျက်ကိန်းနှင့် ကြုံရစမြဲရှိကြသည်သာ။

ခြေလှမ်းကျဲလာသည့် ကိုတင်အုန်းမှာ ခေတ်စနစ် အပြောင်းအလဲဖြစ်လာသည့်အလျောက် လိုပ်ဝန်းပိုင်းလည်ပတ်မှုမှာ အဆင်မချောဖြစ်လာသည်။

သို့တစေ... လောင်းကစား အချိန်ကိုမူ ရပ်ထန့်လို့ မရတော့။

ငွေမြောငွေနှင့်လိုက်မှုင်းမှု နစ်သည်ထက်နစ်လာသည်။

စိန်ရွှေပေါင်စရာ မကျန်တော့။ စီးပွားရေးလုပ်ငန်းခွင် ကားသုံးစီးကိုပါ ပေါင်ရသည်။

'အဲဒါပဲအစ်ကိုရေ....ကျွန်တော့်ဆီ ပေါင်ထားတဲ့ကားကို မရွေးနိုင်ဖြစ်ခဲ့တာဆေနေ အောက်ဈေးနဲ့ အတင်းထိုးပေးလို့ ကိုတင်အုံးကို အားနာပြီး ယူလိုက်ရတာပဲ၊ ခုတော့လုပ်ငန်း အစပျိုးတုန်းပဲရှိသေးတယ်၊ တွက်ကိန်း သိပ်မကိုက်သေးဘ မယ့် အရှုံးတော့မရှိသေးဘူး'

ကိုသိန်းထူးက သူ့ကားလုပ်ငန်းနှင့် ပတ်သက်လာသည့် အကြောင်းကို ဤသို့ပြောပြခဲ့သည်။

သူ့အပြန်မှာ မင်းသူကို သူနှင့်တစ်ပါတည်းခေါ်ဆောင် ခဲ့သည်။



သူက တူဖြစ်သူကို ဆန်စက်လုပ်ငန်းခွင်မှာ သင့်တော် သလို လုပ်ကိုင်စေ၍ ကျွမ်းကျင်တက်စေပြီး၊ ပြင်ပမှ ဆယ်တန်း အောင်ပွဲဖြေကိုခိုင်းမည့် ရည်ရွယ်ချက် ထားရှိခဲ့သည်။

ကားလုပ်ငန်းနှင့်ဆက်နွယ်ပတ်သက်စေမည့်ရည်ရွယ်ချက် ထားရှိခဲ့။

သို့တစေ... ရည်ရွယ်သည့်အ တစ်မျိုး၊ ဖြစ်လာသည့်အ တစ်ဖုံ ဆိုသလို ဖြစ်ခဲ့သည်မှ....။

www.burmeseclassic.com

www.burmeseclassic.com

( ခြောက် )

မိခင်နှင့်ကြီးတော်တို့မှာ မျက်ရည်လည်ရွဲ ကျန်ရစ်
လည်း။

သူ့မှာလည်း မျက်ရည်ရစ်သိုင်းလျက်။

မိခင်ကြီးက သူ၏လက်နှစ်ဖက်ကို တင်းတင်းကျစ်
ဆုပ်ကိုင်ပြီး ဆို့နစ်သောအသံဖြင့် ပြောလိုက်သည့်အ
ခွဲခွာခြင်းမှ မျက်ကွယ်ပြုခဲ့ရသည့်ထိုင် ပွဲတင်ထပ်လျက်
သည်။

'သားရယ်....လိမ္မာစေပါ၊ မေမေ့အသက်ရှည်ရှည်
ဟာ သားအပေါ်မှာ တည်ပါတယ်'



ကြီးတော်ဖြစ်သူကလည်း သူ့အတွက် ဝယ်ထားသည့်
အဝတ်အထည်များနှင့် ငွေငါးရာအပြင် ကိုသန့်ထွေးဇနီးကို
ပေးဖို့စာတစ်စောင်ပါ ပေးလိုက်သည်။

'အစစအရာရာ အဆင်ပြေပါစေလို့ ကြီးကြီးဆုတောင်း'

ကြီးကြီး၏အသံ တိမ်ဝင်သွားသည်။

သူ၏ရင်တစ်ခုလုံး ပူလောင်ပြီး ဆို့နစ်နေသည်။

ဖော်ပြခြင်းငှာ မစွမ်းသာသော ခံစားမှုဝေဒနာကို ထပ်ထပ်
ဝင်ဝင်ကြီး ခံစားလိုက်ရပါပြီ။

ဇာတိနှင့်မရဏမှာ မဝေးသောခရီးပါ၊

ရှည်လျား ဝေးပြား မနေမနား သွားရဦးမည့် ဘဝ
သံသရာခရီး ဘယ်သို့ရှိလိမ့်မည်ကိုမူ....

www.burmeseclassic.com

www.burmeseclassic.com



မိစုံဖစုံရှိပါလျက် မိဘများနှင့် ခွဲခွာခဲ့ရသော်လည်း ဒေါ်ငြိမ်းအေး၏နွေးထွေးစွာကြိုဆိုမှုကြောင့်စိတ်သက်သာမှုနှင့် ဆုံညည်းလိုက်ရသည်။

ဦးလေးဖြစ်သူ၏ဇနီး ဒေါ်ငြိမ်းအေးမှာ နာမည်နှင့်လိုက်အောင် ငြိမ်းငြိမ်းအေးအေး နေတတ်သူဖြစ်၏။

ဒေါ်ငြိမ်းအေးမှာ မနေ့တည်ကြည်သလို သဘောထားလည်း ကြည်လင်သည်။

သူတို့မှာ သားသမီးနှစ်ယောက်ရှိသည်။

ယောက်ျားလေးက သူ့ထက် ခြောက်နှစ်ငယ်သည်။

အငယ်မိန်းကလေးက ရှစ်နှစ်ငယ်သည်။

အိမ်မှုကိစ္စအထွေထွေကို ဒေါ်ငြိမ်းအေး၏ ညီမဝမ်းကွဲ ဒေါ်မာလေးက ဦးစီးလုပ်ကိုင်သည်။

ဒေါ်ငြိမ်းအေးကလည်း အခန့်သားမနေ။

သူကိုယ်တိုင် မီးဖိုချောင်ကို ဝင်သူဖြစ်သည်။

ဦးသန်းထွေးက သူ့အကြောင်းကို အပြည့်အစုံမပြောပြတော့ဘဲ ပြောသင့်သည်များလောက်သာ ပြောပြခဲ့သည်။



ဒေါ်ငြိမ်းအေးက သဘောသားပြည့်ဝသူပီပီ၊ စပ်စပ်စုစု အမေးအမြန်းမလုပ်ဘဲ ကလေးတွေအတွက် အဖော်ထောင်ရသေးတာပဲဟု သဘောမူ၍ ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့သည်။

ရောက်ပြီး သုံးရက်၊ အေးအေးဆေးဆေးပင်နေစေခဲ့ပြီး နောက်၊ သူ့အား ဦးသာခင်ထံအပ်နှံ၍ ဆန်စက်လုပ်ငန်းခွင်ကို လေ့လာစေခဲ့သည်။

ဦးသာခင်သည် ဆန်စက်တွင် အထွေထွေကြီးကြပ်လုပ်ကိုင်ရသည့် ဦးသန်းထွေး၏လက်ရုံးလုပ်သားကြီး ဖြစ်၏။

ဦးသန်းထွေး၏ စက်မှာ စက်ကြီး မဟုတ်သောကြောင့် မန်နေဂျာဟူ၍ သီးသန့်မထား။

စာရင်းအင်း ကိစ္စနှင့် စက်ပိုင်မှန် လည်ပတ်ရေး ကိစ္စကို ဦးသန်းထွေးက တာဝန်ယူလုပ်ကိုင်သည်။

လုပ်ငန်းခွင်ကြီးကြပ်မှုအပိုင်းကို ဦးသာခင်က တာဝန်ယူ လုပ်ကိုင်သည်။

ဦးသာခင်မှာ ထစ်ကုံးယ်ရေ တစ်ကာယ သမား။

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံဝင်းထဲမှာပင် သီးသန့် တဲငယ်လေးဆောက်ပြီး နေထိုင်သည်။

သူ၏ စားရေးသောက်ရေးကို ဦးသန်းထူးအိမ်က မိသားစုသဖွယ် အိမ်သားများနှင့်အတူ စားသောက်စေသည်။

ဦးသာခင်အတွက် လိုအပ်သော အသုံးစရိတ်များကိုလည်း အမြဲတစေမေးမြန်း၍ ပေးခဲ့သည်။

ဦးသာခင်ကလည်း လခစားလုပ်သားသဘော သတ်မှတ် လစာဟူ၍ မတောင်းခဲ့။

မိသားစုသဖွယ် လုပ်ကိုင် နေထိုင်ခဲ့သည်။

ဦးသာခင်မှာ အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သော်လည်း ကိုယ်လုံးကိုယ်ထည် ထောင်ထောင်တည်တည်နှင့် ကျန်းမာရေးကောင်းနေဆဲ။

သူ၏မျက်နှာပေါ်တွင် နှစ်လိုဖွယ်ရာအပြုံးရိပ်မှာ အစဉ်ထာဝရ တင်ဟပ်လျက်ရှိနေသည်။

အလုပ်သမားများကို အုပ်ချုပ်ရာတွင် နိုင်နိုင်နင်းနင်း ရှိသလို လုပ်ငန်းခွင်တွင် အလေအလွင့် အပျက်အစီး မရှိအောင် ကြပ်မတ် ထိန်းကွပ်နိုင်သည်။



ဦးသန်းထူးကိုယ်တိုင်က ဦးသာခင်ကို အလုပ်သမား တစ်ယောက်လို မဆက်ဆံ။

ဆွေရင်းမျိုးချာ ဦးလေး တစ်ယောက်လို ဆက်ဆံခဲ့သည်။

ဦးသာခင်က သူ့အား လုပ်ငန်းခွင် သဘောသဘာဝကို ပြသပြောဆိုရာတွင် ဝတ်ကျေတန်းကျေသဘော မဟုတ်ဘဲ စေ့စေ့ပိုင်ပိုင် နားလည်အောင် ပြောဆိုပြသခဲ့သည်။

တစ်ဆပင် မကြာသေး။ ဦးသာခင်နှင့် မင်းသူတို့မှာ အပြောအဆို အဆက်အဆံ ချောမွေ့၍ သူကလည်း တရိုတသေ တလေးတစား ဆက်ဆံခဲ့သည်။

သူက ဦးသာခင်ကို အဘလို့ခေါ်သည်။

ဦးသာခင်က သူ့ကို နာမည်မခေါ်။ ပေါ်တူကြီးဟု ခေါ်သည်။

မင်းသူမှာ ကြို့ပင်ကောက် ဆွေမျိုးအတည်းက စက်ဝင်း ပြင်ပသို့ သွားသွားလာလာမလုပ်။

အပေါင်းအသင်းလည်း မထား။

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ် အေးအေးသက်သာနေထိုင်ခဲ့သည်။

ဦးသာခင် မြို့ထဲသွားသည့်အခါတွင်သာ ဦးသာခင်နှင့် မြို့ထဲလိုက်သွားပြီး သူ့အတွက် လိုအပ်သည်များကို ဝယ်ခြမ်းသည်။

ဦးလေးက မြို့ထဲသွားချင်ရင် သူ့ကို စက်ဘီးယူသွားဖို့ ပြောထားပေမယ့် သူက အသွားအလာမရှိဘဲ စံဝင်းထဲမှာသာ နေခဲ့သည်။

ထိုသို့နေခဲ့ရာမှ တစ်လကျော် နှစ်လတင်း အရောက်တွင် အလုပ်အားချိန်များ၌ ဦးလေးတို့အိမ်မှာထက် ဦးသာခင် အိမ်မှာ အနေများခဲ့သည်။

ဦးသာခင်က မစပ်စုတတ်၊ သူ့အကြောင်း ဘာဘာ ညာညာလည်း အမေးအမြန်းမရှိခဲ့။

သူ့ကိုတော့ အတော်လေး ခင်မင်ရင်းနှီးပုံပြခဲ့သည်။

ထိုရင်းနှီးမှုကို အခြေခံပြီး သူကသာ သူ့အကြောင်းကို ပြောပြခဲ့ရသည်။



သူက ဦးသာခင်ကို သူ ကြို့ပင်ကောက် ရောက်လာရ သည့်အကြောင်းကို အတော်ကြီး ပြည့်ပြည့်စုံစုံ ပြောပြခဲ့ သည်။

ဖခင်ကြီးနှင့်ပတ်သက်၍ သူ့အမြင် မကြည်မလင် ဖြစ်ရပုံ များကိုပါ ဖွင့်ဟပြောခဲ့သည်။

ဦးသာခင်က ခေါင်းတညိတ်ညိတ် နားထောင်ပြီး လူ့ ဘဝတွင် ဖြစ်လေ့ဖြစ်ထရှိသည့် သဘောထားများကို သာ ဓကဆောင်စရာ အကြောင်းများကို ပမာပြု၍ ပြောပြခဲ့ သည်။

'ငါ့တူကြီးက အသက်ကလည်းငယ်၊ ဘဝအတွေ့အကြုံ ကလည်း နည်းတော့ ကိုယ့်အဖြစ်ကို ယူကျုံးမရ နာကြည်း ခံစားမှုတွေဖြစ်တာ မဆန်းပါဘူး၊ ကြီးမား ဆန်းပြားတဲ့ အဖြစ်အပျက်လည်း မဟုတ်ပါဘူး၊ ဘဝခရီးကြောင်းမှာ သင်ခန်းစာယူစရာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ်ကြောင်းလေး တစ်ခုပဲလို့သာ သဘောထားလိုက်၊ ရှေ့ မင်းဘဝခရီးရဲ့အတွေ့ အကြုံတွေထဲမှာ အကောင်း အဆိုး ဒွန်တွဲပြီး ထပ်တွေ့စရာ တွေ အများကြီးရှိသေးတယ်'

'ဒါပေမယ့် အဘရာ... အဖေကသာ ဦးလေးတို့လို သဘောထားမျိုးထားခဲ့ရင် ကျွန်တော့်အခြေအနေဟာ ဒီလို စိတ်ထိခိုက်တာမျိုး ခံစားရမှာမဟုတ်ပါဘူး၊ ခုတော့...'

www.burmeseclassic.com

www.burmeseclassic.com



မင်းသူက ပြောလက်စ စကားကို ဆက်မပြောသေးဘဲ စက်ဝင်းထဲရှိ ခညာင်ပင်ကြီးကို ငေးကြည့်နေသည်။

'ဗိမ္မာ ငါ့တူကြီး၊ မိဘဟာ မိဘပဲ၊ မိဘဟာ ထားသမီး အပေါ်မှာ ဘယ်တော့မှ မကောင်းမထင်၊ မကောင်းမမြင် တတ်ကြဘူး၊ ဘယ်တော့မှလည်း သားသမီးအပေါ်မှာ မုန်းစိတ်ပွားရိုး ထုံးစံမရှိဘူး၊ စိတ်မတွေ့တဲ့အခါ၊ စိတ် အလိုမကျဖြစ်တဲ့အခါမျိုးမှာသာ တင်းမာတဲ့ သဘောထားနဲ့ ဆက်ဆံတတ်ကြတယ်၊ နောက်ဆုံး ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိဘအပေါ် ပြုမူတဲ့စိတ်မျိုး ဘယ် တော့မှ မမွေးနဲ့၊ အထင်အမြင် မကြည်လင်တာမျိုး မဖြစ် စေနဲ့၊ အဲဒီလိုဖြစ်ခဲ့ရင် ကိုယ့်မှာ ကံထိုက်တယ်၊ မင်းအဖေ ဟာ ငယ်ငယ်ကတည်း ... လူ့ခွစာလို့ အပြောအဆိုခံခဲ့ရတဲ့ လူတစ်ယောက်ပဲ'

ထိုသို့ပြောလာသဖြင့် မင်းသူမှာ တအံ့တသြဖြစ်သွားရ သည်။

'အဘက, အဖေ့ အကြောင်းကို သိခဲ့တာကိုး'

'သိတာပေါ့ကွာ၊ ငါ့တူကြီးရဲ့ အဖေတင်မကဘူး၊ အဘိုး ကိုပါ သိခဲ့တယ်၊ အဘက မင်းအဘိုးလက်ထက်ကတည်းက သူတို့နဲ့ အဆက်အဆံရှိခဲ့တာကိုး၊ အဲဒီတုန်းကတော့ အဘက နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ လူတစ်ယောက်ပဲလေ'



ဦးသာခင်က ပြောလက်စ စကားကို ထိုနေရာတွင် ရပ် ထိုက်ပြီး မြင်ကွင်းရှိရာဘက်သို့ အကြည့်ကို စူးစိုက်ထား လျက်...

ဦးသာခင်၏ စိတ်အစဉ်မှာ အတိတ်ဘဝဖြစ်စဉ်များဆီသို့ ပြန်လည်လွင့်မြောနေဟန်ရှိသည်။

သူကမူ အဘ၏ နှုတ်ဖျားမှ ဆက်လာမည့်စကားများကို ... လင့်ရင်း၊ အချိန်ကို သည်းခံ၍ စောင့်ဆိုင်းနေရသည်။

အတန်ကြာမှ အဘ၏နှုတ်ဖျားက စကားဆက်သံ ထွက် လာသည်။

အဘဦးသာခင်၏ နှုတ်ဖျားမှ ထွက်လာသည့် စကား ဆက်များမှာ သူ မျှော်လင့်နေသည့် စကားဆက်မဟုတ်။

မူလပြောနေသည့် အကြောင်းအရာနှင့် မသက်ဆိုင်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။

'တရားသဘောအရတော့ အတိတ်ကိုလည်းမတွေးခေါ်နဲ့၊ အနာဂတ်ကိုလည်း လှမ်းမမျှော်နဲ့၊ ပစ္စုပ္ပန်တည့်တည့်ကြည့်၊ အဲဒီလိုဆိုကြတယ်လေ၊ ဒါပေမယ့် ဖြစ်ရှိခဲ့ဖူးတဲ့ အတိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မေ့ပွဲဆိုတာလည်း အခက်သားလား၊ ကဲ....ဝါတွေကြီး နောက်နေ့မှ ဆက်ကြရအောင်

သူ၏ဆန္ဒ မပြည့်ဝပေမယ့် ငြိမ်သက်ခြင်းနှင့် ဆုံစည်းလိုသည့် အဘကို ဆက်လက်၍ အနှောင့်အယှက်မပေးသင့်သဖြင့် အဘကို နှုတ်ဆက်ပြီး ပြန်ခဲ့ရသည်။

အဘဦးသာခင်၏ အတိတ်ဖြစ်ရပ်အကြောင်း...

အဘ၏ ဖခင်ဖြစ်သူ ဦးစိန်အုပ်မှာလည်း သူတို့အဘိုးလို ပင် လယ်ဧက ငါးရာကျော် ပိုင်ဆိုင်သည့် မြေပိုင်ရှင်ကြီး တစ်ယောက်ဖြစ်၏။

သားသမီး ငါးယောက် ထွန်းကားခဲ့သည့်အနက် ယောကျ်ားလေးဆို၍ ဦးသာခင်တစ်ယောက်သာ ပါသည်။



အကြီးဆုံး သမီးဦး၊ နောက် ဦးသာခင်မှာ ဒုတိယမြောက် သားယောကျ်ားလေး။

ဦးစိန်အုပ်က မင်းသူတို့အဘိုး ဦးရွှေအောင်လိုမဟုတ်။

လယ်ထောက်ခများကို အလျှော့အပေါ့မရှိ၊ ပြည့်ပြည့်တင်းတင်း ယူသည်။

မိုးခေါင်တာ၊ ရေကြီးတာ၊ လယ်ပျက်တာ သူနှင့်မဆိုင်။

သီးထောက်ခ အပြည့်အဝ ရရှိရေးကိုသာ သူနှင့်ဆိုင်သည်ဟု သဘောထားသူ။

ဦးစိန်အုပ်၏ညီ ဦးစိန်တုတ်က သူကြီး။

အဲသည်အရှိန်အဝါနှင့် သူလုပ်ထားမျှသီးစားခ လယ်သမားတွေ ခံကြရသည်။

ဦးစိန်အုပ်က အနေအထိုင်လည်း ထည်ဝါသည်။

အိမ်မှာ ဓာတ်စက်နှင့်။

ထိုခေတ်က အိမ်မှာ ဓာတ်စက်ဝယ်နိုင်သူက လက်ချိုးပြီး ရေတွက်လို့ရအောင် နည်းသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော သားဖြစ်သူ သာခင်ကိုလည်း အလွန်အကျွံ အလိုလိုက်သည်။

သာခင်မှာ ငယ်စဉ်ကတည်းက မကျန်းမာသည်။

ဦးစိန်အုပ်က သားကျောင်းမသွားဘူးဆိုလည်း နေပစေ ကမား။

သူတို့မှာ လယ်ကေ ဝါးရာကျော် ပိုင်သည်။

ငွေတိုးချေးသည်။

တိုက်ခံနှစ်ထပ်အိမ်နှင့် နေနိုင်သည်။

စာမထတ်ကော အကြောင်းသွား။

သားဖြစ်သူ ဘဝတာအတွက် တစ်သက်စာ ဖူလုံသည်ဟု ထင်ထားမှုပြီး သားကို အလိုလိုက်ခဲ့သည်။

ဆရာစံခေါင်းဆောင်သည့် လယ်သမား အရေးတော်ပုံကာလ—

လယ်သမားတွေ အောင့်နှလုံးနာသည့် မြေရှင်ကြီးတွေထဲမှာ ဦးစိန်အုပ် ထိပ်ကပါသည်။



မြို့ပေါ်ကို အစောဆုံး တက်ပြေးခဲ့ရသည်။

ဦးရွှေအောင်တို့လို အေးအေးဆေးဆေး ပြောင်းရွှေ့ခဲ့ရသူမဟုတ်။

တက်သုတ်ရိုက်ပြီး အသောကမြော ထွက်ခဲ့ရသည်။

ငွေကြေး ကြွယ်ဝမှု၊ ညီဖြစ်သူ သူကြီးအရှိန်အဝါနှင့် ခါနထောင်လွှားခဲ့သူ ဦးစိန်အုပ်မှာ ကိုယ့်အကြောင်း ကိုယ်သိသမို့ လည်ကုတ်ပေါ် ခါးချက်မစဲခင် မြို့ပေါ်သို့ တက်ခဲ့ရသည်။

မွေးရပ်မြေသို့ ပြန်၍ အခြေမချတော့။ မြို့ပေါ်မှာပင် အခြေချနေထိုင်ခဲ့သည်။

သားဖြစ်သူမှာ တောနှင့်မြို့အနေအထိုင်ကွာခြားမှုကြောင့် မြို့ပေါ်မှာပင် နေချင်သည်ဟု အဘင်းအကျပ် ပူဆာသည်က တစ်ကြောင်း၊ မြို့အလယ်ကြောမှာ မြေဝယ် အိမ်ဆောက်ပြီး အခြေချနေထိုင်ခဲ့သည်။

သာခင် အရွယ်ရောက်စပြုလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တိပတ်တိ ကျောင်းမနေ၊ လေးတန်းပင်မအောင်ဘဲ ကျောင်းသားဘဝကို ကျောခိုင်းလိုက်သည်။

မိဘကလည်း ခေါင့်ခေါင့်ထည်ထည်ရှိ၊ မိဘ၏ အလို လိုက်ခြင်းကိုခံရသူ ဖြစ်သည့်အတိုင်း ဆောင်းပေ့ ညွန့်ပေ့ ဝတ်စားဆင်ယင်ပြီး ဘော်ကြော့နေထိုင်ခဲ့သည်။

အိတ်ထဲတွင် ငါးကျပ်မျိုး၊ တစ်ဆယ်မျိုး ငွေကြေး ဘယ့်တော့မှမပြတ်။

ငွေတစ်ကျပ်ကို အဘော်သုံးယူရသည့် ခေတ်ကာလ၊

ရွှေဘောင်ပိုးလုံချည်ကို ခါးတမချ။

သူသွားရင် နောက်တော်ပါ သုံးလေးယောက် အမြဲပါ သည်။

အဲသည်တော့လည်း မြောက်ကြွ မြောက်ကြွ ဖြစ်နေသည် ပေါ့။

ဖခင်ဖြစ်သူက တစ်လွဲဆံပင်ကောင်းသူ။

သားဖြစ်သူ အဲသည်လို နေထိုင်သည်ကို မနောကြည်မွေ့ သဘောတွေနေသူ။



လိုက်လည်း လိုက်ဖက်ပါပေ့ဟု ဆိုရမည့် သားအဖ၊

လူပျိုပေါက် မျက်လုံးဝေ့ထားစားသည့် အရွယ်၊

တင်မာရီကို မျက်စိသွားတွေ့သည်။

တင်မာရီ့အဖေက မြို့အုပ် ရုံးစာရေး။

မြို့ငယ်တစ်မြို့တွင် မြို့အုပ်ရုံးစာရေးကြီးအဆင့်မှာအထိုက် လျောက် အရေးပါသည်။

တင်မာရီ့အစ်ကို အေးမင်းက ဆယ်တန်း။

တင်မာရီက ရှစ်တန်း။

သူက လေးတန်းမအောင်သေးသူ လပ်ယား၊ လပ်ယား သား။

သူက တင်မာရီကို မျက်စိကျသည်။

သူ့နောက်ပါတွေက မြှောက်ထိုးပင့်ဖော်လိုပ်ပေးသည်။

တင်မာရီကို စာလိုက်ပေးသည်။

တင်မာရီက လက်မခံ။

www.burmeseclassic.com



ဇာတ်ဇာတ်ကြဲ မဟုတ်သည့် အေးသက်သူ တင်မာရီက နှင်းပဲ ဆေမဲပြောတဲ့ သည့်လိုမလုပ်ဖို့ အေးအေးသက်သာပင် ပြောခဲ့သည်။

တင်မာရီနှင့် ကျောင်းသွားဖော် သုံးယောက်ထဲက မစော ခင်မူှာ ဇာတ်ဇာတ်ကြဲသမား။

နှင်းပဲ ဆေးစကားများပြောပြီး သခင့်လက်ထဲက စာကို ဆွဲယူ၍ ဆုတ်ဖြဲလိုက်သည်။

သခင်က ရှက်သည်းရှက်၊ ဒေါသည်းပွပြီး မစောခင်ကို ရှိုးရှိုင်းပျပျ နှုတ်ခွဲလန့်ထွားပြီး လက်ဖြင့်ရှယ်လိုက်သည့် အခြေအနေအထိ ဖြစ်သွားသည်။

အတူပါလာသူ ခေါင်ယော်က အဆွဲဖြန်လိုက်လို့ မဖြစ်သင့်သော ပြဿနာနှင့် သီသီလေး လွဲသွားသည်။

ပတ်ဝန်းကျင်တွင် သွားလာနေသူတချို့လည်း ဖျော့သွားသည်။

မြို့ဈေးဝယ်ငယ်မှို့ လတင်းအပျို့ဖြန်သည်။



ထိုသို့ မနက်ပိုင်း ဖြစ်ပွားပြီးနောက် ညနေဘက်တွင် တာလုံးကန်မှပြန်လာသည့် တင်မာရီ့အစ်ကို အေးမင်းနှင့် မျက်နှာချင်းဆိုင် သွားတွေ့သည်။

အေးမင်းတို့ကနှစ်ယောက်၊ သူတို့က လေးယောက်။

အေးမင်းက သူ့နှမဖြစ်သူကို မနက်ကလို နောက်ထပ် အနှောင့်အယှက်မပေးဖို့ ဂေါင်းပန်းသည့်သဘော မဟုတ်စေဘဲမှု ဂေါင်းပန်းသည့် လေသံနှင့် အေးအေးသက်သာ ပြောခဲ့သည်။

သူက အမောက်မထောင်ပြသည့် စကားလုံးအသုံးအနှုန်းများဖြင့် တုံ့ပြန်ခဲ့သည်။

ကိုယ့်ဘက်က ခံသာအောင် ပြောပါလျက် သူ့ဘက်က ခံသာသော စကားလုံးများ သုံးလာတော့ လူငယ်ချင်းပဲ သည်ဘက်ကလည်း ဘယ်နေ့လိမ့်မလဲ။

'လူဆိုတာ တူရာတန်ရာကိုလုပ်ရတယ်ကွ၊ မတူရာ မတန်ရာကို မလုပ်ရဘူး၊ မင်းကိုယ်မင်းလည်း ပြန်ကြည့်ဦး၊ ဘာကောင်လဲလို့၊ စကားပုံရှိတယ်ကွ၊ အမဲရှိုးက ဟင်းအိုးမှာ အားမနာဆိုတာ၊ မင်းလိုကောင်မျိုးနဲ့ သက်ဆိုင်တဲ့စကားပုံပဲ၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မင်း အနေခွင့်အယူက်ပေးရင် ငါနဲ့တွေ့မယ် ဒါပဲ'

'ငါကလည်း မင်းနှမနဲ့ တူရုံတန်ရုံမဟုတ်ဘူး၊ ဟိုတယ်တောင် လွန်နေသေးတယ်၊ မင်းတို့ရဲ့ ဇာဆင့်အတန်းထိုတာ ငါ့ဖိနပ်အောက်ကဘ ဖုန်မှုန့်လောက်ပဲ ရှိတယ်၊ စိမ့်လိုက်နောက်တစ်ခါဆိုရင် မင်းနှမပါးပေါ်မှာ ငါ့နာခေါင်းရာပါ ပေးလိုက်မယ်'

'ဟော့ ကောင်.... မင်းအားပြောက တော်တော်လွန်နေပြီနော်'

'လွန်တော့—'

'လွန်တော့...ဒါပဲပေါ့ကွာ'

အေးမင်း၏ လက်သီးချက်မှာ သစခင်၏မေးရိုးပေါ်သို့ တည့်တည့်ကြီး ကျရောက်သွားသည်။

ခွပ်ခနဲ အသံနှင့်အတူ သခင်မှာ နောက်သို့ လန်ထွက်သွားသည်။

လေးယောက်နှင့်နှစ်ယောက်ဗိုက်ပွဲမှာ အမြင့်ဆုံးအရှိန်သို့ ရောက်တော့မည်အဲခဲ၊ ပတ်ဝန်းကျင်မှထွဲသူနှင့် ဖျန်ဖြေ



များကြောင့် လက်လွန်ခြေလွန်ဖြစ်တော့မည့် အခြေအနေကို အချိန်မီ ဟန့်တားနိုင်လိုက်သည်။

သူတို့နှစ်ယောက်၏ ရန်ပွဲသတင်းမှာ နှစ်ဖက်မိဘများထံသို့ ပေါက်ကြားသွားသည်။

အေးမင်း၏ဖခင် ဦးသန်းဇော က သားဖြစ်သူအား ပြစ်တင်စကားပြော၍ ရန်ရန်ချင်းမတိုနှင့်ရန် ဆုံးမစကား ပြောကြားခဲ့သည်။

ဦးစိန်အုပ်ကတော့ ထိုသို့မဟုတ်၊ သူများထိုးတာကို ခံလာခဲ့ပါလား၊ လို့ သားဖြစ်သူအား ခကျေမနပ် ပြစ်တင်စကား ပြောခဲ့သည်။

လယ်ပိုင်ရှင်သူဌေးသားက အမှဟုတ်တဲ့ စာရေးစော်ကားတာကို ခံလိုက်ရတာဟာ မင်းညံ့လို့ပဲ၊ ဒီစာရေးသားကို သူဌေးသားက မှတ်လောက်သားလောက်ရှိသွားအောင် လက်တုံ့ပြန်ရမယ်၊ ငါပြောချင်တာ မြေဝရှိမြဲ မြဲဒါပဲ

ဦးစိန်အုပ်က သားဖြစ်သူကို ဆုံးမစကားမခံ ဆိုးပင့်ကော် စကားဖြင့် သားဖြစ်သူ စိတ်ရိုင်းပန်းလျှင် မြှန်ပင့်လုပ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ငုံ့ခံခဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရန်ပွဲ ပတ်ဝန်းကျင်ကို ရောက်လာတဲ့ သူတို့ မြို့သားတွေက ဖျန်ဖြေသလိုလိုနဲ့ ကျွန်တော့်ကို လက်တုံ့ မပြန်နိုင်အောင် ကူညီကြလို့ ကျွန်တော်တို့ တစ်ဖက်သတ်ခံလိုက်ရတာ'

'ဪ.... ဒီလိုလား၊ တို့က မြို့ခံ မဟုတ်ဘူးဆိုပြီး စော်ကားလိုက်တဲ့သဘောပေါ့၊ ကြို့ပင်ရွာက သူဌေးစိန်အုပ်သား ဘယ်လိုဆိုတာကို ပြရမယ်၊ အဲဒါ မင်းအအုပ်၊ နောက်က ငွေထုပ်နဲ့လိုက်ဖို့က ငါ့အလုပ်'

မကောင်း မြင်တာ၊ ကောင်းရာ ညွှန်ပြ ရမည့် အစား စိတ်ဘာသာ မကောင်းဘက်သို့တိမ်းအောင် ဆွမ်းကြွေခင်း သည်။

ငေ
တည့်ဝ ဝန်းတောကမူ ဦးစိန်အုပ်လို သဘောထားမျိုးမထား

ခိုင် သားဖြစ်သူက ကိုယ်ထိလက်ရောက် လုပ်ခဲ့မိသည်ကို သစွာဖြင့် ဦးစိန်အုပ် အိမ်သို့ သွားပြီး ကိုယ်တိုင်
သူစာသ တောင်းပန်စကား ပြော၍ ကြွေရာ ကျေးကြောင်း

လေး၊
ရှောက်တော့ သက်ဆိုင်ရာ ကျူပွန်မှုကို လုပ်ခဲ့သည်။



ဦးစိန်အုပ်ကမူ မကောင်းတတ်၍ လက်ခံစကားပြောရသည့်ပုံဟန်ဖြင့် လက်ခံစကား ပြောပြီး၊ နှုတ်ခမ်းအပြုံးဆောင်လိုက်သော်လည်း ရင်ထဲမှာရှိသည့် အကောက်ကိုမူ တကယ်အမှန်မဖြောင့်ခဲ့။

'ငါတို့မျိုးရိုးဟာ မွေးကတည်းက သူများအစော်ကားကို မခံခဲ့ဖူးဘူး၊ မင်းကျမှ ခံရင်လည်းခံပေါ့ကွာ'

သို့နှယ်... မုန်ငြိုးနန်စကို မထိန်းသိမ်း၊ မုန်းစကို မတိုစေဘဲ ရှည်စေသောစကားမျိုး ပြောခဲ့သည်။

တချို့တချို့သောမိဘများမှာ ဦးစိန်အုပ်တို့လိုသဘောသားမျိုးရှိသည်

အများစုကတော့ မဟုတ်ပါ။

သားသမီးတွေကြောင့် ခဏသာ ဒေါသဖြစ်ကြစမြဲရှိကြစေကာမူ၊ လက်တုံ့ပြန်ဖို့နှင့် ရန်စကိုရှည်စေမည်မျိုး မြှောက်ပင့်ပေးကြသူ မရှိကြပါ။

တစ်ဖက်မိဘများကိုယ်တိုင် လာရောက် တောင်းပန်လျှင် ခိတ်ပြေမြဲရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သာခင်ကို ကပ်မြှောင်ပြီး ပေါင်းနေသူတွေအလည်း အရည်အချင်း ပြည့်ဝကြသူတွေ မဟုတ်သမို့၊ အနှောင့်အယှက်မလွတ်သည့် အမြောက်အပင့် စကားများဖြင့် သွေးထိုးပေးကြသည်။

ဘဏယ်ဖြစ်လာလျှင် သူတို့က ရှောင်ထွက် သွားမည့်လူတွေ။

အဲသည်အချိန်ကားပြီး သာခင်ဘယ်သွားသွား၊ခါးကြားမှာ အဓဆာင်ဓားမြှောင် တစ်လက်ပါသည်။

ပြန်လည် ဆုံမိကြသည်မှာ ပွဲဈေးတန်းမှာ။ ဆုံမိသည့်အချိန်မှာ ညရှစ်နာရီခန့်။

သာခင်အ ဓားကို လက်နှင့်စမ်းလိုက်သည်။

အလင်းနှင့်အမှောင်။

ပွဲဈေးတန်းမှာ လွှမ်းသင်နေသည့် အလင်းရောင်။

သူ လုပ်ရန် ရည်ရွယ်လာသည့် အလုပ်က အမှောင်နှင့်တွဲစပ်ရမည့်အလုပ်။

အေးမင်းပြန်မည့်လမ်း၏ အမှောင်ရိပ်မှာ ခိုနေလိုက်၏။



ကိုးနာရီသာ သာခန့်။

အေးမင်းတို့သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြသည်။

သူစောင့်နေသည့်နေရာမှ အေးမင်း ခြေလှမ်းငါးလှမ်းအလွန်။

ဓားခနဲ ဆော်လိုက်သံနှင့်အတူ အေးမင်းမှာ မှောက်လျက်သား လဲကျသွားသည်။

သူတို့သုံးယောက်သားမှာ ပြိုင်ပွဲဝင် အပြေးသမားများသို့နှယ် နောက်ကြောင်း လှည့်၍ ခြေကုန်သုတ် ပြေးခဲ့ကြသည်။

အိမ်ပြန်ရောက်တော့ အမေ့ဒေါတကော....

'အဘ... ကျွန်ုပ်တော်တော့ လုပ်ခဲ့ပြီ'
'ဘာနဲ့လဲ'
'ဓါးနဲ့'
'ဓါးရော'
'လွှင့်ပစ်ခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အိပ်ရာထဲ သွားအိပ်ချေ၊ ဘယ်သူ လာမေးမေး ညခုနစ်နာရီကတည်းက အိမ်မှာရှိတယ်လို့ပြော'

ဦးစိန်အုပ်က အိမ်သားများကိုလည်း ထိုသို့ပင် ပြောကြားသည်။

ပုလိပ် (အင်္ဂလိပ်ခေတ် အခေါ်အဝေါ်) စာသင် တစ်ယောက်နှင့် ပုလိပ်သားတစ်ယောက် အိမ်ရောက်လာသည့် အချိန်မှာ ညဉ့်ခေါင်ယံ ၁ တိုင်မီး။

တံခါးခေါက်သံကြား၍ ဦးစိန်အုပ်က တံခါးဖွင့်ပေးသည်။

ဦးစိန်အုပ်က ပုလိပ်များကို ပျူငှာစွာ ဖိတ်ခေါ်၍ မီးခြစ်နှင့် ထွန်းညှိရသည့် မှန်အိမ်ကို ထွန်းလိုက်သည်။

ပုလိပ်သားများ ထိုင်ဖို့ရှိသေးသည်။ သူတို့က ဘာမှ မမေးရသေး။

ဦးစိန်အုပ်က သူ့သား ညခုနစ်နာရီကတည်းက အိမ်မှာရှိနေသည့် အကြောင်းကို စကားဦးသန်း၍ ပြောလိုက်သည်။



စာသင်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ဦးစိန်အုပ်ကို ပြုံးကြည့်နေသည်။

ပြီးတော့မှ...

'ကျုပ်တို့က ဘာမှတောင်မမေးရသေးဘူး၊ ဦးစိန်အုပ်က ကြိုတင်အဖြေပေးလိုက်ပြီဆိုတော့လည်း အချိန်မကုန်ဘဲ ကိစ္စပြီးသွားတာပေါ့ဗျာ၊ ကဲ... သားခင်ဗျားကိုနှိုးလိုက်ပါ၊ ကျုပ်တို့ ဂါတ်ကိုခေါ်သွားရမယ်'

ဦးစိန်အုပ်က 'ကျွန်တော့်သား ဘာဖြစ်လို့လဲဗျာ' ဟု မေးလိုက်သည်။

'ဂါတ်တဲရောက်တော့ သိရမှာပေါ့'

စာသင်ကြီး၏အဖြေမှာ တိုတိုတုတ်တုတ်။

ထိုစဉ်တိုင် ဦးစိန်အုပ်က သူ့အမှားကို သူ သတိမပြုမိသေး။

ဖိုးရှင်းပေါ် ဆိုသည်မှာ သည်အဖြစ်မျိုး။

မနက်မိုးလင်းတော့ နောက်တော်ပါး နှစ်ယောက်ပါ ထောင်ထဲအထိလိုက်ဖို့ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲပေါင်းကြံစည်မှု၊ ကြံရာပါ တရားခံအဖြစ်။

ဦးစိန်အုပ်က ငွေလမ်းခင်းပြီး လိုက်ခဲ့သည်။

နောက်တော်ပါ ကံထွန်းက ဖြောင့်ချက် တရားခံအဖြစ် အစစ်ခံခဲ့သောကြောင့် ဖြစ်မှု၏ ဖြစ်ဒဏ်ကို ရှောင်လွှဲ၍မရ။

ထောင်ဒဏ် ခြောက်လ။

ဦးစိန်အုပ်လည်း အတော်ထိသွားသည်။

ငွေကုန် လူပန်းသာ အဖြစ်တင်ခဲ့သည်။

တရားဥပဒေ ချိန်ခွင်ညှာက ငွေဘက်သို့ မျက်နှာသာ မပေးခဲ့။

'အဘ ထောင်က လွတ်လာတော့ နာမည်ဆိုးတစ်လုံး ထပ်တိုးလာတာပေါ့ကွာ၊ ထောင်ထွက် လူမိုက်သာခင် ဆိုတဲ့ နာမည်ပေါ့ကွာ၊ အဲဒီနောက်ပိုင်း အဘဟာ ဘယ်သူ့ကိုမှ စကားနဲ့မပြောနဲ့ လက်သီးနဲ့တောင် မထိုးခဲ့ဘူး၊ ဒါပေမယ့် လူတွေက အဘကို အလိုလိုနေရင်း ရှိန်ကြဘယ်၊ အဘက လူမိုက် လုပ်မယ်လို့ ရည်ရွယ်ချက်မရှိသလို စိတ်ဓာတ်လည်း မရှိဘူး'



ကိုသာခင်မှာ လူမိုက်ဆိုတဲ့ နာမဝိသေသနတစ်လုံး တိုးရပြီးနောက် အလိုအလျောက် ဗိုလ်ဝင်ခံလာသည့် တပည့်တပန်းများလည်း ရှိလာသည်။

ဦးစိန်အုပ်ကလည်း၊ သူ၏ အမှုအတွက် အတော်လေး ငွေကုန်လိုက်သည်။

သို့ကစေ ဆင်ပိန်ကျွဲအဆင့်မို့ သားဖြစ်သူကို ဝတ်ဝတ်စားစား သုံးသုံးစွဲစွဲပင် နေထိုင်စေခဲ့သည်။

'အဘကလည်း ကြော့ကြော့လေး နေခဲ့တာပေါ့၊ အဘ ဘယ်သွားသွား နောက်တော်ပါ သုံးလေးယောက်က ပါ စမြဲမို့ နကိုအရှိန်နဲ့မို့ လူတွေကလည်း အဘကို ရှိန်ကြတယ်'

ကိုသာခင်မှာ ထိုသို့လျှင် လူမိုက်ဟိတ်ဟန်ဖမ်းပြီး ချော်လဲရောထိုင် နေခဲ့စေကာမူ မိုက်ကြေးခွဲပြီး သုံးတာစွဲတာမျိုး မတရားဗိုလ်ကျသည့်အပြုအမူမျိုး မလုပ်ခဲ့။

မတရားမှုများကိုလည်း ရှောင်ခဲ့သည်။

တစ်စုံတစ်ရာ မတရားအလုပ်ခံရသူက လာရောက် အကူအညီတောင်းလျှင် တရားသဖြင့်ဖြစ်အောင် ကြားဝင်ဆောင်ရွက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်အာဖြောနှင့် ဖြေရှင်းလို့ရသည့်အခါမျိုးတွင် သူ၏ လက်ကိုင် ဓားမြှောင်ဖြင့် ဗိုက်ထဲကို ဆယ့်နှစ်လက်မ ဝင်ချင် သလောက်ဆိုသည့် အမေးစကားပြော၍ ပြဿနာကို ပြေပြီး ရှင်းသည်။

'ဆရာက ဓားမြှောင်ပြုပြီး ခြိမ်းခြောက်ပေမယ့် တကယ် တမ်းကျတော့ ဓားမြှောင်ကို မသုံးပါဘူး၊ တပည့်တွေကို မျက်စပစ်လိုက်ရုံနဲ့ ကိစ္စပြီးအောင် ရှင်းလိုက်တာပဲ'

'ဆရာ့ထောင်ကျတုန်းက အတော်လေး ခံလိုက်ရသလား'

'အင်္ဂလိပ်ခေတ် ထောင်ကတော့ ဝင်ဝင်ချင်း ဆောက်နဲ့ တွင်းဆိုသလို ပယ်ပယ်နယ်နယ်ကို တွယ်တာ၊ အမယ်လေး... အဘလေး...မအော်ရတဲ့လူ ဘယ်ရှိမလဲ၊ နောက်ပိုင်း အိမ်က ထောင်မှူးအိမ် နောက်ဖေးပေါက်က ဝင်တော့မှပဲ သက် တောင့်သက်သာလေး နေခွင့်ရတာပေါ့၊ နောက်ပိုင်းက မလိုက်နိုင်လို့များတော့လား ခရေရှည်လည်း ခံရတယ်'

'အဘက အင်္ဂလိပ်ခေတ် တစ်ခေတ်လုံး ဘာမှမလုပ်ဘဲ နေခဲ့သလားပေါ့'

အင်္ဂလိပ်ပြေးသည်အထိ အာပျော်တမ်း လူမိုက်ကြီးအဖြစ် ရပ်တည်ခဲ့သည်။



သူကိုယ်တိုင်က ဆက်ကြေးငွေ၊ မိုက်ကြေးခွဲ ငွေကြေး များကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံခြင်း မလုပ်ခဲ့စေ ကာမူ တပည့်တပန်းများကမူ တရုတ်၊ ကုလား စီးပွားရေး သမားများထံမှ ငွေကြေးအချို့ ရယူသည်မျိုးတော့ ရှိခဲ့ သည်။

အင်္ဂလိပ်ခေတ်မှာ အနယ်နယ်အရပ်ရပ်တွင် လူမိုက်ခေတ် ရှိခဲ့သလို လူမိုက်ကျွန်၏ဩဇာ လွှမ်းမိုးမှုလည်း ရှိခဲ့သည်။

ဂျပန်ခေတ်မှစ၍ လူမိုက်ခေတ် ဇာတ်သိမ်း ချုပ်ငြိမ်း သွားသည်မှာ လွတ်လပ်ရေးရပြီး အစဦးပိုင်းခေတ် နောက် ပိုင်းမှ ယနေ့ထက်တိုင်အောင်ပင်။

ဦးသာခင်ဖခင် ဦးစိန်အုပ်မှာ ဂျပန်ခေတ်တွင် ကွယ်လွန် သွားသည်။

သူတို့ပိုင် လယ်မြေများမှ သီးထောက်ခ ဟူ၍လည်း ဟုတ်တိပတ်တိ မရှိတော့။

အကြီးဆုံးသားဖြစ်သည့် ဦးသာခင်ကိုယ်တိုင် တပည့် မွေးကတည်းက ဘော်ကြော့နေထိုင်လာသူဖြစ်သောကြောင့် ဘာမှမလုပ်တတ် မကိုင်တတ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိပစ္စည်းများကိုထုခွဲစားသောက်ရင်း တဖြည်းဖြည်း လျှို့ပါးပါးလာသည်။

ဂျပန်အပြေး အင်္ဂလိပ်ပြန်မဝင်မီ စပ်ကူးမတ်ကူးကာလ တွင် မိခင်ကြီး ဆုံးပါးသွားပြန်သည်။

ထိုမှနောက် နှမများမှာ အိမ်ထောင်ရက်သားကျပြီး တကွဲ တပြားစီ ဖြစ်သွားကြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်သူတို့ပိုင်လယ်မြေများ အသိမ်းခံလိုက်ရသည်။

သူသည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် ဟိုယောင်ယောင် သည်ယောင်ယောင်ဖြစ်နေစဉ် မင်းသူတို့အဘိုးက သူ့ဘဝ တည်ငြိမ်သွားအောင် ဆန်စက်ထဲခေါ်ယူ အလုပ်ပေး၍ နေထိုင်စေခဲ့သည်။

ဦးလေးလက်ထက်တွင်မှ ဦးသာခင်မှာ ဆန်စက်တစ်လုံး ၏ မဏ္ဍိုင်ဝန်ရှိ ဖြစ်လာသည်။

'အဘက ငယ်ငယ်တုန်းက မြေပိုင်ရှင် သူဌေးသား၊ မော်မော်ကြွားကြွားနေခဲ့တာပေါ့၊ နောက်တော့ပါသုံးလေး



ယောက်နဲ့၊ ရွှေတောင် မန္တလေး ပိုးလုံချည်ကို ခါးပေါ်က မချခဲ့ဘူး၊ အသက်အရွယ်လေးရလာတော့ မိဘချမ်းသာတဲ့ အရှိန်အဝါနဲ့ စိန်နားတောင်ရောင်ကြောင့် ပါးပြောင်ခဲ့တာ ပေါ့ကွာ၊ အဲဒီတုန်းက အသားစစ်သက်မှာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေရလိမ့်မယ်လို့ ဘယ်တွက်ခဲ့မလဲ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား ကြွားကြွားဝါးဝါး နေခဲ့တယ်လေ၊ အဘတို့ အဖေက အလွန်အကျွံ အလိုလိုက်တော့ အဘကလည်း ထောင်ထောင် ထောင်ထောင်နဲ့၊ နောက်ဆုံးကျတော့ ထောင် လွန်းတော့ သည်းတက်လွန်းတော့ ကျပြီး ခြေသလုံးအိမ်တိုင် ဘဝ ရောက်ခဲ့ရတာပဲ၊ မင်းအဘိုး ကျေးဇူးကြောင့် အဘ အခုလို နေနိုင်တာ၊ နို့မဟုတ်ရင် အဘ ဘဝဟာ လူတော တိုးဝံ့တဲ့ဘဝ ရောက်သွားမှာ သေချာတာပေါ့'

ဦးသာခင်က သူ့ဘဝ ဇာတ်ကြောင်းကို ပြန်ပြောင်း ပြောပြရင်း သူ့အဘိုး ဘယ်လောက် စည်းကမ်းကြီးသည့် အကြောင်း၊ သားသမီးများအား မိုက်မှားသည့် လမ်း ကြောင်းဘက် မတိမ်းအောင် စည်းစနစ်နှင့် ထိန်းချုပ်ခဲ့ သည့် အကြောင်းများကို ပြောပြသည်။

မင်းသူ၏ဖခင် ဦးစံထွန်းရော၊ ဦးလေးဖြစ်သူ ဦးသန်း ထူးပါ ဖခင်ကြီး၏ခြေရာကို နင်းနိုင်ခဲ့သည့် သားများ ဖြစ်ခဲ့ သည်။

အထူးသဖြင့် စည်းကမ်းနှင့် စည်းစနစ်တွင် ဦးစံထွန်းက သူ၏ဖခင်ကြီးထက်တောင် သာလွန်သူ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးဆန်းထွန်းအမှု လျော့တန်လျော့၊ လိုက်လျောသင့်တာ လိုက်လျော သဘောထားမျိုး ရှိသေးသည်။

'မင်းအဖေကတော့တကယ့်လူပြိတ်ကြီး၊ငယ်စဉ်အလည်း ဒီပုံ၊ ကြီးတော့လည်း ဒီပုံစံ၊ အချိုးလုံးဝမပြောင်းဘူး လူတို့မောင်နှမ သုံးယောက်မှာ မင်းဘကြီးနဲ့ ဦးလေး သဟာဇာတဖြစ်တယ်၊ မင်းအဖေနဲ့တော့ နှစ်ယောက်စလုံး သဟာဇာတ တယ်မဖြစ်ကြဘူး၊ လူကြေမှာ သူ့စရိုက်နဲ့သူ မင်းအဖေကို အပြစ်တင်နဲ့၊ အပြစ်မမြင်နဲ့၊ မင်းဘကြီး တစ်ဆစ်ချိုးပြောင်းပြီး ကြိုးစားပေတော့'

မင်းသူအား ထိုသို့လျှင် ဆုံးမစကား ပြောခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ရှေးခေတ် လူမိုက်ကြီး တချို့အကြောင်းကို ထိုခေတ်စနစ်ကို မသိ၊ မမီလိုက်သည့် လူငယ်များအတွက် ဗဟုသုတအဖြစ် ဖော်ပြရပေမည်။

( ခုနစ် )

အင်္ဂလိပ်နယ်ချဲ့တို့ အုပ်စိုးစဉ်အချိန်အခါ။

ရန်ကုန်မြို့မှာ လူမိုက်ခေတ်ဆစ်ခေတ် ထွန်းကားခဲ့သလို၊ မြန်မာပြည်အရပ်ရပ်၊ နယ်ပယ်အတော် များများမှာလည်း လူမိုက်ခေတ် ထွန်းကားခဲ့သည်။

ထိုခေတ် လူမိုက်အမည်ခံသူများတွင် သုံးမျိုး သုံးစား ရှိသည်။

အပျော်တမ်းလူမိုက်။

ကိုယ့်ရွာ၊ ကိုယ့်မြို့ကို စောင့်ရှောက်သည့် မဟုတ်မခံစိတ် ဓာတ်ရှိသော မျိုးချစ်လူမိုက်။

www.burmeseclassic.com



လူမိုက်အနည်ခံပြီး တစ်ပါးသူတို့ အပေါ် ဗိုလ်ကျ၊ စော်ကားနှောက်ယှက်လုပ်၍ မိုက်ကြေးခွဲ စားသည့် တကယ့်ဗလနံ့လူမိုက်။

ရန်ကုန်မြို့၏ အချက်အချာနေထိုင်၍ ငွေကြေးချမ်းသာသည့် အနောက်ဘမ်း ကုလား လူမိုက်ကြီး နှစ်ယောက်က ရန်ကုန်မြို့ကို ခါးစောင်းတင်ပြီး စိုးမိုးချယ်လှယ်ခဲ့သည်။

ထိုစဉ်က ရန်ကုန်မြို့ အုပ်ချုပ်ရေးကို ကြီးကိုင်ခဲ့သည်မှာ ပုလိပ်အဖွဲ့။

ပုလိပ်အဖွဲ့၏ အကြီးအကဲများမှာ မျက်နှာဖြူ အရာရှိကြီးများဖြစ်၏။

ကုလားသူဌေး လူမိုက်ကြီး နှစ်ယောက်မှာ ပုလိပ်အဖွဲ့ အကြီးအကဲမျက်နှာဖြူ အရာရှိကြီးများနှင့် အလွမ်းသင့်သူများဖြစ်ကြ၏။

တစ်နည်းအားဖြင့် လူမိုက်ခေတ် စခန်းထလာအောင် မသိကျိုးကျွန်ပဲ ဉာဏ်လမ်းကြောင်း ဖွင့်ပေးခဲ့သူများမှာလည်း ထိုထိုသော မျက်နှာဖြူ အရာရှိကြီးများပင်ဖြစ်၏။



ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည့်သဘော သူတို့အုပ်ချုပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရစေရန်အတွက် လူမိုက်များကို မြှောက်ထိုးပင့်ဖော် လုပ်ပေးပြီး အုပ်ချုပ်စေခဲ့သည်။

ထင်ရှားသည့် သာဓကများရှိသည်။

ရန်ကုန်မြို့တွင် ပထမဆုံး ထင်ထင်ရှားရှား အသိအမှတ်ပြုခံ လူမိုက်ကြီးနှစ်ဦး ပေါ်ထွက်လာသည်။

ကုလားလူမျိုး လူမိုက်ကြီးနှစ်ဦး။

နှစ်ဦးစလုံးမှာ နယ်ချဲ့အုပ်ချုပ်ရေး၏မျက်နှာဖြူအရာရှိကြီးများအထိ ပေါက်ရောက်ဝင်ဆံ့သူ နာမည်ကြီးကုလားသူဌေးကြီးများ ဖြစ်ကြ၏။

တစ်ဦးက မတ်စတီးခန်း။

တစ်ဦးက မန်မဆာ။

မတ်စတီးခန်းက မန်မဆာထက် ပို၍ ချမ်းသာသည်။ အပည့်တင်နေလည်း ပို၍များသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မထီစတီးခန်းက ပို၍နာမည်ကြီးပြီး ပို၍ အရှိန်အဝါတောက်ပသည်။

ကမာရွတ်မှာ သူပိုင် မထီစတီးဈေးကြီး ရှိသည်။

ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကြီးလည်း ရှိသည်။

ဆန်စက် စီ၊ ဘီတွဲများလည်း အများအပြားပိုင်ဆိုင်သည်။

စကင်း မော်တော်လမ်းရှိ သူပိုင် တိုက်ကြီးမှာ ခမ်းခမ်းနားနား နေထိုင်သည်။

အင်္ဂလိပ်ခေတ်က ဂရိတ်အထက်တန်းလွှာ သူဌေးများသာရှိသည့် မြင်းသေးကောင်က၊ ဒေါက်ကတ်ရထားကြီးနှင့် ညနေပိုင်း လေညင်းခံထွက်သည့်အထိ သူ၏အနေအထိုင်မှာ ထည်ထည်ဝံ့ဝံ့ရှိသည်။

လမ်းနာမည်ကို အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး၏ နာမည်ယူ၍ ခေါ်တွင်စေသည့် စကင်းမော်တော်လမ်း၊ လမ်းသည်ပင် နောက်ပိုင်း မထီစတီးလမ်းဟူ၍ အခေါ်အဝေါ်ပြောင်းလဲသည်အထိ သူ၏နာမည်သတင်း ကျော်စောခဲ့သည်။

မနီမဆာက ဗိုလ်တထောင်သူနိုဆောင်တွင် နေထိုင်သည်။



သူက မထီစတီးခန်းလောက်မချမ်းသာစေကာမူ သူဌေးဘွဲ့ခံစာရင်းဝင်သည်။

သူ့သားနှစ်ယောက်မှာ အပျော်ထမ်းလူမိုက်ကြီးများအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။

လူဆိုးလူမိုက်။

တင့်တယ် လျောက်ပတ်၍ ကောင်းသော အမည်နာမ မဟုတ်။

သို့သော်….သူတို့က ထိုအမည်နာမကို နှစ်သက်ကြသည်။ လူတွေက အရေးတယူ ဆက်ဆံသည့်အခါ သာယာကြသည်။

သူတို့ကြီးစိုးသည့်အပိုင်းမှာကလည်း ကုလားသူဌေးတွေ၊ ဆိုင်ခန်းရှင်တွေ အနေအထိုင်များကြသည်။

သူဌေးချင်းတူတာတောင် သူတို့က ခေါင်းတစ်လုံးမြင့်နိုင်သမို့ ထိုသို့လျှင် အပျော်ထမ်းလူမိုက်ကြီးအဖြစ်ရပ်တည်ခဲ့ကြခြင်းဖြစ်ပေသည်။

www.burmeseclassic.com



ထိုစဉ်ကာလက စပတ်လမ်း(ဗိုလ်အောင်ကျော်လမ်း)မှ သိမ်ကြီးဈေးအထိ တိုက်တာအဆောက်အအုံမှန်သမျှကုလားသူဌေးများ ပိုင်ဆိုင်ကြ၍ တိုက်ခန်းများကို လခနှင့် အငှားချထားသည်။

မြန်မာလူမျိုးများ အနေနည်း၍ ကုလားလူမျိုးများသာ အနေများကြသည်။

မြန်မာတစ်နိုင်ငံလုံး၏ စိန်နှင့် ရွှေဈေးကွက်၊ ဗဟိုချက်အညွှန်ရာ မုဂိုလမ်း(ရွှေဘုံသာလမ်း)အထက်၊ အောက် တိုက်တာဖွဲ့သမျှတွင် နေထိုင်သောမြန်မာလူမျိုးဟူ၍ လက်ညှိုးညွှန်ပြစရာ မရှိအောင်ရှားသည်။

စိန်နှင့်ရွှေဈေးကွက်ကြီးတစ်ခုလုံး ကိုစိုးမိုးချုပ်ကိုင်ထားသူများမှာ ဘာဘူကုလားသူဌေးများသာ ဖြစ်ကြသည်။

ထိုသည်ကို အကြောင်းပြု၍ ရွှေဘာဘူ၊ စိန်ဘာဘူ ဟူသော အခေါ်အဝေါ် ခေတ်စားခဲ့သည်။

အထည်အလိပ်လုပ်ငန်းကို ကြီးစိုး ချုပ်ကိုင်ထားသူမှာ မာရဝါရီ ကုလားသူဌေးများ ဖြစ်ကြ၏။



သိမ်ကြီးဈေးမှ လမ်းမတော်အထိသော ရပ်ကွက်ကြီးများမှာ တရုတ်လူမျိုးများနှင့် တရုတ်သူဌေးများ နေထိုင်ကြသည်၊

ယခုခေတ်မှာလို စိန်ရွှေ အရောင်းအဝယ် လုပ်ငန်းကို တရုတ်လူမျိုးများ မလုပ်ကြ။

သူတို့က အစား အသောက်၊ ဟိုတယ်လုပ်ငန်း၊ အရက်ဘိန်းနှင့် ပွဲရုံလုပ်ငန်းကို စိုးမိုးချုပ်ကိုင်ထားသည်။

ကုလားသူဌေး အများစု နေထိုင်ရာဒေသကို ကြီးစိုးလွှမ်းမိုးထားသူမှာ သူဌေးလူမိုက် မတ်စတီးခန်းဖြစ်၏။

တပည့်လက်သား ဝါးဆယ်ကျော်ရှိသည်။

သူကိုယ်တိုင်က ဆက်ကြေးယူ မိုက်ကြေးခွဲမလုပ်ခစက စမ္မာ အပည့်တပန်းများက ယူကြသည်။

ဒါကိုတော့ သူကလည်း မတားမြစ်။

တပည့်လိမ္မာ ဆရာအာပတ်လွတ် သဘောမျှနေသည်။

တပည့်တပန်းများ ဖြစ်လာသည့် အမှုကိုစွရှိလျှင် သူက ထူ အရှိန်အဝါနှင့် လိုက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအကုန်အကျခံစရာကို သူကခံသည်။

တပည့်တပန်းများကို လူသတ်မှုကို ရှောင်ရန် တားမြစ်ထားသည်။

လူသတ်မှုကိုမူ သူက တာဝန်မယူ။

ခြိမ်းခြောက်သည့် သဘောအလို့ငှာ ဓားကိုပင် သုံးခွင့်မပြု။

ထိုးကြိတ်ထောင်းကြောက်၍ တုတ်နှင့်ရိုက်သည့် မှုခင်းမျိုးအတွက် သူက လုံးဝတာဝန်ယူသည်။

သူ၏တပည့်တပန်းများက လေးငါးယောက်တစ်စုအုပ်စုဖွဲ့ပြီး ခြိမ်းခြောက်ကြိမ်းမောင်း၍ မိုက်သွေးကြွ ပြကြသည်။

မတတ်သာ၍ ဓားကို အသုံးပြုလျှင် အသက်အန္တရာယ် ထိခိုက်နိုင်သည့် နေရာမျိုးကိုမူ အသုံးပြုခွင့်မပေး။

တစ်ယောက်တည်းသမားများက သူတို့ကို ဖက်ပြိုင်မတိုးပြန်ကြ။

သူတို့ကတော့ အဟုတ်ကြီးထင်ကြသည်။

သို့မို့ကြောင့် သူတို့ကလည်း ထင်တိုင်းကြဲခဲ့ကြသည်။



ထိုစဉ်ကာလက အမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ ပုဇွန်တောင်၊ ကျောက်မြောင်း၊ တာမွေ စသော မြို့နယ်ရပ်ကွက်များတွင်လည်း တစ်ဗိုလ်တစ်ခင်း မင်းမူနေသည့် လူမိုက်များ ရှိကြသည်။

သူတို့ကတော့ နယ်မကျော်၊ ကိုယ့်နယ်နှင့်ကိုယ် ဗိုလ်လုပ်၍ အုပ်ချုပ်နေကြသည်။

သူတို့အထဲမှာတော့ အပျော်တမ်း လူမိုက် နည်းသည်။

မဟုတ်မခံသမား တချို့တလေသာရှိ၍ အများစုမှာ မိုက်ကြေးခွဲ စားသောက်နေထိုင်သည့် လူမိုက်များ ဖြစ်ကြသည်။

ထို့မှနောက် မဲကီစတီးခန်းအတွက် နာမည်ကျော်စော၍ နိုင်ငံအဝှမ်း ထင်ထင်ရှားရှား အသိအမှတ်ပြုခံ မြန်မာလူမိုက်ကြီးတစ်ယောက် ပေါ်လာသည်။

သူ၏အမည်မှာ လှမ်းမတော်ဖိုးတုတ်။

လမ်းမတော်အပိုင်တွင် နေထိုင်သည်ကို အစွဲပြု၍ လမ်းမတော် ဖိုးတုတ် ဟူသော အမည်တွင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော် ဖိုးတုတ်၏ မူလစရိုက်မှာ မဟုတ်မခံသမား ကုလားမုန်းတီးရေး စိတ်ဓာတ် အခြေခံရှိသည်။

ကုလားသူဌေးလူမိုက် မော်တော်ခန်း ကြီးစိုးဗိုလ်လုပ်နေသည်ကို မခံချင်သောကြောင့် လူမိုက်လောကထဲသို့ ဝင်ထွက်ခဲ့သူပါ။

သူ၏နာမည် ဟိုန်းထွက်လာသည်နှင့် သူ၏ ခေတ်တွင် မော်တော်ခန်း တပည့်များ၊ လူမိုက်များအပါအဝင် ရှိရှိသမျှသော လူမိုက်အမည်ခံသူ အားလုံး လမ်းမတော် ဖိုးတုတ် ရှေ့မှောက်သို့ ဗိုလ်ဝင်ခံတပည့်များ ဖြစ်ကုန်ကြသည်။

မဟုတ်မခံစိတ်နှင့် မခံချင်စိတ်ကြောင့် ဗိုလ်ဘသော့ဘုရင် ဖြစ်လာသူ လမ်းမတော် ဖိုးတုတ်မှာ ဆက်ကြေး လက်ခံသူညီ လူမိုက်အဖြစ်သို့ ပြောင်းလဲသွားသည်။

သူ့ခေတ်မှာ သူ့ထံသို့ ဗိုလ်ဝင်မခံဘဲ တန်းတူရည်တူ ပေါင်းသင်းနေထိုင်သူ တစ်ဦးတော့ရှိခဲ့ဖူးသည်။

သူ၏အမည်မှာ ဗိုလ်တစ်ထောင်မိုး။



မည်သို့ပင် ရှိခဲ့ပါစေ၊ ထိုဆိုခဲ့သော လူမိုက်တို့၏ဘဝဇာတ်သိမ်းမှာမူ မလှပ။

အရုပ်ဆိုး အကြည်းတန် ခဲ့ကြသည်သာ။

လမ်းမတော် ဖိုးတုတ်သည်ပင်၊ ဂျပန်ခေတ်၌ မြောင်းမြ ထောင်ထဲတွင် ချို့ချို့တဲ့တဲ့ ရောဂါပေါင်းစုံဖိစီးခြင်းခံပြီး သေဆုံးသွားခဲ့သည်။

အင်္ဂလိပ်ခေတ်က ရန်ကုန်သားမှာ၊ အနယ်နယ် အရပ်ရပ်မှာလည်း လူမိုက်အမည်ခံသူများ ရှိခဲ့ကြသည်။

ထိုအထဲမှ သူဌေးလူမိုက်ကလေး တစ်ယောက်အကြောင်းကလည်း စိတ်ဝင်စားစရာပါ။

ပညာရှေ့အိုး လူမခိုးနိုင်။

ဥစ္စာရှေ့အိုး လူခိုးနိုင်၏။

ထိုသို့တင်စား ပြောရမည့်၊ တစ်နည်း မှတ်တမ်းပြုရမည့် သင်ခန်းစာယူစရာ ဖြစ်စဉ်မှ အပျော်တမ်းလူမိုက်တစ်ယောက် အကြောင်း။

စိတ်ကူးယဉ်မဟုတ်သော တကယ့်ဖြစ်ရှိခဲ့သည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူ့အမည်ကို လူမော်ဟုပဲ ဆိုကြပါစို့။

သူ၏ မွေးဖွားရာဇာတိမှာ ပဲခူးခရိုင်ထဲမှ မြို့ကြီးတစ်မြို့

အကြောင်းကြောင်းကြောင့်၊ အမည်နာမကိုတော့ မဖော်ပြီတော့ပါ။

ပဲခူးမြို့ ဝန်းကျင်တွင် နာမည်ကြီး မြေပိုင်ရှင် သူဌေးကြီး ဦးစိန်ဝင်း၏ လယ်မြေများ လက်ညှိုးထိုးမလွဲ ရှိခဲ့ဖူးသလို၊ ထူ့တို့မြို့ ဝန်းကျင်မှာလည်း လူမော်၏ မိဘလယ်မြေများ လည်း လက်ညှိုးထိုးမလွဲရှိခဲ့သည်။

လူမော်၏ မိဘများပိုင်ဆိုင်နေထိုင်သည့် ရှေ့မှ နှစ်ထပ် တိုက်ကြီးမှာ သူတို့မြို့မှာတော့ မြို့နှင့်မလိုက်အောင် ကြီးသည် ဟု ပြောစမှတ်ပြုကြရသည်။

ထို့အပြင် အိမ်ခန်းငှားရန် အတွက် ဆောက်လုပ်ထား သည့် တန်းလျား အပါအဝင် ပျဉ်ထောင်အိမ် ဝါးလုံးလည်း ရှိထားသည်။

ရွှေပေါင်၊ စိန်ပေါင်၊ လယ်ပေါင်ငွေတိုးချ လုပ်ငန်းကို လည်း၊ တစ်ဦးတည်း မူပိုင်လုပ်ကိုင်သည်။



လူမော်၏ မိဘများမှာ စိန်၊ ရွှေ၊ ငွေ၊ လယ်ယာမြေများ ပေါကြွယ်ဝသော်လည်း၊ သားထောက် သမီးခံ သားသမီး နည်းသည်။

သား သမီး သုံးယောက် မွေးဖွားခဲ့သော်လည်း၊ နောက် ဆုံးပိတ် အိတ်နှင့်လွယ်ဟု ဆိုရမည့် လူမော်တစ်ယောက်သာ အဖတ်တင်ခဲ့သည်။

လူမော်ကို ဖူးဖူးမှုတ်မှုတ် ချစ်ကြသည်။

အစစ၊ အရာရာ ပြည့်စုံသူမို့၊ ရွှေပေါ်မြတင် ထားခဲ့သည်။

လူမော် လေးနှစ်သားအရွယ် လူမော်နှင့် အဖော်ရစေရန် ကျွန်တစ်ယောက်ကို အိမ်မှာ ခေါ်ထားခဲ့သည်။

ဘမောင်မှာ လူမော်ထက် နှစ်နှစ်ကြီးသည်။

လူမော်က လေးနှစ်၊ ဘမောင်က ခြောက်နှစ်။

သူ့မျှားထက် မော်နိုင်သည်ဟု ဆိုရာသော ပညတ်အမည် နာမကို ပေးခဲ့သည်။

အိမ်မှာ လူမော်ကစားရန်အတွက် နိုင်ငံခြားဖြစ် အစား စရာ မျိုးပေါင်း၊ ရာချီရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါအပြင် လူမော်လိုချင်သည်ဟု လက်ညှိုးထိုးရာကိုလည်း ဝယ်ပေးခဲ့သည်။

အလိုလိုက်သည်မှာ ဇမ်းကုန်အောင်ဟု ဆိုရမည်သို့အောင်ပင် အလိုလိုက်သည်။

တစ်ချက်ကလေး အငိုမခံ။

လူတွေမှာ မွေးကင်းစ ကတည်းက အသိဉာဏ်ပါလာသည်။

နို့ဆာလျှင် ငိုရမည်။

နေထိုင် မကောင်းလျှင် ငိုရမည်။

အသံလာရာဘက်ကို မျက်လုံး ရွေ့လျားရမည် စသည်များကို မည်သူကမှ သင်ပေးရသည် မဟုတ်။

သူ့အလိုအလျောက် တတ်ကျွမ်းလာခြင်းဖြစ်သည်။

လူဇော်ကို တစ်ချက်ကလေးမှ အငိုခံမတော့၊ သိတတ်စအရွယ် ရောက်ကတည်းက သူလိုချင်တာ မရလျှင် အော်ဖြိုး ငိုသည်။



စာသင်ခန်းသို့ သွားရမည့်အရွယ်။

အဖေဟ် ဘမောင်နှင့်အတူ ကျောင်းကို မြင်းလှည်းနှင့် အကြိုအပို့လုပ်သည်။

အပြင်သို့ အထွက်အပြူ နည်းသည့် မိခင်ကြီး ကိုယ်တိုင် ကျောင်းလိုက်ပို့သည်။

နှစ်ရက်၊ သုံးရက်တော့ အဟုတ်သား။

နေ့ခက်ပိုင်း ကျောင်းသွားဖို့ပြင်ဆင်သည်နှင့် သံကုန်တစ်ပြီးငိုသည်။ ဘယ်လို ချော့ချော့မရ။

ဘမောင် တစ်ယောက်တည်းကျိုးသာ ကျောင်းကို လွှတ်ရသည်။

လက်ဖျားနှင့်တောင် မတို့ရက်သည့် မိခင်ကြီးက သား အလိုကိုလိုက်ပြီး ဆရာမတစ်ယောက်အား ငှားရမ်း၍ အိမ်သို့ခေါ်ပြီး စာသင်စေခဲ့သည်။

ဒါလည်း ကြပ်ကြပ်မတ်မတ်တော့ မဟုတ်။

ဆရာမက လူဇော့်အလိုကိုလိုက်ပြီး စာသင်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူမော်က လူ့စိတ်ကိုလိုက်ရလျှင် ဆင်းသည်။ စိတ်အတိုင်း မကျလျှင် မဆင်း။

လခပေး ငှားထားသည့် ဆရာမလုပ်သူမှာ လူမော်အား ပြောပိုင်ဆိုပိုင်၊ အော်ပိုင်ခွင့် လုံးဝမရှိ၊ များသောအားဖြင့် တိုင်ပြီးမြန်ရှုရှိသရှိသည်။

လူမော်က ကျောင်းလုံးဝမနေ၊ သည်သို့ သည်ပုံနှင့်ပင် လူလားမြောက်လာသည်။

မိဘတွေက သူတို့ တစ်သက်သာမက သူတို့သားမြေး တစ်သက်၊ စားကုန်အောင် ကြွယ်ဝ ချမ်းသာ သည်ဟု သဘောမှခဲ့သည်။

စွဲည်းသင်္ဂြိုဟ်၊ လူသင်္ဂြိုဟ်ဆိုသည်ကို သဘောမပေါက်။

မခိုးနိုင်သည့် ပညာရွှေအိုး အမွေကို မပေးခဲ့။

သူတစ်ပါးခိုးယူနိုင်သည့် ဥစ္စာအမွေကို ပေးခဲ့သည်။

လူပျိုပေါက်အရွယ်တွင် လက်ဖွဲ့တော်ဒီ သမောင်နှင့်အတူ အနည်းဆုံး နှောက်တော်ပါ စာပည့်စာပန်းဝါးကြောက်နှင့် အတူ လူမိုက်ဘွဲ့ခံယူလိုက်သည်။



ဆိုးသွမ်းလူမိုက်တော့မဟုတ်။ အပျော်တမ်းလူမိုက်။

လူမိုက်ဆိုပေမယ့် တစ်ပါးသူများအပေါ် မတရားဗိုလ်ကျ တာမျိုးမလုပ်၊ မိုက်ကြေးခွဲတာမျိုး မလုပ်။

လက်ဖက်ရည်ဆိုင်ထိုင်သည်။ အရက်ဆိုင်ထိုင်သည်။

သို့တစေ အလကား သောက်စားသည်ဟူ၍မရှိ။ ဆိုင်ရှင် တွေက သူ့အပေါ် အမြင်တစ်မျိုးဖြင့် မျက်နှာချိုသွေးပြီး ငွေကြေးမယူပါရစေနှင့်ဟု ပြောသည်မျိုးကိုပင် လက်မခံ။

ထိုသို့ အပြောအဆိုရှိလာသည့် ဆိုင်ရှင်ကို အပြတ်ပြော သည်။

'နောက်နောင် ဒီလိုစကားမျိုး ဘယ်တော့မှ မပြောနဲ့၊ ဆန်ရေတန်ကြေးကိုလည်း လျှော့မယူနဲ့၊ သူနဲ့ နောက်တော်ပါ ပါများ စားသောက်သမျှကို အပြည့်အဝယူ၊ ဘယ်သူမှ အလကားကျွေးမွေးတာကို ကျုပ်လက်မခံဘူး'

သူက အဲသည်လိုမျိုး။

သူများ စေတနာတင်မခံ။ သူ့အပေါ် တင်စီးပြော သည်မျိုးကိုလည်း မခံ။

www.burmeseclassic.com



ထိုးစရာ ရိုက်စရာ အကြောင်းကိစ္စမျိုးပေါ်လာခဲ့ရင် တသည် အားကိုးနှင့်မလုပ်။ သူက လက်မြန်ခြေမြန်ရှိသမို့ ကိုယ်တိုင် ထိုးသည်၊ ကိုယ်တိုင်ရိုက်သည်။

အကြောင်းမဲ့ အက်သရမ်းတာမျိုးတော့ သူကိုယ်တိုင် မလုပ်အလို့ တပည့်တွေကိုလည်း မလုပ်စေခဲ့။

အရက်သေစာကိုစွဲစွဲလွှမ်းလမ်းနှစ်နှစ်ခြိုက်ခြိုက်မသောက်၊ အာစွတ်ရှိလောက် သောက်သည်။

လူ့အ ကွမ်းအမား။

မြန်မာဆေးများများနှင့် ကွမ်းကိုတော့ မပြတ်ဝါးသည်။

ဆိုင်အကွမ်းယာကို မစား၊

သူ၏ ငွေကွမ်းအစ်ကို တပည့်တစ်ယောက်က အမြဲကိုင်ရသည်။

သူ့မှာ ထူးထူးခြားခြား ဝါသနာတစ်ခုရှိသည်။

ထိုထူးခြားသည့် သူ့ဝါသနာမှာ သူတို့နယ်တစ်ရှိမှာ တော့ ... ဘယ်မှတ်ပုံခဲ့ဆောင် ထူးသည်ဟု ဆိုရမည်သို့ ရှိပါချေ၏



ပြောစမှတ်တွင်လောက်အောင် ထူးသည့် ဝါသနာမှာ စွန်လွှတ်ခြင်း...

စွန်လူသီရောက်ပြီဆိုလျှင် မနက်တစ်ချိန်လုံးနှင့် ညနေ တစ်ချိန်လုံး စွန်လွှတ်သည်။ စွန်မျှား စွန်ဖြတ်သည်။

သူစွန်လွှတ်သည့်နေရာတွင် ကွပ်ပျစ်ငယ်တစ်လုံး ချထား ပေးရသည်။

ပေါလစ်ပြောင်နေအောင် တိုက်ထားသည့် ဘီးသုံးလုံး၊

သူ၏လက်စွဲတော် ငွေကွမ်းအစ်၊

ငွေရေတာကောင်း၊ ငွေဖလားခွက်၊

အထူးလုပ်ခိုင်းသည့် စွန်များကို အထပ်လိုက်ထားရှိပေး ရသည်။

လိုအပ်သမျှကို အပြည့်အစုံ လုပ်ကိုင်ပေးရသူမှာ သူ၏ လက်စွဲတော် ကိုဘမောင်၊

သူ၏စွန် အားလုံးပေါ်မှာ သူ၏နာမည်နှင့် တံဆိပ် ရိုက် နှိပ်ထားသည်။

နာမည်နှင့် တံဆိပ်အောက်မှာ စာတန်းတစ်ခုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွဲစွန်ကို ယူလာသူအား ငွေမတ်စေ့တစ်စေ့ ဆုချမည်'

လူစွန်များ၏ လူ၏စွန်အပြတ်ကို ယူလာပြီး ပေးသူအား ထိုခေတ်သုံး ငွေတစ်မတ်ပေးသည်။

ထိုခေတ်က ငွေတစ်မတ်ဆိုသည်မှာ နည်းနည်းငွေကြီး မဟုတ်။

သူတို့ဒေသမှာ လက်ဖက်ရည်အစ်ခွက် နှစ်ပြား၊ နံပြား အကြီးကြီးတစ်ချပ် နှစ်ပြား။

ပုစွန်ကျော်ကြီး တစ်ပိဿာ တစ်မူး၊ သုံးပဲခေတ်။

သူက အဲ့သည်လို ထူးတွေ့သည့် အံ့ဖွယ်ကို ဆုပ်တတ်သူ။ ဟာကယ်တော့ သူ၏ဦးနှောက်မှာ ပုံမှန်အနေအထားမရှိဟု ဆိုရလေမလား။

မိဘများဆုံးပါးသွားပြီးနောက်မိဘအမွေအနှစ်အားလုံး ကို သူက ခံစားလိုက်ရသည်။

ရှေးခေတ် ဖတ်တတ်သလောက်သော ပညာအရည်အချင်း မှာ သူ၏ တွေးခေါ်မှုအပိုင်းကို အားနည်းသွားစေခဲ့သည်။



မိဘများမရှိသည့်နောက် အသုံးတွင်သာမက အပြိုင်းပေါ် ပေါက်လာသည်။

အိမ်ထောင်ပြုလိုက်သည်။

သူ၏ အိမ်ထောင်ဖက်မှာ သူတို့မြို့သူမဟုတ်၊ တခြားမြို့က ရှမ်းသွေးစပ်သည်။ သမင်လည်ပြန်ကြည့်ရအောင်ပင် ဖြူဝင်း ၍ လှပသည်။

အချောတွင် အယဉ်ဆင့်ထွားသောကြောင့် ဆင့်မောဖွယ် ထွားထင်သည်။

ကိုယ်လုံးကိုယ်ခပေါက်မှာလည်းပြေပြစ်ချောင့်ထည်သည်။

မရှမ်းမ၏ မိဘဖြစ်သူများမှာ ယာမန္တိ အဆင့် အခြေ အနေပဲရှိသည်။

သူက မရှမ်းကို တွန့်ဂိုက်ယ် ချစ်ရည်မှု၍ ဘဝကြင်ဖော် အဖြစ် လက်တွဲရယူခဲ့ခြင်းတော့ မဟုတ်။

မရှမ်းမ၏ အလှသတင်းကိုကြားပြီး သွားရောက်ကြည့်ရှု ခဲ့ရာမှ မြင်ရုံနှင့် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး မရှမ်းမှ၏ မိဘ

www.burmeseclassic.com

www.burmeseclassic.com



များအား မတန်တဆသော ငွေကြေးဖြင့် ဖြားယောင်းသွေးဆောင်၍ ရယူပိုင်ဆိုင်ခဲ့ခြင်း ဖြစ်၏။

တစ်နည်းအားဖြင့် ငွေနှင့်ပေါက်၍ ဝယ်ယူခဲ့ခြင်း။

ထို့တစေ မရွှေမိုးမကို စိန်စိပြီး ရွှေပေါ်မြတင် အလိုလိုက် အကြိုက်ဆောင်၍ထားခဲ့သောကြောင့် ရွှေမိုးမကလည်း သူ့ကို တုံ့ပြန်လိုက်လျောခဲ့သည်။

မရွှေမိုးမကို သူ့ပွဲထုတ်ပုံကတစ်မျိုး။

သူတို့နှစ်ယောက် မင်္ဂလာလက်ထပ်ပွဲကို ခမ်းခမ်းနားနားကျင်းပခဲ့သည်။

ထိုစဉ်က နာမည်ကြီးသော ရန်ကုန်ကွန်တီနယ်တယ် ဟိုတယ်၊ ရေခဲမုန့်နှင့် မုန့်ခြောက်မျိုး စုံလင်သော အထူးအကျွေးအမွေးဖြင့် မင်္ဂလာဧည့်ခံပွဲ လုပ်ခဲ့သည်။

ညဘက်မှာ လှေဘောတီမြရင် အငြိမ့်ပွဲနှင့်။

လူတို့နှယ်တစ်လွှား လူတိုင်းပါးစပ်ဖျားတွင် ပြောစမှတ်ပေါင် တောသုံးထောင်ဟူ ဆိုရမည့်၍ ဟိုးလေးတကျော် ဖြစ်ခဲ့သည်။



ဝင်းဝင်းလက်လက် စိန်ရောင်များမှာ မရွှေမိုးမ၏အလှကို ပို၍တောက်ထည်မှုင့်လင်းသွားစေသည်။

ထို့တစေ—လူမော်ညှော်ခံကျွေးမွေးသည်များကို တဝတပြဲ စားသောက်ပြီးပြန်လာသူတိုင်းက တိုးတိုးတိတ်တိတ်ကျိတ်၍ ပြောသွားကြသည်မှာ မတူဘူး၊ မတန်ဘူးဟူပါ၍။

မရွှေမိုးမနှင့် ရပြီးနောက် စွန့်လွှတ်သည့်အခါ ကြေးခွေ အောင် ဖီးလိမ်း ပြင်ဆင် ထားသည့် ရွှေမိုးမက မွှေးပွ ဖော်ဇောခင်း ကွပ်ပျစ်ပေါ်တွင် ဇာတ်ဖက်သုပ် ယွမ်းအစ်၊ ရေနွေးကြမ်းအရှေ့နှင့် ထိုင်ပေးရသည်။

ထိုသို့သောစွန့်လွှတ်ပွဲနားဖြတ်သွားသူတော်က ထိုမြင်ကွင်း ကြယ်လွန့်ရာသို့ ရောက်သွားသည်နှင့် မပြုံးတုံ့တုံ့၊ မြုံးတုံ့တုံ့သွင်ပြင်သို့ ပြောင်းလဲသွားကြသည်။

ဒါကွင်လားဆိုတော့ မဟုတ်သေး။
ကျုပ်မပြည့်သူတစ်ယောက်၏ စိတ်ရှုးပေါက်ရာ လုပ်ရပ်တစ်ခုကိုလည်း သူက ဆန်းသစ်တီထွင်လိုက်ပြန်သည်။

ပေမီ ဒေါက်မီး၊ ကိုယ်လုံးပြည့်ဖိုးပြီး အသွေးအရောင် ချောမွေ့ တောက်ပြောင်သည့် ပေဒင်းဝေတီမြင်းကြီး တစ်ကောင်ကို ဝယ်ဆိုက်သည်။

www.burmeseclassic.com



မြင်းကြီးကို အုတ်မြင်းဇောင်းနှင့် အကျအနစ် ထားရ၏။

သူက မနက်တိုင်း နိုင်ငံခြားသား မြင်းစီးသမားတို့ ဝတ်ဆင်သည့်ပုံစံအတိုင်း ဝတ်ဆင်ပြီး မြို့ပတ်မြင်းစီး ထွက်သည်။

မြင်းစီး ထွက်သည်ဆိုပေမယ့် သူကမြင်းဇက်ကြိုးကိုင်ပြီး ဖေးဘက်အသားကျ ပုံစံမျိုးဖြင့် စီးသည်တော့ မဟုတ်။

တပည့်တစ်ယောက်က ရှေ့မှ မြင်းကို ဆွဲပေးရသည်။

သူက မြင်းဇက်ကြိုးကို လျော့လျော့လေးကိုင်ပြီး ခေါင်းကို ဘယ်လှည့်ညာလှည့်လုပ်၍ မြင်းပေါ်ထိုင်လိုက်သည့်စီးပုံမျိုး စီးသည်။

ညနေဘက်တွင် အလှတန်ဆာ ဆင်ယင်ထားသည့်မြင်းကြီးကို သူ့ကိုယ်တိုင်ဆွဲ၍ ဖီးလိမ်းပြင်ဆင်ထားသည့်ဇနီးမချောနှင့် တာပတ်လမ်းကိုပတ်၍ လမ်းလျှောက်ထွက်ကြ၏။

ငွေကြေးပြည့်စုံတော့လည်း သူ့ဟာသူတော့ လုပ်သမျှ အင့်တယ် ဖြစ်နေသည်။

ပတ်ဝန်းကျင်က မူ အကြောင်းကြောင်းကြောင့် လူနှင့် မျက်နှာချင်းဆိုင်မိလျှင် အပြုံးအရယ် မျက်နှာသင့်ပြင်ရှိကြ



သော်လည်း ကွယ်ရာတွင်မူ မဲ့ကာရွဲ့ကာနှင့် နှာခေါင်းရှုံ့ကြသည်။

ဓာကယ်တော့ သူ့ဒေါ်ဦးနေ့ဒေက်မှာ ဇာတိပွဲ လိုသီးဦးနှောက်ရှု ဆိုရမည်ပါ။

ဇာတိပွဲလိုသီး အဆုံးချောင်သလို သူ့ဒေါ်ဦးနေ့ဒေက်သည်လည်း လည်ပြီးချောင်နေသည်။

ဆိုမှ တစ်နေ့...

မျက်နှာဖြူ ကပြား ရဲဝန်ထောက်မှာ လုပ်ငန်းကိစ္စနှင့် သူတို့မြို့ကို ရောက်လာသည်။

လူပြောသူပြောများသည့် သူ့အကြောင်းကို သိသွားသူ ရဲဝန်ထောက်က စာသင်တစ်ယောက်အခေါ်လွှတ်၍ သူ့ရှေ့မှောက်သို့ ဝင်ရောက်စေသည်။

ရဲဝန်ထောက်ခေါ်သည်ဆိုသဖြင့် သူက အကျအနဝတ်ဆင်ပြီး လက်စွဲတော် ကျိုင်းခေါင်နှင့်အတူ သွားရောက်ခဲ့သည်။

www.burmeseclassic.com



ပန်းထောက်လုံချည်၊ ကုတ်အင်္ကျီ၊ မာဖလာ လည်ပတ်နှင့် ရှူးဖိနပ်စီးပြီး သက္ကလပ်ဦးထုပ် အနက်ရောင်စား ဆောင်း၍ သွားရောက်ခဲ့သည်။

ရဲဝန်ထောက်က လူစောင့်စာရင်းချနေသည့် ဂါတ်ဝင်းထဲသို့ သူဝင်ရောက်သည်ကို မြင်သည့်အခါ သူ့ရှေ့မှောက်သို့ လူမောင် ဝတ်စားဆင်ယင်လာသည့်ပုံစံဖြင့် မဝင်စေခဲ့။

ဂါတ်တဲမှ ဌာနစုအုပ်ကို လွှတ်၍ သူ ဘယ်လိုပုံစံဖြင့် ဝင်ရောက်လာရမည်ကို အမိန့်ပေးစေခိုင်းလိုက်သည်။

လူမောင်ဝတ်ဆင်လာသည့်ရှူးဖိနပ်၊ ဦးထုပ်၊ ကုတ်အင်္ကျီနှင့် မာဖလာတို့ချွတ်၍ ဂါတ်ထဲသို့ဝင် ဗွေထားပေါ်တွင် ပုံထားခိုင်းသည်။

ပြီးမှ ဖိနပ်မပါ၊ ဗလာခြေထောက်ဖြင့် သူ့ရှေ့မှောက်သို့ ခါးကုန်းပြီး ဝင်ရောက်စေခဲ့သည်။

ရဲဝန်ထောက်က သူနှင့်တစ်လုံးတွေ့စဉ်အရှေ့မှောက်တွင် သူ့ကို ရှပ်ခိုင်းလိုက်သည်။



ပြီးမှ သူထိုင်ခုံနေသည့်ကုလားထိုင်ရှေ့ရှိသမံတလင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ခိုင်းလိုက်သည်။

ရဲဝန်ထောက်၏ဘေးဘက်ရှိခုံတန်းပေါ်တွင် မြို့သူကြီးနှင့် ရပ်ရွာလူကြီး လေးငါးယောက်လည်း ထိုင်နေသည်။

ဌာနစုအုပ်၊ ရာဇဝတ်အုပ်တို့က ရဲဝန်ထောက်နောက်တွင် တန်းစီရပ်နေကြသည်။

လူမောင်မျက်နှာ အပျက်ကြီးပျက်ပြီး မျက်နှာကြီးနီတွတ်သွားသည်။

တစ်သက်နှင့်တစ်ကိုယ် ရင်ထဲ၌ဒါနှင့်ခနဲခနဲအောင် ခံစားလိုက်ရသည်။

သူက နေရာတကာမှာ အထက်စီးက နေလာခဲ့ရသူ။

သူတို့မြို့က မြို့အုပ်တို့၊ ရဲဌာနစုအုပ်တို့ပင် သူ၏အကျွေးအမွေး အပေးအကမ်း မလွတ်ကင်းခဲ့။

မြို့အုပ်၊ ဌာနစုအုပ်တို့မှာ သူနှင့်ပတ်သက်၍ အကြောင်းကိစ္စကြီးငယ်ရှိလာတိုင်း သူ့ဘက်ကသာ ရပ်တည်ပေးမြဲ ရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခု... မျက်နှာဖြူကပြီး ရဲဝန်ထောက်က သူ့ကိုခေါ်ပြီး ဒီလိုလုပ်ခြင်းမှာ သူ့အား ဆက်လက် အရှက်ခွဲခြင်းဖြစ်၏။

မြို့ပေါ်တွင် ခေါင်းမော့ ရင်ကော့၍ လက်မထောင်ပြီး နေထိုင်ခဲ့သည်ကို ချိုးနှိမ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။

သူ၏သိက္ခာကို နင့်နင့်သည်းသည်း အစော်ကားခံလိုက်ရသည့်အဖြစ်။

သူ၏စေနိုးမာနတို့ ခေါ်ချပြီး လမ်းဘေး မြောင်းထဲသို့ တွန်းချခံလိုက်ရသည့်အဖြစ်။

ဒါတွင်မက...

'မောင်မင်းဟာ ဘာအလုပ်အကိုင်မှ မရှိဘဲ လူမိုက်လုပ် နေတဲ့အတွက် မောင်မင်းကို ၁၀၉၊ ၁၁၀နဲ့ ကျုပ်ဖမ်းချုပ် နိုင်တယ်'

ဤသို့ ကြိမ်းမောင်း ခြိမ်းခြောက်လိုက်သေးသည်။

'ဘလာယ်ဒီဖူးလ်၊ ဝါဒီအာလူကိုး' ဟု ရိုင်းပျစွာ ပြော၍ သူ့အား ပြန်ခိုင်းလိုက်သည်။



ထိုဖြစ်ရပ်သတင်းမှာ နေ့မကူးမီ တစ်မြို့လုံး ပျံ့နှံ့သွား တော့မှာ သေချာသည်။

နှုတ်ခမ်းကိုက် အံကိုကြိတ်ပြီး ဂါတ်တဲမှ ထွက်ခဲ့ရသည့် သူ၏ရင်ထဲမှာ ဖော်မပြနိုင်လောက်သော ခံစားမှု လှိုင်းထနေ သည်။

နောက်ဆုံး သူ၏နှုတ်မှ ပွင့်ထွက်သွားသည့် နှုတ်ထွက် စကားမှာ...

'တွေ့ကြသေးတာပေါ့ကွာ' ဟူ၍။

တကယ်တော့ သူက မြေပိုင်ရှင်တစ်ယောက် ဖြစ်၏။ ရဲ ဝန်ထောက်တစ်ယောက်က သည့်လိုမျိုး စော်ကားမော်ကား လုပ်ပိုင်ခွင့်မရှိ။

သို့တစေ သူအား လူမိုက်ဘွဲ့ခံပြီး တပည့်တပန်းများနှင့် သောက်သောက်စားစား နေချင်သလို နေထိုင်ခဲ့သောကြောင့် ရဲဝန်ထောက်က ခုလိုမျိုး စော်ကားမော်ကား လုပ်ရဲခြင်း ဖြစ်လေသည်။

ထိုနေ့မှစ၍ နောက်ပိုင်းတွင် သူလည်း အတော်လေး ခြေငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဖြစ်ရပ်ကိစ္စကို သူ့ရင်တွင်းမှာ ဘယ်လိုမှ ဖြေဖျောက်မရနိုင်အောင် ခံစားနေရသည်။

မြို့အုပ်နှင့် ဌာနအုပ်တို့က အိမ်တိုင်ရာရောက် ရောက်လာပြီး သူ့အား နှစ်သိမ့်ဖျောင်းဖျကြသည်။

သူ့အား ကြိမ်းမောင်း ခြိမ်းခြောက်သွားသည့် ရဲဝန်ထောက်မှာ လက်အောက်အမှုထမ်းများကိုပင် ရိုင်းရိုင်းပျပျ ဆက်ဆံတတ်သူဖြစ်သည့်အပြင် မထင်လျှင် မထင်သလို လုပ်တတ်သည့် ဉာဉ်ဆိုးရှိသူဖြစ်ကြောင်း ဌာနအုပ်ကြီးက သူ့ကိုယ်တွေ့ဖြစ်ရပ်များနှင့် ပမာတင်စား၍ ပြောပြသည်။

သူက အနီးစပ်ဆက်ဆံနေရသည့် မြို့အုပ်ကြီးနှင့် ဌာနအုပ်ကြီးတို့နှင့် မျက်နှာမပျက်ရအောင် ပြောဆိုဆက်ဆံပြီး သူ့အကြံအစည်ကိုမဖွင့်ဟဘဲ မျိုသိပ်ထားခဲ့သည်။

သူက လက်စွဲတော် ဘမောင်ကို ငွေ ဘယ်လောက်ပေးရ ပေးရ ခြောက်လုံးပြူးတစ်လက် မရ ရအောင် ရှာခိုင်းလိုက်သည်။

တစ်ပတ်နှစ်ပတ်အတွင်း ရအောင်ရှာဖို့လည်း ပြောထားသည်။



'ကိုဘမောင် အဲဒီကိစ္စကို ခင်ဗျားတစ်ယောက်တည်းက သိပြီး ဘယ်သူမှ မသိစေနဲ့၊ ဘယ်လိုနည်းနဲ့ရရ ရအောင် ရှာခဲ့'

ထိုသို့ပြောပြီး ငွေနှစ်ထောင်ကိုပါ ထုတ်ပေးလိုက်သည်။
ကိုဘမောင်ကလည်း မရရအောင် ရှာဖွေခဲ့သည်။
ဆယ့်နှစ်ရက်အတွင်း ကျည်ဆန်ဆယ်တောင့်နှင့် ဆင်စွယ်ဖြူရိုးတပ်သည့် သုံးဆယ့်ရှစ်ဘို့ ခြောက်လုံးပြူးတစ်လက် ရလာသည်။

သူလိုချင်သည့် သေနတ်ရလာပြီ။
သေနတ်ကိုတော့ မပစ်ဖူးသေး။
သူတို့မြို့က ဆယ့်ငါးမိုင်ကျော်ကျော်သွားလျှင် ပဲခူးရိုးမ တောင်ခြေသို့ရောက်သည်။

ထိုမှတစ်ဆင့် လေးဖာလုံခန့်ဆက်သွားလျှင် လူသူ အရောက်အပေါက်နည်းသည့် ချောင်းရိုးသို့ရောက်သည်။

ချောင်းရိုးထဲတွင် ကျည်ဆန် သုံးလေးတောင့် စမ်းပစ် ကြည့်သည်။
သုံးတောင့်စလုံးထွက်သည်။
သူ့အား ချုပ်သွားသည့်၊ စော်ကားခော်ကားလုပ်သွားသည့် ရဲဝန်ထောက်ရုံးစိုက်ရာမှာ တောင်ငူမြို့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ဘာစပဲလုပ်လုပ် မြှော်ရှိုးထုံးစံမရှိသည့် ကိုဘဲမောင်
စိတ်ကိုလျော့ဖို့နှင့် ပြဿနာ အကြီးအကျယ်တက်မည့် ရုံး
ထောက်ကိုစွကိုမလုပ်ဖို့ တားမြစ်စကားပြောခဲ့သည်။

'ကျွန်တော့်အကြောင်း ကိုခင်ဗျားအသိဆုံးပဲကိုဘမော
ကျွန်တော် ဘယ်သူ့ကိုမှ စော်ကားမော်ကား မလုပ်ခဲ့
မထားလည်း မလုပ်ခဲ့ဘူး၊ ခု ကျွန်တော့်ကို အရှက်
အကျိုးနည်းဖြစ်အောင် စော်ကားမော်ကား လုပ်သွား
ကျွန်တော်ရွေးစရာ နှစ်လမ်းပဲရှိတယ်၊ သူ့ကို လက်တုံ့
မလား၊ ဒါမှမဟုတ် ဒီမြို့က တခြားကို ပြောင်းမ
ဒုတိယလမ်းကိုရွေးရင် ကျွန်တော့်အတွက် ပိုဆိုးမယ်၊
တော့ ပထမလမ်းကိုပဲ ကျွန်တော်ရွေးရလိမ့်မယ်၊ ဒီကိ
ခင်ဗျားမပါနဲ့၊ မရှမ်းမကိုစောင့်ရှောက်၊ ပစ္စည်းတွေ
သိမ်းပေး၊ အဲဒါ ခင်ဗျားတာဝန်ပဲ'

ကိုဘမောင် ဘာမှမပြောသာတော့။ ပြောလည်း
ထောင်မှာ ဗဟုတီစာမို့ မပြောတော့ဘဲ ခေါင်းညိတ်
ရှသည်။

တောင်ငူမသွားခင် ငါးရက်အလို။
တိုက်အပေါ်ထပ်တွင် ကျည်ဆန်မပါသော ခြော
ပြူးသေနတ်ကို ခါးကြားထဲမှ ဆွဲထုတ်လိုက်၊ လက်
ပြုံးပစ်လိုက်နှင့် တစ်ယောက်တည်း လေ့ကျင့်နေခဲ့သ



နေ့နေ့ က ဘာမှမသိ၊ နဂိုထည်းက သာသိဘာသာ
နေ ဝတ်သူမို့ ခါတိုင်းလို နေ့နေ့ကျအတိုင်၊ အောက်ထပ်
မှာပဲ နေခဲ့သည်။

တောင်ငူကိုသွားသည့်နေ့က…
ရွှေတောင်လုံချည် မန်ကျည်းစေ့ အနက်ကွက်၊ တလွှေဇာ
အင်္ကျီ ထင်ဝတ်ပြီး နီညိုရောင် ဖဲလက်ဟတ်ခေါ် သက္ကလပ်
ဦးထုပ်အပျော့ကိုဆောင်း၍ နေကာမျက်မှန်အနက်တပ်လျက်
ခပ်အေးအေးပင် ထွက်သွားခဲ့သည်။

အားဂိတ် သို့အသွား ကိုဘမောင်ကိုပင် မခေါ်တော့။
နောက်တစ်နေ့…
ဆယ့်တစ်နာရီခန့်။
ဌာနအုပ်နှင့် ရဲသားသုံးယောက် သူ့တို့တိုက်သို့ ရောက်
လာသည်။

လူမောင်ကို ဖမ်းရှာခြင်းဖြစ်သည်။
ရဲဝန်ထောက် ဘားပေါ်က အဆင်း။
လူမောင်က ရှစ်ပေလောက် အကွာမှနေ၍ ခါးကြားထဲမှ
သေနတ်ကိုဆွဲထုတ်ပြီး ပစ်ချိုက်သည်။

ရိုးရိုးပစ်လိုက်သည်မဟုတ်။ ပါးစပ်မှ 'လူမောင်ကွ'ဟု
အော်ပြီးမှ ပစ်ထည့်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေနတ်ပစ် အလေ့အကျင့် မရှိသောကြောင့် ချိန်သားကိုက် မပစ်နိုင်။

ထိချင်ရာထိ ပစ်ထည့်လိုက်သည့် ကျည်ဆန်မှာ ရဲဝန်ထောက် နားရွက်သားမှ ကပ်ပြီး ဖြတ်ထွက်သွားသည်။

နားရွက်နားမှ ဖြတ်ထွက်သွားသည့် ကျည်ဆန်က ရဲဝန်ထောက်၏ နားရွက်သားကို ဖွာရာကြဲသွားစေသည်။

သွေးများမှာ ရဲဝန်ထောက်၏ ပါးရိုးပေါ်မှ စီးဆင်း၍ ခါကီရောင်ယူနီဖောင်းပေါ်သို့ ပြန့်စင်သွားသည်။

ရုံးပတ်ဝန်းကျင်တစ်ဝိုက် ရှုတ်ရှက်သဲသဲ ဖြစ်သွားသည်။ လူအည်း၊ တစ်ချို့အည်း သုတ်ခြေတင်၍ ထွက်ပြေးခဲ့သည်။

ဒါပေမယ့် မလွတ်။

နောက်က ထက်ချပ်မကွာ လိုက်ပါလာသည့် အက်(စ်)အိုင်ပီတစ်ယောက်နှင့် ရဲသားသုံးယောက်၏ အဖမ်းအဆီးကို ခံလိုက်ရသည်။

ပြေးရင်း လွှားရင်း နောက်ကလိုက်လာသူများကို ဘေနတ်နှင့် ပြန်သည်ပစ်ခတ်သေးသော်လည်း ကျည်မထွက်။

သူ၏ [illegible]ကောင်းမှာ ဟိုးလေးတကျော်ဖြစ်သွားသည်။

အမှုစ[illegible]နေစဉ် [illegible]ာလအတွင်း ရန်ကုန်မှ နာမည်ကြီး ရှေ့နေကြီး ကို ငှားရမ်းခဲ့သည်။

ကုန်[illegible] သည်မှာ သောက်သောက်လဲ။

ကိုဘမောင်[illegible] မရှမ်းမ[illegible] ဘာမှနားမလည်။



ဟိုက တောင်းလည်း ပေးရ၊ သည်က တောင်းလည်း ပေးရ။

အရေမရ အဖတ်မရ အကုန်ခံရသည့် ငွေကြေးပမာဏမှာ နည်းနည်းနောနောမဟုတ်။

ရှေ့နေစရိတ်၊ ရုံးစရိတ်၊ ထောင်စရိတ်များအတွက် လွှတ်ပိုင်လယ်တွေ ချစ်တီးများတိုက်မှာ အပေါင်ထားရသည်။

စိန်၊ ရွှေ၊ အတွင်းပစ္စည်းများမှာ လူ အမှု မပြီးတီခင်ကတည်းက မတရားအသုံးအဖြုန်းကြောင့် ကုန်သလောက်နီးပါးရှိနေပြီ။

ရှိသည့်လယ်တွေကို ပေါင်ရသည်။ ရောင်းရသည်။

နောက်ဆုံး ငွေပုံအောရသည့်ပွဲ အဖြတ်တင်လိုက်သည်။

ဘာမခံပင်မရဘဲ ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခံရသည်။

အယူခံဝင်သည်။

ရှေ့နေကြီးစာ သူတို့အကြောင်းကို သိနေပြီ ဖြစ်သည့်အလျောက် အယူခံဝင်ရသည့် တရားရုံးစရိတ်များ၊ သူ အတွက်ယူသည့် ထပ်ဆောင်း အခကြေးငွေများနှင့် အယူခံဝင်သည်။

အယူခံတလည်း၊ အကြောင်းမထူး။

လယ်ကေ တစ်ထောင်ကျော်အနက် သုံးပုံနှစ်ပုံကျော်မှာ ရောင်းပေါင်စာရင်းဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အငှားချထားသည့် ခြောက်ခန်းတွဲ နှစ်ထပ် ပျဉ်ထောင် အိမ်ကြီးတစ်လုံးပင် အဆစ်ပါသွားလိုက်သေးသည်။

သူကိုယ်တိုင်က စာမတတ် သောအားဖြင့် စဉ်းစား၊ တွေး ခေါ်မှုအပိုင်းတွင် အားနည်းလှသည်။

သူများပြောသလို ခေါင်းညိတ်ရသည်သာ။

ထောင်သက် နှစ်နှစ်ကျော်ရသွားပြီ။

ပို၍ဆိုးသည်မှာ သူ့လက်စွဲတော် သူယုံတော်နှင့် ဇနီး ဖြစ်သူ မရှမ်းမတို့ နှစ်ယောက်မှာ သွားအတူ၊ လာအတူ၊ နေအတူ၊ ထိုင်အတူရှိရာမှ ငြိစွန်းသွားကြသည်။

လူသားတို့နှင့် သစ္စာဟူသည် ထာဝရ တည်တံ့ ခိုင်မြဲနေရိုး ထုံးစံမရှိ။

ကျေးဇူးတရားကို ထောက်ထားရမည် ဆိုသည်မှာလည်း အချိန်အတိုင်းအတာတစ်ခုအထိသာ ခိုင်ကြံ့သည်။

မရှမ်းမကို ထားဘိတော့။

ကိုဘမောင်...

လူမော်၏ကျေးဇူးတွေ သူ့အပေါ်မှာ ပေးဆပ် မကုန်နိုင်အောင် ရှိထားသူ။

လူမော်အပေါ် ပို၍ သစ္စာစောင့်သိရမည့်သူ။

ခုတော့ ကိုဘမောင်က ကျေးဇူးတရားကို ဥပေက္ခာပြု၍ သစ္စာတရားကို မျက်နှာလွှဲလိုက်ပါချေပြီ။



ခါတိုင်းလိုပင် သူတို့နှစ်ယောက် ထောင်ဝင်စာ သွား တွေ့ကြသည်။

ထူးထူးခြားခြား သူတို့နှင့် ပါသွားသည်မှာ တံဆိပ် ခေါင်းကပ် စာချုပ်စာတမ်း စာရွက်များဖြစ်၏။

ဘာမှရေးမထားသည့် စာရွက်စာတမ်း အလွတ်တွေ။

လူမော်ပိုင် လယ်မြေများ၊ တိုက်တာအိမ်ခြံများ၏ကိစ္စ အဝဝကို ဆောင်ရွက်ရန်အတွက် ဇနီးဖြစ်သူ မရှမ်းမကို အာဏာလွှဲပေးထားသည့်အကြောင်း၊ လူမော်၏ လက်မှတ်ထိုး ပေးထားမှ အဆင်ပြေမည့်အကြောင်းကို ဘမောင်က ပြော သည်။

လူမော်က ကိုဘမောင်ပြောသည်ကို မေးသင့် မေးအပ် ရာများ မေးရမည်ကို နားမလည်။

သည်ကိစ္စက အလွယ်တကူ ခေါင်းညိတ်ရမည့် ကိစ္စမျိုး မဟုတ်။

စဉ်းစဉ်းစားစား လုပ်ရမည့်ကိစ္စ။

သူက အလွယ်တကူ ခေါင်းညိတ်လိုက်သည်။

ကိုဘမောင်က ထောင်ဝင်စာကိစ္စ၊ အာကိစ္စ၊ သူတို့နှင့် အပေးအကမ်း လွတ်သည့်၊ အဆက်အဆံရှိသည့် ထောင် မှူးထံ ခွင့်တောင်းပြီး လက်မှတ်ထိုးစေခဲ့သည်။

တံဆိပ်ခေါင်းကပ်၊ စာရွက်လွတ် ခြောက်ရွက်ပေါ်မှာ

www.burmeseclassic.com



သူ့အား လက်မှတ်ထိုးခိုင်းသည်။

ဒါကိုလည်း သူက ဘာမှအမေးအမြန်းမလုပ်။

ကိုဘမောင် လက်ထောက်ပြသည့်နေရာတွင် လက်မှတ်ထိုး ပေးလိုက်သည်။

ထောင်ဝင်စာမှအပြန်တွင် မရှမ်းမအား လှမော် လက်မှတ် နှင့်ယှဉ်လျက် သူမ နာမည်နှင့် လက်မှတ်ထိုးလိုက်သည်။

ကိုဘမောင်အား အသိသက်သေ နေရာတွင် လက်မှတ်ထိုး သည်။

လှမော်ပိုင်ဆိုင်သည့် လက်ကျန် ဖယ်ယာခမြေနှင့် တို တစ်လုံး၊ ဆိမ်တစ်လုံးအား တရားဝင် အရောင်းအဝယ် ချုပ်သည့်စာချုပ်ကို ငွေပေးရေးခိုင်းသည့် အထက်တန်းရှေ့ နေအား တရားဝင် အရောင်းအဝယ်စာချုပ် ရေးပေးသည်။

လှမော်ပိုင် နှစ်ထပ်တိုက်ကြီးနှင့် အခြားပစ္စည်းအား ကို ရောင်းချပြီး ကိုဘမောင်နှင့် မရှမ်းမတို့ မြို့ကနေပျော သွားသည်။

လှမော်မှာ ထောင်ဝင်စာ လာမည့်သူမရှိ၊ ဘာမရှိ ဒုက္ခပေါင်းစုံကို ခါးစည်းခံရသည်။

ထောင်မှလွတ်ဖို့ မျှော်ကလအလို အဆုတ်ရောဂါဝေဒ ခံစားရသည့် လှမော်မှာ ထောင်ထဲမှာပင် ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသွားသည်။



ဦးသာခင်က သူ့ကိုယ်တွေ့အဖြစ်အပျက်နှင့် ထောင်ထဲ ရောက်စဉ် သိရှိခဲ့ရသည့် ဥစ္စာရှေ့ထိုး လူခိုးနိုင်သည့် ဖြစ်ရပ် ကြောင်းကို သူ့အားပြောပြ၍ ပညာ ဆက်ဆင်ဖို့နှင့် ကြိုး စားဖို့ ဆုံးမစကား ပြောခဲ့သည်။

www.burmeseclassic.com

( နှစ် )

ဦးသာခင်ပြောပြသည့် သူကိုမသိမမီလိုက်သော အင်္ဂလိပ်ခေတ်က လူမိုက် တချို့ အကြောင်း သိရှိခွင့် ရလိုက်သည့်အတွက် ဗဟုသုတ ရရှိလိုက်သည်။

ဦးသာခင်က ပစ္စည်းသင်္ခါရသဘောနှင့် သူခိုးနိုင်သည့် ဥစ္စာရွှေအိုးထက်၊ လူမခိုးနိုင်သည့် ပညာရွှေအိုးကို ပိုင်ဆိုင်ခြင်းသည်သာ ကိုယ်နှင့်ကော မြဲသည့်ဓနဖြစ်ကြောင်း တွန်းအားပေးစကား ပြောခဲ့သည်။

အဘက်ဘက်က အခြေအနေ ပေးနေပါလျက်၊ ပညာအမွေကို ရအောင်မယူနိုင်လျှင် ဘဝရှေ့ရေးအတွက် စိတ်မချရကြောင်း သူ့ကိုယ်တွေ့ဘဝနှင့် ယှဉ်၍ပြောပြသည်။



'ဒီ့ပြင်လူကို ကြည့်နဲ့ကွာ၊ ငါ့ကိုပဲကြည့်၊ ငါငယ်ငယ်တုန်းက မင်းတို့ထက် အခြေအနေ ကောင်းခဲ့တာပေါ့၊ ငါ့အဖေဟာ မင်းတို့အဘိုးထက် ချမ်းသာတာပေါ့၊ ငါ့အဖွား ရွှေအိုးကြီးကိုသာ မြဲလိမ့်မယ်လို့ အောက်မေ့ပြီး ပညာအမွေ မယူခဲ့ဘူးလေ၊ မင်းတို့အဘိုးနဲ့ မင်းတို့ဦးလေးသာ မစောင်းလို့သာ ငါ ဒီအခြေအနေမျိုးနေနိုင်တာ၊ နို့မဟုတ်ရင် ငါဟာ ဘာဖြစ်သွားမယ်ဆိုတာ တွေးတောင်မတွေးရဲဘူး…

'မင်းအဖေဟာ မင်းကို စိမ်းထား ရက်စက်တာ မဟုတ်ဘူး၊ မင်းဘဝကိုမြင့်စေချင်လွန်းတဲ့ သူ့ဆန္ဒနဲ့ မကိုက်ညီလို့ မင်းကိုခုလိုလုပ်ခဲ့တာပဲ၊ အဲဒါကို မင်း သဘောပေါက်ဖို့လိုတယ်၊ ခုချိန် စပြီး မင်းကိုယ်တိုင် ပညာတတ်တစ်ယောက် ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်မွေးပြီး ကြိုးစားပေတော့'

သူ့ဘဝလမ်းကြောင်း မတိမ်းစောင်းစေအောင် ဦးသာခင်က နှုတ်ဖြင့် ထိန်းမတ် ပေးသလို၊ ဦးလေးဖြစ်သူကလည်း ပညာရေးအတွက် လိုအပ်သမျှကို ပံ့ပိုးကူညီ ပေးခဲ့သည်။

သူတို့မြို့ပေါ်တွင် အငြိမ်းစား ဝန်ထောက်ကြီး တစ်ဦး ရှိသည်။

ဦးမောင်မောင်တင်။

ရွှေခေတ်ဘီအေအတွဲကို အင်္ဂလိပ်စာဂုဏ်ထူးနှင့်အောင်မြင်ခဲ့သူ။

သူက လူပျိုကြီး။ နှမအပျိုကြီးနှင့် အတူနေသည်။

www.burmeseclassic.com



စိန့်ဆင်အားလည်း ပြည့်စုံသည်။

သူ့အိမ်မှာ ဆယ်တန်းသခ်ာမျာ်းကို အင်္ဂလိပ်စာနှင့် ယှဉ်ပြီး အခမဲ့ သင်ပေးသည်။

ငွေကြေးမယူ၊ သူက ပညာဒါနကုသိုလ်သမား။

ဦးမောင်မောင်တင်က ငွေကြေးတစ်ပြားတစ်ချပ်မှ မယူဘဲ စေတနာမှ စည်းကမ်းတော့ အလွန်ကြီးသည်။

သူချမှတ်ပေးသည့်မူအတိုင်းမလိုက်နာလျှင် စာကြိုးစားဆင်ယူမှုကို အလေးမထားလျှင် မျက်နှာကြီးသားသမီးဖြစ်စေအားမှ တစ်ရက်သော်မှ လက်မခံ။

စာနှင့် ပတ်သက်လာလျှင် နည်းနည်းလေးမှ အလျှော့အတင်းမထား။

ကြွေပေးတော့ဟု ပြောလိုက်လျှင် သူ၏သင်တန်းနှင့် နောက်ထပ် ပတ်သက်လို့မရ။

တင်ကြိမ်တစ်ခါမို့ ဆိုသည်မျိုးကို လက်မခံ။

ပြောပြီဆိုလျှင် ပိသာလေးနှင့်ဘေးပစ်တာထက် ပို၍ဆိုးသည်။

ဒါကြောင့်လည်းကိုယ်တိုင်ခံဝန်နှင့်တက်ရသည့် ကျောင်းသားများမှာ ပြနေကာနေအောင် ကြိုးစားရသည်။

ဦးလေးဖြစ်သူကိုယ်တိုင် ဦးမောင်မောင်တင်ထံ အပ်နှံစဉ်က တစ်နေ့စာကို မပစ်ခန့်ကုန်အောင် လုပ်မည်ဆိုသည့် ကတိခံဝန်ချက် လက်မှတ်ထိုးရသည်။



မင်းသူမှာ နဂိုကတည်းက ဉာဏ်ရည်ဉာဏ်သွေး ညံ့သူမဟုတ်။ အသိုက်အလျောက် ကြိုးစားမှုလည်း ရှိသူဖြစ်၏။

ပွင့်မာနှင့် တွေ့ကြုံပြီးနောက် တစ်ဖက်စွန်း ရောက်စိတ်ကြောင့် ဆယ်တန်းစာမေးပွဲ ကျခဲ့ရခြင်းဖြစ်သည်။

ခုတော့ သူက စာအုပ်နှင့် မျက်နှာ မကွာရအောင်ကို ကုန်းရုန်းကြိုးစားခဲ့ရသည်။

မကြိုးစားလို့လည်းမဖြစ်။

လူများရပ်ရွာမှာ အရှက်တကွဲ အကျိုးနည်းကိုနှီး ဆိုက်သည်။

ဝန်ထောက်ကြီး ဦးမောင်မောင်တင့် ကျေးဇူးကြောင့်တစ်ကြောင်း၊ သူ၏ဇွဲခတ်၍ ကြိုးစားမှုကြောင့်တစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းကို အောင်မြင်သွားသည်။

ကြီးတော်ထံသို့လည်းကောင်း၊ ဖခင်ကြီးနှင့် မိခင်ကြီးထံသို့လည်းကောင်း၊ သူ၏ စာမေးပွဲ အောင်သည့်အကြောင်း စာရေးရာတွင် လေလုံးထွားထွား ခပ်ကြွားကြွား ရေးလိုက်၏။

သူက ကျေးဇူးရှင် ဆရာကြီး ဦးမောင်မောင်တင်ကို ထိုက်ထိုက်တန်တန်ကန်တော့ချင်သည်။

ဦးမောင်မောင်တင်က ဒါမျိုးတွေကို လုံးဝ လက်မခံ။

လက်ဆောင် ပေးတာတို့၊ ပစ္စည်းနှင့် ကန်တော့လျှင် အကန့်ခတော့မခံသည့်အပြင် ဆူပူကြိမ်းမောင်းပြီး ပြန်လွှတ်တတ်သည်။

www.burmeseclassic.com



တကယ်စိတ်ပါလက်ပါ ဆန့်တော့ချင်ရင် လက်အုပ်ချီ ရှိုးရှိုးဆန့်တော့ရမည်ဟု မှာထားသည့်အပြင်၊ သူပေးသည့် ဆုကို ရေှတစိုက်နားထောင်၍ နှလုံးသားထဲမှာ ရှာသက်ပန် စွဲမြဲအောင် မှတ်ထားရမည်၊ သူ၏ဆန္ဒအတိုင်း ရှာသက်ပန် ထိန်းသိမ်းလျှင် လူ့အသား ကျေးဇူးဆပ်ရာ ရောက်မည်ဟု အမှာစကား ပြောထားသည်။

'ရတနာသုံးပါးကို ဦးထိပ်ထားအနန္တောအနန္တငါးပါးကို ထာဝစဉ်ထာဝရ ရှိသေကိုင်းရှိုင်း၊ ကောင်းတာမှန်သမျှကိုလုပ်၊ မကောင်းတာမှန်သမျှကိုရှောင်၊ အသိမှန်မှ အမှန်သိမယ်၊ အမှန်သိအသိမှန်တဲ့ လူတော်လူကောင်းဖြစ်အောင် ကြိုးစား၊ အဲဒါ ဆရာ့ရဲ့ ဆုပေးအမှာစကားပဲ'

စာမေးပွဲအောင်ပြီးနောက် တက္ကသိုလ်ဘွဲ့ရအောင် လုပ်မလား၊ စီးပွားရေးလုပ်ရမလား၊ ဒါကိုတော့ သူကိုယ်တိုင် မဝေခွဲနိုင်ဖြစ်နေသည်။

ဦးလေးဦးသန်းထူးကတော့ အထူးအထွေမပြော။ စိတ် ဆန္ဒရာကို ကိုယ့်ဟာကိုယ်ဆုံးဖြတ်ပြီး လုပ်ဖို့ပြောသည်။

ကြီးတော် ဒေါ်သိန်းနွဲ့နှင့် မိခင်ကြီးက ရန်ကုန်ကို အမြန်ပြန်ဖို့ စာရေးလိုက်သည်။

ဖခင်ကြီးက စာမေးပွဲအောင်အောင် ကြိုးစားသည့်အတွက် ဝမ်းသာကြောင်း တိုတိုတုတ်တုတ်ပဲ ရေးလိုက်သည်။ ... လုပ်သင့်သည်ဆိုသည်ကိုမူ ဘာမှမရေးလိုက်။



ဦးဖာခင်က စီးပွားရေး လုပ်ငန်းနှင့် ဝင်ရောက်ရန်အရွယ် မရောက်သေးသောကြောင့် ပညာရေးကို ဆက်လိုက်သင့် ကြောင်း ပြောသည်။

သူက ဦးလေးနှင့် အဒေါ်ဖြစ်သူထံ ရန်ကုန်သို့ ခေတ္တ ပြန်မည့်အကြောင်းပြော၍ ရန်ကုန်သို့ပြန်ခဲ့သည်။

ရန်ကုန်ရောက်သည့်အခါ အိမ်ကိုတန်းမသွားဘဲကြီးတော် ဖြစ်သူထံ သွားခဲ့သည်။

ကြီးတော်က တက္ကသိုလ် ဆက်တက်ရမည်၊ အဲသည် အတွက် အားလုံး သူတာဝန်ယူမည့်အကြောင်း ပြောသည်။

'မင်း ဘာလုပ်ချင်သလဲဆိုတာကို အခုမဆုံးဖြတ်နဲ့၊ ဘွဲ့ရ ပြီးမှ ဆုံးဖြတ်၊ အဲဒါ ကြီးနဲ့ရဲ့ သဘောထားပဲ၊ မင်း အိမ်ကို မပြန်ပြီးရင် ဒီကိုပြန်လာခဲ့၊ ဒီမှာပဲနေ'

ဖခင်ကြီးနှင့် တွေ့သည်။

တိုတိုတုတ်တုတ်ပဲ မေးသည်။

'မင်း ဘာဆက်လုပ်မလဲလို့'

သူက ကြီးနဲ့ပြောလိုက်သည့် သူ့အိမ်မှာပဲနေပြီး ကျောင်း ဆက်တက်ဖို့အကြောင်း ပြောပြသည်။

'မင်းကတော့ ကျောင်းဆက်တက်ချင်သလား'

'ဟုတ်ကဲ့ တက်ချင်ပါတယ်'

'ဒါဆို မင်းအတွက် ငါတာဝန်ယူမယ်၊ မေကို ပြောလိုက်'

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး ထိုသို့ပြောဆိုလိုက်သည့်အတွက် သူ့ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိတို့ လှိုန်လှိုန်ကဲကဲကြီး ခံစားလိုက်ရသည်။

ဖခင်ကြီး ထိုသို့စကားမျိုး ပြောလာလိမ့်မည်ဟု သူလုံးဝ မထင်မှတ်ခဲ့၊ မမျှော်လင့်ခဲ့။

သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်သွားသည်မသိ။

ချက်ချင်းပင် ဖခင်ကြီးကို ထိုင်ကန်တော့လိုက်သည်။

ဖခင်ကြီးက လူကြီးများ၏ ပေးရိုးပေးစဉ် ဆုပေးတာတို့ မလုပ်၊ ခေါင်းတညိတ်ညိတ်ဖြင့် အကန်တော့ခံသည်။

ပြီးတော့မှ သူ့ပြောချင်တာကို ပြောသည်။

'အေး...တစ်ခုတော့ရှိတယ်၊ မင်း ဘွဲ့ရအောင် ပညာကို ကြိုးစား၊ ဘွဲ့ရပြီးရင် ပန်ကာအောက်မှာထိုင်ပြီး လုပ်ရတဲ့ အလုပ်မျိုးနဲ့တော့ ငါတို့ကို ကျေးဇူးမဆပ်နဲ့၊ ငါ့ရဲ့ အမွေကို ဆက်ခံပြီး ငါ့ရဲ့လုပ်ငန်းကြီးကိုဦးစီးလုပ်ကိုင်ရမယ်၊ ဘယ့်နှယ်လဲ...လုပ်နိုင်ပါ့မလား'

ထိုသို့ပြောလာသည့်အတိုင်း သူကလည်း လုပ်ကိုင်ပါမည်ဟု ကတိပေးလိုက်သည်။

သည်တော့မှ ဖခင်ကြီး၏ မျက်နှာပေါ်တွင် ဟက်ဟက်ပက်ပက် အပြုံးရိပ်သမ်းသွားသည်။

သားအဖနှစ်ယောက်ဘေးတွင်ထိုင်၍ သားအဖနှစ်ယောက်၏ ပြောဆိုနေသည်ကို နားထောင်နေသည့် မိခင်ကြီး ရင်ထဲ



ာ လှိုက်ထင်သော ဝမ်းသာအယ်လဲမှုကို နှင့်နှင့်ပိုးပိုးကြီး စားလိုက်ရသည်။

ချစ်သောသားနှင့် ခွဲခွာနေရသည်မှ နေ့စဉ်နှင့်အမျှခံစား နေရသည့် သောကမီးမှာ တစ်မုဟုတ်ချင်း ငြိမ်းသက်အေးမြ သွားသည်။

မိခင်ကြီးဖြစ်သူ ဒေါ်ခင်ဝင်းမှာ သည်သို့သော အခြေ အနေ လုံးဝဖြစ်လာလိမ့်မည်ဟု လုံးဝမျှော်လင့်မထား။

ခုတော့ သူမ၏ မျှော်လင့်ချက်အားလုံး ပြီးပြည့်စုံသွား သည်။

ကြီးဒေါ်ဖြစ်သူကလည်း မောင်ဖြစ်သူ၏ ပြောင်းလဲ သွားသော သဘောထားကို ဝမ်းပန်းတသာ လက်ခံလိုက် သည်။

သူ၏ ဘဝရှေ့ရေးမှာ တည်ငြိမ်၍ အကောင်းဘက်သို့ ဦးတည်ခဲ့ပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(ကိုး)

ဦးထေးတို့ ဇနီးမောင်နှံနှင့် အဘဦးသာခင်ကို ကန်တော့ နှုတ်ဆက်ရန် သူတတ်နိုင်သမျှသော ငွေကြေးဖြင့် ကန်တော့ရန်ပစ္စည်းများဝယ်၍ ကြို့ပင်တောက်သို့ ပြန်ခဲ့သည်။

အားလုံးပင် စိတ်မကောင်း ဖြစ်နေကြသည်။

ချက်ချင်းမပြန်နဲ့ဘဲ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် နေပါဦးဟု ဆွဲထားကြသောကြောင့် ဆက်နေရသည်။

မပြန်ခင် လေးရက်အလို တစ်နေ့—

အဘဦးသာခင်ထံ အလည်ရောက်လာသော အဘဦးသာခင်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သူ အဘဦးညွန့်မောင်ဆိုသူ ပုဂ္ဂိုလ်တစ်ယောက်နှင့် တွေ့သည်။



ဦးသာခင်က ဦးညွန့်မောင်နှင့် ဘယ်လိုတော်စပ်သည်ဆို အကြောင်း ပြောရာမှ နောက်ဆက်တွဲ ပြောလာသည့် နာမည် ကြောင့် သူ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

'မအေမွေးတုန်းက နာမည်ကတော့ ညွန့်မောင်ပေါ့ကွယ်၊ ခုတော့ ရိုးရိုးညွန့်မောင်မဟုတ်တော့ဘူး၊ ကျွန်းပြန်ညွန့်မောင် ဆိုတဲ့ နာမည်နဲ့ကို အများက အသိအမှတ်ပြုပြီး ခေါ်လာ ကြတယ်၊ လူသတ်မှုနဲ့ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံ ရပြီး တစ်ကျွန်းကို ရောက်သွားတာကွ၊ သူ့ အဖြစ်အပျက်က တဝလုံးသားတွေ တွေ့ကြုံခံစားရတဲ့ အဖြစ်အပျက်တွေထဲမှာ အတော့်ကို ထူးခြားဆန်းကျယ်တဲ့ အဖြစ်အပျက်လို့ ပြောရ မှာပေါ့၊ မယုံရင်ပုံပြင်လို့ မှတ်လို့ ဆိုရမလားပဲ'

ဘကြီးသာခင်က ထိုသို့ပြောလာသောကြောင့် သူ၏မျက်လုံး များမှာ ကျွန်းပြန်ကြီး ဦးညွန့်မောင်ထံသို့ စူးရှောက်သွား သည်။

အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ဦးညွန့်မောင်၏ရုပ်သွင် မှာ လူရိုးလူကောင်းတစ်ယောက်၏ရုပ်သွင် ထင်ရစ်နေသည်။

သဘောကောင်းသော လူတစ်ယောက်နှင့် သဘောဆိုး သော လူတစ်ယောက်၏ သွင်ပြင်လက္ခဏာများမှာ ကြည့် လိုက်ရုံနှင့် ဘယ်လိုဆိုသည်ကို အကဲခတ်လို့ရသည်။

ဦးညွန့်မောင်မှာ လူရိုးလူကောင်း သဘောမနောပြည့် သူအသွင် ပြည့်ဝထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘ ဦးသာခင်က ဆက်ပြောသည်။

'လူတစ်ယောက်ကို တွေ့တဲ့ အခါတိုင်း နှိုင်းယှဉ် ထိုးဖို့ နေနေသာသာ၊ လက်ဝါးနဲ့ လက်သီးနဲ့သော်မှ လူတစ်ယောက်ကို ထိခိုက်နာကျင်အောင် မလုပ်ဖူးခဲ့တဲ့၊ လူသတ်မှုနဲ့ တစ်ကျွန်းကို ရောက်သွားရတယ်လို့ ပြောရင် ယုံနိုင်စရာ မရှိပေမယ့် တကယ့် အဖြစ် အပျက် ကတော့ အဲဒီ အတိုင်းပဲ'

အဘ ဦးသာခင်ဟာ မဟုတ်တာ မပြောတတ် သူ့အဖြစ် သိထားပေမယ့် ကျွန်းပြန်ကြီး ဦးညွန့်မောင်အကြောင်းကို ပြောလာတော့ မယုံရအခက်၊ ယုံရအခက် ဘဝင်မကျစရာ ဖြစ်ရသည်။

'ဖြစ်တောင့်ဖြစ်ခဲ့လို့ ကြုံရမယ့် သူ့အဖြစ်အပျက်ကို မဟုတ်တာဖြစ် မင်းကို ပြောပြမယ်'

ကျွန်းပြန်ကြီး ဦးညွန့်မောင်၏ ဇာတိချက်မြှုပ် ချက်ကြီး မြှုပ်သည့်ရွာမှာ မကျည်းကုန်းရွာ။

မကျည်းကုန်းရွာမှာ ရွှေတောင်မြို့နှင့် မလှမ်းမကမ်း အင်းမရွာတန်းရှည်ကြီးနှင့်လည်း မဝေး၊ ကျီးသဲနှင့်လည်း ခရီးတာမကွာကျင် တည်ရှိထားသော ရွာ။

ကိုညွန့်မောင်မှာ ငယ်စဉ်ကတည်းက ရိုးရိုး အေးအေး နေတတ်သူ၊

ထိုတောလည်း ကောင်းသည်၊ သည်းခံစိတ်လည်း ရှိသည်။

လူ့ထက် ကြီးသူများအား အနိုင်ကျင့်ပြီး၊ ဟိုတခ ခိုင်း၊ သည်တခ ခိုင်း ခိုင်းစေသည့် အခါတွင်လည်း ပြန်ဆန်လေ့မရှိ။

သူ တတ်နိုင်တာကို လုပ်ပေးလေ့ရှိသည်။

ဒါကြောင့်လည်း ရွာက လူတွေက သူ့ကို ချစ်ကြခင်ကြသည်။

သူက မုဆိုးမသား။

တချို့ မခံချင်သူများက သူ့အပေါ် အနိုင်ကျင့်သည်ကို လက်တုံ့ပြန်ဖို့ မြှောက်ပင့်ပေးကြသည့်တိုင် သူက သူ့စရိုက် အကျင့်အတိုင်းပင် နေသည်။

မိခင်ဖြစ်သူက ရန်ဖြစ်လာ၊ ဘာလာလိုပ်သည်ကို အမေ့အထကို မြှောက်ထိုးစင့်ဆော်လုပ်မပေး။

'သား… ဘယ်သူနဲ့မှ ရန်မဖြစ်ရဘူးနော်၊ ဟိုလိုက်ရှင်းရ ဒီလိုက်ရှင်းရတာမျိုး အမေ မလုပ်နိုင်ဘူး'

ဟုမြစ်စကား၊ ဆုံးမစကား ပြောလေ့ရှိသည်။

ညွန့်မောင်၏မိခင်ဖြစ်သူ ဒေါ်ခလေးမအေ ဓောက်ညှင်းခြေထောက်မှစ နာမည်ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်း ခြေထောက်ဖုံဖုံ ရှောင်းသည့် ဒေါ်ခလေးမမှာ မိသားစု တစ်ဝမ်းတစ်ခါကို ဝအောင် ကျွေးနိုင်သည်။

ထင့်ထင့်သော ခါးဝတ်ဖို့ ဆင်ပေးနိုင်သည်။

ရွှေတောင်မြို့၏အဓိကဆရဖြစ်သော ရွှေနတ်တောင်ဘုရားပွဲတော်မှာ နှစ်စဉ် တပေါင်းလတွင် ကျင်းပမြဲဖြစ်သည်။

ခြေခင်း လက်ခင်း သာသည့်ဆ ဖြစ်သည့် အနေလျောက် အလှန်စည်ကားသည့် ပွဲတော်အဖြစ် ပြောစမှတ် ပြုသည်။

ရွှေနတ်တောင်ဘုရားခြေရင်းရှိ ပွဲခင်းကြီးမှာ ဟိန်းထနေသည်။

ဈေးဆိုင်တန်းကြီးကလည်း ဟီးထသို့...

လှည်းဆိုင်းကြီးအလည်း ဝိုင်းကြီးပတ်ပတ် အထပ်ထပ်။

ရွှေတောင်ဝန်းကျင်က မြို့ရွာ တောပါးအကြွ သမိုကြက်ပျံမကျအောင် စည်ကားသည့် ရွှေနတ်တောင်ပွဲတော်။

မိုးအလင်း ကပြသည့် ဇာတ်ပွဲအလည်း နှစ်ပွဲ၊ သုံးပွဲ ပါစမြဲ။

ညွန့်မောင် အမေ ဒေါ်ခလေးမှ၏ကောက်ညှင်းပေါင်းဖက်ထုပ် ကောက်ညှင်းခြေထောက်က လက်မလည်အောင် ရောင်းရ သမို ညွန့်မောင်မှာ အချိန်ပြည့် အမေ့ဆိုင်မှာ ကူညီ လုပ်ကိုင် ပေးနေရသည်။



ထိုစဉ်က ညွန့်မောင်၏ အသက်မှာ နှစ်ဆယ်ဝန်းကျင်။

ညွန့်မောင်မှာ လူငယ်ဘာဝ၊ ပွဲခင်းဘက်သို့ ခြေဦးလှည့်လိုသော်လည်း၊ မလှည့်နိုင်ရှာ။

သူတို့မိသားစုမှာ သည်တစ်ပွဲအားခဲပြီး ရောင်းပါမှ မိုးတွင်းစာ နပ်မှန်သည်။

သို့မို့ကြောင့် ညွန့်မောင်မှာ ညဉ့်နက်ပိုင်းကျမှ ပွဲခင်းဘက်သို့ ခြေဦးလှည့်နိုင်ရှာသည်။

အချိန်မှာ ညဉ့် ဆယ့်တစ်နာရီခန့် ရှိပြီ။

ညွန့်မောင်မှာ အောင်ပြီမ်း၊ တက်ခေတ်စိန် ဇာတ်ပွဲခင်းနှစ်အကျော်၊ စီစီညံညံအသံများ ထွက်ပေါ် လာသည်။

'ဟဲ့...တဲ့ ဆဲကြပါဦး၊ လုပ်ကြပါဦး၊ လက်လွန်ကုန်ကြရင် ဒုက္ခပါပဲ၊ ကြည့်မနေကြပါနဲ့၊ ကြည့်မနေကြပါနဲ့'

'မကျည်းကုန်းသားကွ၊ မတရားရင် မခံဘူး၊ မထိုင်သူ အနှစ်မကပ်ကြနဲ့'

ရန်ပွဲအစ ဘယ်လို ဘယ်ရ စလိုက်မှန်း မသိစေကာမူ၊ စီခနဲဆို လူတွေ ဝိုင်းအုံရောက်စမြဲ နေရာသို့ သူလည်း ရောယောင်ပြီး ရောက်သွားသည်။

ထိုခေတ်က ပွဲတော်လာလူငယ်များမှာ ဓားမြှောင်ကိုင်ဆောင်လေ့ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သော လူဝယ်မှာ ရင်ဖုံးအကျႌ ခါးတန်းလန်းနှင့်။

သူ၏ သူငယ်ချင်း အောင်ဖေ။

ခါးတန်းလန်းနှင့် လဲကျရန် ယိုင်ထိုး၊ ယိုင်ထိုး ဖြစ်နေသည့် အောင်ဖေကို သူက ဝင်ပွေ့လိုက်သည်။

သူက ခါးကို ဆွဲနုတ်ရန် ခါးရိုးကို ကိုင်ဆိုက်သည်။

သူကိုယ်တိုင်က ဘာစလုံး၍ လုပ်မိမှန်း မသိ၊ လုပ်လိုက်မိခြင်းဖြစ်သည်။

ထိုစဉ် ရှေ့နေတော်တောင်ပုံကြပ် စာဆင်ကြီး၊ ဦးဘိုးထွား နှင့် ပုလိပ်သားနှစ်ယောက် ရောက်လာသည်။

အောင်ဖေမှာ ညွန့်မောင် ပွေ့ထားသည့်အတိုင်း ရှိနေသည်။

အသက်ဇီဝိန်မချုပ်သေး။

စာသင်ကြီး ဦးဘိုးထွားက ဂရင်နာတစ်လုံးထိုး ခေါင်းတော်ဖြင့် ထိုးချိန်ထားရင်း နောက်ပေါ် တစ်ယောက်အား ညွန့်မောင်ကို လက်ထိပ်ခတ်ရန် အမိန့်ပေးလိုက်သည်။



အောင်ဖေကို မြေကြီးပေါ်သို့ အသာအယာချထားပြီး စာဆင်ကြီးက အောင်ဖေနားနားကပ်၍ ဘာ့အား ခါးနှင့် ဘယ်သူ ထိုးသွားကြောင်း မေးသည်။

အောင်ဖေက နာမည်ကို မပြောနိုင်။
သူ....သူ ဟူသာ မပွင့်တပွင့် ပြောနိုင်သည်။
ထိုစဉ် တမြူးရှာဇဝတ်အုပ် ရောက်လာသည်။
အောင်ဖေကို ဆေးရုံပို့ရန် အမိန့်ပေးသည်။
ဆေးရုံရောက်တော့ အောင်ဖေ အသက်မရှိတော့။

စာဆင်ကြီးက ရာဇဝတ်အုပ်ကို သူတွေ့မြင်ခဲ့သည့် အဖြစ်အပျက်ကို အစီရင်ခံသည်။

စာသင်ကြီးက ညွန့်မောင်ကို တရားခံအဖြစ် အပိုင်စွပ်စွဲလိုက်သည်။

ထိုခေတ်က ဂါတ်တို့ ရုံးတို့နှင့် ဆက်ဆံရမည်ကို မြန်မာလူမျိုးများ အလွန်ဝန်လေးကြသည်။

အထူးသဖြင့် တောသူတောင်သားများမှာ ပုလိပ်၊ ဂါတ်၊ တရားရုံးနှင့် အဆက်အဆံ မလုပ်လိုကြ။

အထူးသဖြင့် သက်သေလိုက်ရမည့် ကိစ္စမျိုးကို ရှောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုစဉ်ဇာရန်ပွဲအနီးအနားတွင်ရှိနေသူတချို့အားရာဇဝတ်အုပ်က သွားရောက်စစ်ဆေး မေးမြန်းသည့်အခါ သူတို့အားမှ မမြင်မတွေ့လိုက်ရကြောင်း ထွက်ဆိုချက်ပေးကြသည်။

တချို့ကလည်း မရေမရာ ပြောကြသည်။

ထိုမရေမရာထွက်ဆိုချက်များကလည်း ညွန့်မောင်အတွက် ပေါ့စေလိုလို ကြောင်ရှပ်ထိုးအားမှ ဆေးအတွက်လေးဆိုသလို ဖြစ်ရပြန်သည်။

ထိုခေတ်က လူသတ်မှုဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ့ အမှုကြီး။

လူသတ်မှုဖြစ်ပြီဆိုလျှင် တရားခံကို အမြန်ဆုံးဖော်ထုတ်၍ ဖမ်းဆီးရမိအောင် လုပ်ကြရသည်။

နို့မဟုတ်လျှင် ဗိုလ်ဂျီတိုက်တစ်ခုလုံး ခေါင်းကြိမ်းရ၏။

အဆူအပူ အကြိမ်းအမောင်းကို နေ့စဉ်ခံရသည်။

တာဝန်ရှိသည့် အင်စပက်တော်တို့ ဌာနအုပ်တို့ အပြောင်းအရွှေ့ခံရသည်။

ဝေးလံသီခေါင်လှသော နေရာများသို့ အပို့ခံရသည်။



သို့မို့ကြောင့် ခါးရိုးပေါ်မှာ လက်ရာထင်နေသည့် ညွန့်မောင်အပေါ် ပုံချပြီး တရားခံမဖြစ်ဖြစ်အောင် လုပ်လိုက်ကြသည်။

ညွန့်မောင်ဘက်က ငွေရေးလုပေါ့ လိုက်အားမရှိ။

ပုလိပ်က အကွက်ဆင်ပေးထားသည့် သက်သေများ၏ ထွက်ချက်က ညွန့်မောင်သည်သာ လူသတ်မှု တရားခံ ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်သည်သို့ ဖြစ်ခဲ့ရချေ၏။

တရားသူကြီးက အခွစ်အရာရှိ၏ ထွက်ဆိုချက်၊ သက်သေများ၏ ထွက်ဆိုချက်ကို အဓိကထား၍ အမှုကို စီရင်ဆုံးဖြတ်ရသောကြောင့် ညွန့်မောင်အား လူသတ်မှုတရားခံအဖြစ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်သည်။

နယ်ချဲ့အင်္ဂလိပ်တို့အုပ်ချုပ်စဉ်ကာလက ညွန့်မောင်တို့လို တရားခံမဟုတ်ဘဲ တရားခံဖြစ်ရသူတွေ အများကြီးရှိသည်။

'ခု...မင်းတွေ့နေရတဲ့ တစ်ကျွန်းပြန်ကြီး ကိုညွန့်မောင်ဟာ လူသတ်မှုကို လုံးဝကျူးလွန်ခဲ့ပဲ တစ်ကျွန်းဆောက်ပြီး လွတ်လပ်ရေးရတော့မှ ကိုယ့်နေရပ်ဌာနေကိုပြန်ရောက်လာတဲ့ ကျွန်းပြန်ကြီးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဘတို့ တစ်ကျွန်းမှာ အတော်ကြီး ဒုက္ခရောက်ခဲ့ရှာ ပေါ့နော်'

'ရောက်စက လောကကြီးရဲ့ ရောက်နေရသလား၊ အောက် မေ့ရလောက်အောင်ကို ဒုက္ခရောက်ခဲ့တာပေါ့ကွာ၊ နေ့ရက်ပိုင် တော့ အထိုက်အလျောက် အဆင်ပြေသွားတာပေါ့ကွာ၊ ဒါပေမယ့် အရင်းအနှီးပြုပြီး ပေးဆပ်ရတဲ့ ဒုက္ခတော့ ဘယ်လောက်ပါမလဲ၊ ကြမ္မာဝင့်ကြွေး ပြေးမလွတ် ခံရတာ တော့ အဘ ဘဝင်ဆိုပါတော့၊ ကိုယ့်မွေးရပ်မြေကို ပြန်ရ တော့မယ်ဆိုတုန်းက ဘယ်ယုံပါ့မလဲ၊ နှုတ်ရှိလို့သာ ကြား ရိုက်ရတယ်လို့ အောက်မေ့တာ၊ သင်္ဘောပေါ်အဆင်းပြီး ကိုယ့်မြေပေါ် ခြေချလိုက်ရတော့မှပဲ ငါ တကယ်ပြန်ရောက် ပါလားလို့ ယုံလိုက်ရတာ'

'အဘက လွှတ်မှု နေကျူးလွန်ခဲ့တဲ့အကြောင်း ပြောင်းခဲ့ ပါသလား'

'ပြောင်းတာပေါ့ ကိုရင်လေးရာ၊ ဂါထာတဲ့မှာရိုက်တာ စိစိ ညက်ညက် ကြွေလို့ ပြောရလောက်အောင် ရိုက်တာ၊ ပီတော့လည်း ဘယ်ခံနိုင်တော့မလဲ၊ ရှုံးလျှော့တော့လည်း ကိုယ့် ဖက်က ရှေ့နေမှ ငှားနိုင်တာ၊ အစိုးရအမေးတဲ့ ရှေ့နေ



ရှာလည်း ဝါဒိဗ္ဗကျူတန် ကျေးလာကိမ့်ဆိုတော့ ပြစ်ဒဏ်ခံရ တော့တာပေါ့'

ကျွန်းပြန်များကို နိုင်ငံတော်အ အသုပ်အကိုင် ရှာဖွေ ပေးသည်၊ နေထိုင်ရန် နေရာချထားပေးသည်။

အမျိုးစုအ ဇာတိချက်ကြွေ မွေးရပ်မြေကိုမပြန်နိုး။

ရန်ကုန်မှာပင်နေထိုင်ပြီး နိုင်ငံတော်က ရှာဖွေပေးသည့် လုပ်ငန်းခွင်မှာ ဝင်ရောက်လုပ်ကိုင်ပြီး ရန်ကုန်မှာပဲ အခြေချ နေကြသည်။

ဦးညွှန့်မောင်တို့ကို ဇာတိချက်ကြွေမွေးရပ်မြေကို ခင်တွယ် ကြသူ အနည်းစုသာ လောက်ပံ့ကြေးငွေကိုယူပြီး ကိုယ့်ရပ် မြေသို့ ပြန်ခဲ့ကြသည်။

ခုတော့ ဦးညွှန့်မောင်က တစ်ကျွန်းက တတ်မြောက်လာ သည့် လက်သမားပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုရ တာဝန်ဝင်ချိန်ကို စောင့်မျှော်ရင်း အေးချမ်းစွာ နေထိုင် နေသည်။

ကြို့ ပင်ကောက်မှာ ထိမ်းသောက်ရန် လုပ်ငန်းခွင်သို့ ...င်၊ အဘဦးအာခင်ထံ အလည်ဝင်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ဆိုသည့် စကားပမာ ဦးညွန့်မောင်၏ တဝမြစ်ရပ်ကြောင်းနှင့်တော့ မကိုက်ညီဟု ဆိုရပေသည်သာပေါ။

## (တစ်ဆယ်)

ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် တက္ကသိုလ်ပညာရေးလမ်းကြောင်းကို ဆက်လျှောက်လှမ်းခဲ့သည်။

ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်သော ကျောင်းသားတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုထိန်း၍ တည်တည်ငြိမ်ငြိမ်ပင် နေထိုင်ခဲ့သည်။

စာတော်သော၊ စာကြမ်းပိုး ကျောင်းသားတစ်ယောက်မဖြစ်စေကာမူ စာမေးပွဲများကို အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့သည်။

ကြီးတော်ဖြစ်သူကလည်း လိုလေသေးမရှိ ပံ့ပိုးထောက်ပံ့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး၏ သူ့အပေါ် ဆက်ဆံရေးမှာ ပြေလျော့သွားသည်။

ကျောင်းအားရက်များတွင် သင်ပေးသင့်ရာ၊ ပြပေးသင့်ရာ လုပ်ငန်းခွင်နှင့်ပတ်သက်သော တတ်သိရာများကိုသဘောနှင့်လက်တွေ့ တွဲစပ်ပြသပေးခဲ့သည်။

ထိုသို့နှင့် တတိယနှစ်သို့ ရောက်ခဲ့သည်။

အားမောင်းကျွမ်းကျင်သည့် အားထစ်စီး၏ စက်ပိုင်းဆိုင်ရာများကိုလည်း တီးမိခေါက်မိ ရှိနေပြီ။

အသေးအဖွဲ့ ပြင်ဆင်မှုများကိုလည်း တတ်ကျွမ်းနေပြီ။

ဝပ်ရှော့အတွက် လိုအပ်သော ပစ္စည်းများကိုလည်း ကိုယ်တိုင် ကြည့်ရှု ဝယ်ယူနိုင်နေပြီဖြစ်သောကြောင့် ဖခင်ကြီးကိုယ်တိုင် သွားရသည့်နေရာများကို ကိုယ်စား သွားရောက်ဝယ်ယူနိုင်ပြီမို့ ဦးစံထွန်းသည် အနားရသင့်သလောက်ရသွားသည်။

သူတို့မိသားစုအခြေအနေမှာ အကောင်းဘက်သို့ ဦးတည်နေပြီ။

ပထမချစ်ဦးသူနှင့် အချုပ်ထဲရောက်ရသည်အထိပြဿနာပေါ်ခဲ့ရသည့်ကြောင့် သူက နောက်ထပ် နှလုံးသားရေးရာကိစ္စကို ဥပေက္ခာပြုသလို နေထိုင်ခဲ့သည်။

တတိယနှစ်အရောက်တွင်မူ မမျှော်လင့်ဘဲနှင့် မမျှော်လင့်သောနေရာတွင် သွားရောက်ဆုံစည်းခဲ့ရသည်။

တစ်နေ့—



ထိုနေ့မှာ တနင်္ဂနွေနေ့။

တနင်္ဂနွေလို အားလပ်ရက်များတွင် ပဲခူးသို့ ဘုရားဖူး ထွက်လိုသူတွေ စည်ကားစမြဲရှိလာသည်။

တိုင်းလက်၊ ပတ်ပလွင်ကား၊ ကားလေးများငှား၍ ဘုရားဖူးအစည်းအပ်၍ အပျော်ခရီးထွက်ကြသည်။

ကားသေးများ မငှားနိုင်သူတွေက ဈေးနှုန်းထက်သာသည့် ကားကြီးများ စုပေါင်းငှားရမ်း၍ ဘုရားဖူး အပျော်ခရီးထွက်ကြသည်။

ကိုယ်ပိုင်ကား ရှိသူတွေကလည်း ကိုယ်ပိုင်ကားအမျိုးမျိုးဖြင့် မိသားစု သီးသန့်ခရီးထွက်ကြသည်။

ပဲခူးမြို့ပေါ် ဘုရားစုံနှင့် တချို့က ဓားစွန်ပါ အထိ ခရီးဆန့်ကြသည်။

နောက်ပိုင်းနာမည်ကြီးလာသည်မှာ ခမဲပြင်ဘိုးဘိုးကြီး၊

ဘုရားဖူးအား ထွက်သော စီးပွားရေး လုပ်ကိုင်သူများမှာ လူအများစိတ်ဝင်စားမည့်နေရာဒေသနှင့် ရဟန်းပုဂ္ဂိုလ်ကျော်ကြီးများ အကြောင်းကို အရှိန်ကောင်းကောင်းနှင့် ကြော်ငြာမောင်းခတ်ကြသည်။ ။

www.burmeseclassic.com

ဘယ်နေရာ ဒေသကကမ်း၏ ဘယ်ပုဂ္ဂိုလ်က ဘယ်သို့ စသည်ဖြင့် ချဲကား၍ အပြောခံရကြသည့်မှာ ဘုရားဖူးကား ဖြင့် စီးပွားရှာကြသူများဖြစ်၏။

ဘယ်နေရာရောက်လျှင် ဘယ်ပုဂ္ဂိုလ်ကျော်ကြီးနှင့် တွေ့ လျှင် လိုရာပြည့်စုံ၍ စီးပွားလာဘ်လာဘ ရှင်သည်။

ဘယ်သူက ဘာလုပ်လို့ ဘယ်လိုအကြံအစည်များအောင် မြင်ပြီး၊ ဘယ်လောက်အထိ ကြီးပွားချမ်းသာသွားကြပြီ။

ဘယ်ပုဂ္ဂိုလ်ကြီးတွေ အမြဲသွားကြောင်း။
ထင်ရှားကျော်စော တိက္ကမရှိနေသည့်—
ဘယ်လိုအောင်မြင်မှုတွေ ရရှိကြောင်း။
စသည်စသည့် ဟုတ်တာရော၊ မဟုတ်တာရော ဘာတာ ညာညာတွေ တီထွင်ပြောဆိုကြသည်မှာလည်း သူတို့ပင်။

သူတို့ကြောင့် အမှန်တကယ် တရားဘာဝနာ ပွားများ အားထုတ်နေသည့် အရိယာ နွယ်ဝင် ဆရာတော်ကြီးများ သည်ပင် လုပ်ငန်းပျက် ဘေးပျက် အသိကအောင့် ဖြစ်ကြ သည်။

သည်ခေတ်ထဲမှာ ဖြတ်လမ်းသမားတွေကလည်း များ များ။

သူတို့ကလည်း အရှိန်ကောင်းကောင်း။



ဖြတ်လမ်းသမားတွေကလည်း သည်လိုအကြောင်းတွေကို နားတစွင့်စွင့်ရှိကြသမို့ အထာမိကုန်ကြသည်၊

မေပြုင်ဘိုးဘိုးကြီးမှာ ရှေးအတိကာလကပင် သူ့ဒေသ နှင့်သူ ရှိခဲ့သည်။

ရယ်ယားကိုင်းကျွန်းနှင့် ဆက်မွေးဝမ်းကျောင်းပြုသူများ က သူ့ဒေသစရိုက်နှင့်အညီ အမှတ်သညာပြုကြသည်၊ အရောက်အပေါက်ရှိကြသည်။

သည်ဘက်ခေတ်ခွာခေတာ့ ဒေသစုံမှာ ဟိုးလေးတကျော် ရှိသွားသည်။

ပဲခူးဘုရားစုံလာခန့် ခမဲ့ပြင်ကို အရောက်အပေါက်များ ကုန်ကြသည်။

ဗေဒယာခံများသည်ပင် နေရာပျောက်ပြီး ဝေးရောက်သွား ကြရသည်။

မေပြုင်ဘိုးဘိုးကြီးနတ်ကွန်းကို ထိန်းသိမ်းခဲ့ကြသည်။

မေပြုင်ရေးမှာ ပဲခူးကို လွန်သွားရသောကြောင့် ဖွဲ့ ဘုရားစုံစားကို ရွှေမောဓော စေတီတော်ကြီးကိုပင် ရောက်ဖူးမြော်ခန့် အချိန်မရ။

www.burmeseclassic.com



ခမဲမြစ်ရိုးမှာ မဲခူးလွှင်နီ၍ အနုပ်ပင်ကို ဦးတည်ရသည်။

အနန့်သို့ဖမျောက်မှီ ရစ်အနီအလေး၊ တံတား အကျော်ရှော်လက်ယာဘက်သို့ ချိုးကွေ့ဝင်ရသည်။

ဖော်တော်ကား လမ်းမကြီးမှ အဘွင်းဘက်သို့ ထမ်းဆိုဝ်ကျော်ခန့် ဝင်ရသည်။

ကြွမ်းတွင် ချောင်းတစ်ချောင်းပင် ကြံ့လျက်ရှိသည်။
အဝေးမှကြည့်လျှင်လယ်ကွင်းတို့ထဲမှ ခမဲပြင်ကို ညို့ညို့ဆိုင်းဆိုင်း တွေ့ရသည်။

ထိုမှလှမ်းကျော်ကြည့်သည့်အခါ အနန့်မြို့မှအိမ်အခဲအောက် ဆာရွဲ့သွပ်မိုးပြောင်ပြောင်များကို ခရားခရားပျပျ မြင်ရသည်။

ချောင်းတစ်ဘက်ဆမ်း ကျွန်းဝိုင်းပေါ်မှ ခမဲမြစ်။

ထစ်ပင်ကြီးများ အုံ့ဆိုင်းနေသည်။

ရေဖတ်လည် ဝိုင်းရံလျက်တော့ မဟုတ်။

ချောင်းခြားရှိဆစ်ဖက်တွင် ထူးဖော်ထားသော စေတီဆုံးရေကန်ကြီး ရှိသည်။



မိုးရာသီမှလွဲ၍ ချောင်းမှာ ရေခန်းနေသည်။
ရာဇဝင်မှတ်တမ်းမှတ်ရာဟု၍ဆိုနိုင်သော်လည်း ဒေသခံများ စံဆိုအပြောအရ ခမဲပြင်အကြောင်းမှာ ဤသို့—

ရှေးပဝေဏီကတည်းက ရစ်ကန်ကြီး ရစ်ကန်အနား အနုပ်ဒေသမှာ ဆယ်ထားချောင်းမြောင်းများ၊ အင်းများ စည်ရှိခဲ့သည်။

ယခု ခမဲပြင်ဘိုးဘိုးကြီးနန်းရှိရာ ကျွန်းသဖွယ်နေရာမှာ ခမဲပြင်ရွာငယ်လေး ရှိခဲ့ဖူး၏။

ချောင်းအမည်ကိုလည်း ခမဲပြင်ချောင်းဟုပင် ခေါ်ခဲ့ကြသည်။

ပဲခူးတွင် တစ်ကွင်းလုံးမှာ စပါးအထွက် အလွန်ကောင်းသောကြောင့် တောင်သူလယ်သမားတို့၏ မှီခိုအားထားရာကွင်းတစ်ကွင်းအဖြစ် စည်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းကူးကျော်စည့်မှ မန္တလေးလမ်း တစ်လျှောက် အောင်ပွဲအထိ စပါးထွက်လေသည်။

မိတ္ထီးသူဌေး ဦးစိန်ဝင်း၏ အသင်းမြို့များမှာ ဆေးပိသိုးသိုး မလှုပ်ရှိသည်။

မိတ္ထီးမှ သန်းပင်ဘက်သို့သွားလျှင် အုန်းနဲ့ အကြွေးဘိုမှ ခရမ်းသုံးခွ၊ ကျောက်တန်း၊ သန်လျင်ထိအောင် လယ်ကွင်း အပြည့်။

ရှေးအခါအတည်းအပေါင် ခမဲ့ပြင်ကို ကိုကြီး အား ကွင်းပိုင်နယ်ပိုင် သခင်ဘူးမူ၍ ထိုဒေသများ၏ ပွဲဇာပ်ပဲ သကြ သည်။

အားကိုးအားထားပြုကြသည်။

အခြား အခြားသော လယ်ယာအင်းအိုင်ကည်ရှိရာနေရာ များတွင်လည်း ကွင်းပိုင်နယ်ပိုင်များရှိကြသည်။

ယနေ့ခေတ်သို့တိုင်အောင်လည်း အသိအမှတ်ပြုကြသည်။

လူကြီးသူမများ၏ ခေတ်လူငယ်များအား ကွင်းပိုင်ကြီး ကို စကားအစဖြင့် နောက်လား ပြောင်လား၊ ရွတ်တွတ် တွတ် ပြောလျှား ဆိုလားမလုပ်ကြဖို့ သတိပေးစကား ပြော လေ့ ပြောထရှိကြသည်။



ခမဲ့ပြင်ဒေသမှာ နယ်ကြမ်းသည်။

အပြောအဆို ဆင်ခြင်ရသည်။

ဘယ်ကာလကဟုတ်ခဲ့ဖူးသော အတိအကျမသိ။

ခမဲ့ပြင်မှာ ပြောစမှတ် တွင်ရစ်သော ဖြစ်ရပ်အကြောင်း တစ်ခု ရှိခဲ့ဖူးသည်။

တစ်ခါက လူငယ်ဘဝ ရွတ်နောက်နောက် လူငယ်တစ်စု ခမဲ့ပြင်သို့ ရောက်ခဲ့ကြသည်။

မိုးမချုပ်မီ ရွာသို့ ပြန်ကြရာတွင် တစ်ယောက်သော လူငယ်က အရွှန်းဖောက်ကာ ဤသို့ပြောလိုက်သည်။

'ခမဲ့ပြင်ဘိုးဘိုး...ကွင်းပိုင်ကြီး ကျွန်တော်တို့ကို အိမ် အမြန် ပြန်ရောက်အောင် ခတိမ်းမစောင်း ပိန်းခေါင်းနဲ့ စွပ်ပေးစမ်းပါဗျာ'ဟူ၏

ထိုသို့သော ရွတ်နောက်နောက် အပြောစကားဆုံးသည် နှင့် သူတို့နောက် ချုံပုတ်ထဲမှ တောကောင်ကြီးဟိန်းသံ ထွက်လာသည်။

ဟိန်းသံမှာ သုံးလေးကြိမ် ဆက်တိုက်ပေါ်လာသည်။

လူငယ်တစ်စုမှာ နောက်သို့လှည့်မကြည့်ရဲဘဲ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဗိန်းဗေါင်းသံနှင့်မပို့ဘဲ ဆောင်းဆောင်းပတီနှိုးသံနှင့် ပို့ပေးလိုက်သည်။

ရွာပြန်ရောက်၍ ထိုအကြောင်းပြောပြသောအခါ မိဘဖြစ်သူများက နေ့ခက်တစ်နေ့ မနက်တွင် အုန်းငှက်ပျော ပွဲများဖြင့် ပသ၍ တောင်းပန်ကြရသည်။

ထိုသို့ပြောဆိုသည့်လူငယ်မှာ အမည်မဖော်နိုင်သော ရောဂါဖြင့် တစ်လကျော်ခန့် အိပ်ရာထဲဗုန်းဗုန်းလဲ၍ အလူးအလိမ့် ခံလိုက်ရသေးတော့၏။

ထိုလူငယ်၏ မိဘများက ထည်ထည်ဝါဝါ နတ်ကွန်း တည်ဆောက်ပေးခဲ့ရ၏။

ထိုမှစ၍ ခမဲပြင်ဘိုးဘိုးကြီးနတ်ကွန်း ဟူ၍ အထင်ကရ ရှိလာသည်ဟု အဆိုအပြောရှိခဲ့သည်။

ထိုမှနောက် ခမဲပြင်ဘိုးဘိုးကြီးကို မလေးမစားပြောဆို သူ မရှိခဲ့ဟု သက်ကြီးစကား သက်ငယ်ကြားသိခဲ့ရသည်။

အိပ်မက်အရ ခမဲပြင်ဘိုးဘိုးကြီးကျွန်းနေရာ၌ နန်းတည် ဆောက်ခဲ့သည်မှစပြီး ခမဲပြင်ဘိုးဘိုးကြီးကျွန်းဟူ၍ထင်ရှား လာကြောင်းလည်း အဆိုရှိပြန်သည်။

သည်ဘက်ခေတ်။



ယနေ့ခေတ်လ။

ခမဲပြင်မှာ အစစအရာရာ ပြောင်းလဲနေပြီ။

ဒေသခံများ၏ ခမဲပြင်မဟုတ်တော့။ ဒေသစုံမှ လူအများ စိတ်ဝင်စားသွားရောက်ကြသည့် ခမဲပြင်ဖြစ်သည်။

အထူးသဖြင့် တနင်္ဂနွေနေ့တွင် ပို၍စည်ကားသည်။

ထမင်းဆိုင်ရှိသည်။ လက်ဖက်ရည်ဆိုင်ရှိသည်။

ခမဲပြင်ကျွန်းပေါ်တွင်ဝင်ပေါက်မုခ်ဦးကြီးမှာ ထည်ထည် ဝါဝါ။

ခမဲပြင်ဘိုးဘိုးကြီးနန်းမှာ ဝင်ပေါက်နှင့် နီးသည်။

တစ်ဖက်မှာ ၃၇ နတ်နန်းရှိသည်။

သူ့နေရာနှင့်သူအကန့်လိုက်ရှိနေသည့် ၃၇ မင်းနတ်ကွန်း လည်း နေရာယူထားသည်။

၃၇ မင်းနတ်နှင့် မြန်မာလူမျိုးများမှာ ရှေးပဝေသဏီ ကတည်းက တွဲစပ်ခဲ့ရာ အခုသာမက နောင်ကိုလည်း တွဲစပ် နေမြဲ ရှိနေမည်ပါ။

၃၇ နတ်များသာမက အရဝ်နတ်၊ ပသီနတ်၊ ဓရှင် နတ်၊ တရုတ်ဘိုးတော်နန်း စသည်များလည်း အစုံအလင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းအလျှယ်တွင် စေတီဆစ်ဆူ တည်ထားသည်။
ချောင်းကိုဖြတ်၍ တံတားလည်း ထိုးထားပြီ။

အုန်း၊ ဆနွပ်ပင် ကားလမ်းမကြီးမှာ ခမဲပြင်အထိ အသစ် ဖောက်လုပ်ထားသည့် ကားလမ်းမှာလည်း မြောင့်ဖြူးလျက် ရှိနေပြီ။

အရိပ်ရ သစ်ပင်များလည်း စိုက်ထိုးထားသည်။

အေးမြသာယာနေသော ခမဲပြင်ကျွန်း။

ကြီးတော်နဲ့က ခမဲပြင်သွားချင်သည် ဆိုသောကြောင့် သူက အားမောင်းပြီး လိုက်ပို့ခြင်းဖြစ်သည်။

ဒေါ်သိန်းနွဲ့တို့လို စီးပွားရေးသမားတွေ ခမဲပြင်ကို ရောက်လို့မဖြစ်။ ယခုနကာလတွင်မူ အဆက်ဆစပ် ရှိနေကြပြီ။

မန္တလေးမှာ နတ်နှင့်ဆက်နွယ်ရာ ဘောင်မြိုးနာမည်ကြီး သလို ပဲခူးတွင်လည်း နာမည်ကြီးသည်။

နတ်ဆရာ၊ ခေတ်ဆရာ၊ သိုက်ဆရာ အစုံအလင်ရှိသည်မှာ ပဲခူးတွင်။
သိုက်စုံသည်မှာ ဒေးဖွန်မြ။



လူတွေက သိုက်သက် ခမဲပြင်ဘိုးဘိုးကြီးကို ပုံ၍စိတ်ဝင် စားလို့လားမသိ။ ခုခေတ္တ ဒေးဖွန်ပါလည်း နည်းမှိန်သွား သည်။

ဘောင်မြိုးမှာ မင်းကြီး မင်းအေသွား။

ပဲခူးမှာ နန်းကရိုင်းမယ်တော်။
ဟသ်ာကုန်းမှာ နန်းအရိုင်းမယ်တော်။

ဟသ်ာကုန်းမှာ နန်းကရိုင်းမယ်တော်နတ်ကွန်းကြီး အဓိက ရှိသည်။

နတ်ဘလောအနယ်နယ်မှာ ပဲခူးနန်းကရိုင်းမယ်တော်အတွက် သီးခြား ပွဲပေးရသည်အထိ အရေးပါသည်။

နန်းကရိုင်းမယ်တော် သုဇာဝင်ကို အသာမှင်းသား၊ အဆော ကုမ္ပဏီဇာတ်ကို ရှုပ်ရှင်ဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

မန္တလေးအနောက်ဘက်မှာ ဘာလိမယ်တော် တင်ရှားသလို အရှေ့ဘက်မှာ နန်းအရိုင်းမယ်တော်ကြီးက ထင်ရှားသည်။

မကြာသေးသော ကာလက စတင်ပြီး ကိုယ်အတော်များ များနှင့် တိုက်မျက်နှာစာမှာ နန်းအရိုင်းမယ်တော် နတ်ကွန်း လေးများ အစီအရီ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုံချင်တော့လဲ အယုံလွန်ကဲအဆို၊ မယုံသူတွေလည်းရှိသည်။

ယုံသည် မယုံသည်အပထား၊ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ ထုံးတမ်းမှာ အရှည်အဖြင့် တည်နေလိမ့်မည်ပါ။

အပြန်ခရီး...

မေမြို့မှအပြန် ပဲခူးသို့ဝင်ခါနီး တစ်မိုင်ခန့်အလိုတွင် ဟိုင်းလက်ကားတစ်စီးမှာ လမ်းဘေးတွင် ရပ်ထားသည်ကို လှမ်းမြင်လိုက်ရသည်။

ယောက်ျားသုံးလေးယောက် ကားဘေးမှာ ရပ်နေကြသည်။

အပြန်ခရီးဝိတ်လျှော့ရန်အတွက် ပဲခူးသို့ မဝင်မီ ခေတ္တ ရပ်နားနေခြင်းလည်း ဖြစ်ပွယ်ရှိသည်။

ဘုရားပွဲများ ဝိတ်လျှော့ဖို့ လိုသို့မပင် ခြုံအကာအကွယ် ကောင်းသောနေရာတွင် ရပ်ထားမြဲရှိသည်။



ရပ်ထားသည့် ဟိုင်းလက်ကားအနီးရောက်တော့ မင်းသူရိန်ကားကို လှန်စ်ယောက်က လှမ်းမြင်ပြီး တားသည်။

ဝိတ်လျှော့ရန် ရပ်ထားသည်ဟု ထင်ခဲ့သည့်အထင် လွဲသွားမှာကို သိလိုက်သည်။

ကားစက်ချွတ်ယွင်း၍ ရပ်ထားခြင်းဖြစ်လိမ့်မည်။

မင်းသူရ ဟိုင်းလက်ကားအနီး လမ်းဘေးတွင် ရှေ့ကားကို ထိုးရပ်ပေးလိုက်သည်။

ဆက်ပြီးတားသူနှစ်ယောက် သူတို့ကားဘေးသို့ ရောက်လာသည်။

မျက်နှာစိမ်းများဖြစ်၍ သူက မသိ။

တစ်ယောက်က အကူအညီတောင်း စကားပြောသည်။

သူတို့အား ဘာဖြစ်မှန်းမသိ၍ ကူညီတတ်လျှင် ကူညီပေးရန်အကြောင်း မေးမြန်းသောကြောင့် သူက ကားတံခါးကို ဖွင့်၍ ခေါင်းထုတ်လိုက်သည်။

ကားနောက်ပိုင်းမှာ အမျိုးသမီးများအပါအဝင် လူလေးငါး ယောက်ကိုပါ တွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇက်ဖုံးဖွင့်ရန် ကားရှေ့ဘက်သို့ ဆက်လျှောက်သွားသည်။

ကားရှေ့ခန်း၊ မှီထိုင်နေသူနှင့် မျက်နှာချင်းဆိုင်မိလိုက်ရသည်။

လှေခါးခြေလှမ်းများ တုံ့ခနဲ ရပ်ဆိုင်းသွားသည်။

ကြုံကြိုက်ဇာတ်ပလေလေဟု ဆိုရမည်သို့၊

မျက်ခန်းထဲတွင် စွဲစွဲထင်ထင် ညှို့ရိပ်ထွင်ခဲ့သူ။

သူမ၏နှလုံးသားတွင် ယခုအထိ ပုံရိပ်မပျောက်သေးသူ။

အချုပ်ထဲသို့ သဘွားခံအဖြစ် ဝင်ခဲ့ရအောင် ဖန်တီးခဲ့သူ။
မေတ္တာရှင် ဖြစ်ခဲ့သော်လည်း သစ္စာရှင် မဖြစ်ခဲ့သူ။
မတွေ့မဆုံရသည်မှာ ကြာပြီ။

မတွေ့မဆုံရသည်မှာ ကြာပြီဖြစ်သော ချစ်ဦးသူပွင့်မာနှင့် မမျှော်လင့်ဘဲ ရုတ်တရက် ဆုံစည်းလိုက်ရသည်။

မျက်လုံးချင်း ဆုံမိပြန်တော့လည်း ရင်ခုန်သွားရသည်။
မျက်လုံးချင်း ဆုံလိုက်သည်မှာ တဒင်္ဂမျှသာ။
ပွင့်မာက ဝံပုလွေ့ရှေ့ရောက်နေသည့် သိုးသူငယ်သို့နှယ်၊



နောက်ထပ် မျက်လုံးချင်း မဆုံမိအောင် ခေါင်းကို အောက်ငုံ့ထားလိုက်သည်။

ပွင့်မာ ပါလာသောကားကို မပြင်ပေးတော့ဘဲ နောက်ပြန်လှည့်ရန် စိတ်ဖြစ်ပေါ်သွားသည်။

နောက်မှ အသိစိတ်ပြန်ဝင်လာသည်။

ထိုဘုရားဖူးယာဉ် ကားနှင့် ပါလာသူတွေမှာ သူနှင့် အကြောင်းပြသနာ ပတ်သက်သူများမဟုတ်၊ ကလေးများလည်း ပါလာသည်။

သူနှင့် ပတ်သက်သည်က ပွင့်မာတစ်ယောက်တည်း။

နောက်ထပ် ကားအကြောင်း မကျွမ်းသူ၊ ပြင်ဆင်ရန် နားလည်သူနှင့် မတွေ့လျှင် လမ်းခုလတ်မှာ ဒုက္ခရောက်ရမည်။

တစ်ယောက်တည်းအတွက် အများကို ဒုက္ခမပေးသင့်တော့သော အသိစိတ်ဓာတ်ကြောင့် ကားဘောနက်ကို ဖွင့်လိုက်ရသည်။

ပွင့်မာနှင့် မျက်နှာချင်းဆုံရန် အကြောင်းမရှိတော့။
သူက အင်ဂျင်ပိုင်းဆိုင်ရာ အပြစ်ကို ရှာဖွေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားကျွမ်းသူဖြစ်သည့်အလျောက် ကာဗရိုက်တာအပြစ်ကို တန်းခနဲ တွေ့သည်။

သူ၏ကားထဲတွင် အဆင်သင့်ပါလာသည့် ကားပြင်ပစ္စည်းများ ထည့်ထားသည့်အဝတ်အိတ်ကလေးကိုယူပြီး ကာဗရိုက်တာကိုဖြုတ်၍ ပြင်ဆင်ပေးလိုက်သည်။

တိုင်းလက်ကား မောင်းလာသူက သူ၏အနားတွင်ပင် ရှိနေသောကြောင့် ကားကို စက်နှိုးခိုင်းလိုက်ရသည်။

ကားစက်သံမှာ ပုံမှန်အနေအထားအတိုင်း ထွက်လာသည်။

သူက ဘောနက်အဖုံးကို ပြန်ချ၍ ပွင့်မာထိုင်နေရာဘက်သို့ မကြည့်ဘဲ သူ၏ကားရပ်ထားရာဆီသို့ လျှောက်ခဲ့သည်။

ကားမောင်းသူက သူ၏နောက်မှ လိုက်လာပြီး ဘယ်လိုတုံ့ပြန်ရမှန်းမသိအောင် ကျေးဇူးအထူးတင်ကြောင်း ပြောပြီးမှ 'စိတ်တော့မရှိပါနဲ့နော်၊ ကျွန်တော် ဘယ်လိုများ' ဟု ပြောရင်း အိတ်ထဲက သားရေအိတ်ကို ဆွဲထုတ်လိုက်သည်။

ငွေကြေးစကားသို့ သူ့အား ပြောရန် မသင့်သောကြောင့် အကဲထုတ်ပြီး အရိပ်အမြွက်ပြလိုက်ခြင်း ဖြစ်၏။



'ဘုရားဖူးလာကြသူ အချင်းချင်း တွေ့ကြုံရတဲ့ အခက်အခဲကို စေတနာအရင်းခံပြီး ကူညီတာပါ'

အရိပ်အမြွက်ပြောသည်ကို အခေါင်ဒဲထည့် စကားဖြင့် တုံ့ပြန်လိုက်သည်။

'ကျွန်တော့်မှာ မီကားဝယ်တာ မကြာသေးပါဘူး၊ မောင်းရုံပဲ မောင်းတတ်တာပါ'

'ကားမောင်းရင် ပြင်တတ်ဖို့လက် ဆီလိုက်မီးလိုက် မှန်မမှန် လေ့လာထားဖို့တော့ လိုတာပေါ့ဗျာ၊ ကဲ…ကျွန်တော် သွားလိုက်ပါဦးမယ်'

'ဟုတ်ကဲ့ အများကြီး ကျေးဇူးတင်ပါတယ်'

သူတို့အားက အလျင်ထွက်ခဲ့သည်။

တိုင်းလက်ကားကို ကျော်ဖြတ်လိုက်စဉ် သူ၏ မျက်လုံးအစုံကို ရှေ့တူရူသို့ စူးစိုက်ထားလိုက်သည်။

အတိတ်ကို အတိတ်မှာထားသလို အရိပ်ကိုလည်း အရိပ်အတိုင်းပဲ ထားခဲ့ပြီမို့ စိတ်လွတ်လပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီး၊စောဘ်နွဲ့နှင့် မိခင်ကြီး ထိုအကြောင်းကို မသိလိုက်ကြ။ မသိတာပဲ ကောင်းပါသည်။

သိများသိခဲ့ရင် ဘယ်သို့နှယ်များ…

(တစ်ဆယ့်တစ်)

အချစ်ဦးနှင့် လွဲမည်၊
ဒုတိယ ချစ်သူနှင့်မြဲမည်။

ကြို့ပင်ကောက်တွင် နေခဲ့စဉ်က အဘဦးသာခင်၏ မိတ်ဆွေ၊ အပျော်တမ်း ဗေဒင်ပညာရှင် တစ်ယောက်က ထိုသို့ ပြောဘူးသည်။

အဆင်ပြေပါ့မလား၊ဟု မေးသည်ကို ဗေဒင်ဆရာက ဗေဒင် အဟောမဟုတ်ဘဲ၊ လောကဓမ္မတာ၊လောကဓမ္မတာ သဘောအရ ဖြစ်လေ့ဖြစ်ထရှိသည်ကို အခြေခံ၍ ဤသို့ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'လူကြီးတွေ သဘောတူလို့ ခေစပ် ကြောင်းလမ်းပြီး အိမ်ထောင်ပြုပေးတဲ့ အိမ်ထောင်ရေးမှာ ခဘာင် စင်းလုံးချော ရှယ်လို့ ရှိခဲ့သားပဲ၊ အနည်းနဲ့အများဆိုသလို ဆေသီအအောင် ကိစ္စလေးတွေ ရှိထတ်ကြတာပဲ၊ အဆင်ပြေအောင် ဆိုတာ ကတော့ နှစ်ဖက်အပေးအယူ ညှိမှုပဲလေ၊ ဒါတော့ ကိုယ့် အပေါ်မှာ မူတည်တာပေါ့'

သူက နှလုံးသားရေးရာကို အရေးမထားသဲ နေခဲ့ရာမှ အချိန်တန်တော့ ဒွာပိန်အနှံဆိုသလို ဒုတိယ ချစ်ရမည့်သူ ကို မရှာခဲ့သည်၊

ဟော့ကျိုးအဆေးများသည် သဘာဝ အလှကို မျက်စိ ရှေ့မှာင်လှနိုင်သော်လည်း၊ မိန်းယာသားတို့၏ အလှရုပ်ထင်သော လျှင်မှ ရှောင်လှဲမရ စေအောင်း၊

သီတာညို၏ အလှကို တွေ့ဘောဌမြင် သူ၏မျက်စိနှံးထဲတွင် စွဲထင်သွားသည်။

သီတာညိုခေါ် ညိုညို၊

ညိုညိုဆိုသည့် အမည်နှင့် လိုက်ဖက်အောင်ပင် အသားညို သည်၊

ပြုံးချော ညိုချော၊



ပြုံးချောက မြင်းတစ်ပြေး အလှ၊
ညိုချောက ကွမ်းတစ်ရာညက် အလှ။
ကွမ်းတစ်ရာညက် အလှအား ပို၍ အကြည့်ခံသည်။
သီတာညို၏ အလှမှာ အေးအေးမြမြ၊ ယဉ်ချော မချော သည့် အလှမျိုး။
လှုပ်လှုပ်ရှားရှား အလှရုပ်မထင်။
ထို့ကြောင့်ပင် သူ၏မျက်ဝန်းထဲတွင်တစ်ခဏချင်း စွဲထင် သွားလေသလား မသိ။
တွေ့တွေ့ချင်း ဆိုသလိုပင် သူ၏ နှလုံးသားကို လှုပ်ခတ် သွားစေခဲ့သည်။

တွေ့ဆုံခြင်းအစမှာ မမျှော်လင့်ဘဲ ရုတ်တရက် တွေ့ဆုံရ သည့် အတွေ့အဆုံ၊

တနည်းဆိုရလျှင် ကွာနြွှရရ တွေ့ဆုံခြင်း။
ကျောင်းမှာ၊ လမ်းမှာ ရုပ်ရှင်ရုံလို နေရာမျိုးမှာ တစ် ယောက်တည်း တွေ့ဆုံခြင်းမျိုး မဟုတ်။

ကြီးတော်နွဲ၏ ဘုရားကိုးဆူပွဲသို့ မိဘများနှင့်အတူလာကြ သည့်မှ တွေ့ဆုံခြင်းဖြစ်သည်။
ကြီးတော်နွဲအား ညိုညို့မိဘများအား သူ၏ တူသားလေး ဖ ကွာသိုလ်ကျောင်းသားအဖြစ် အရေးတယူ မိတ်ဆက်ပေးခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်မင်းသူက မောင်ကမွေးတာ ဆိုးပမယ့် သားလို့ အသေစထားပြီး ချစ်နေရတာ ဒေါ်သိန္နီးသိန်းရေ'

ထိုသို့ မိတ်ဆက်ပေးပြီး တူသားလေး လိမ္မာရေးခြားရှိပုံ၊ စာကြိုးစားပုံ၊ မိဘသိုပ်ဝန်းကို တစ်နေ့ ဦးစီးလုပ်ကိုင်နိုင်အောင် လေ့လာသင်ယူလျက်ရှိပုံ စသည့် အမွမ်းတင်စကားများကိုလည်း ရွှမ်းရွှမ်းဝေအောင် ပြောလိုက်သည်။

ကြီးတော်နှဲ နံဘေးတွင် ထိုင်နေရသည့် မင်းသူ့မှာ မျက်နှာအထားရ ခက်နေရှာသည်။

မျက်နှာ အထားရ ခက်နေခဲ့ကတာမူ၊ သူ၏မျက်လုံးများမှာ ညိုညိုဆီတွင်သာ ရောက်နေသည်။

သိတာပေး ဝဲ့ဝဲ့ရဲရဲ အကြည့်တော့ မဟုတ်။ တိတ်တိတ်ခိုး အကြည့်။

ညိုညို့ မိခင်ကြီး၏ ကျောင်းမှာတွေခဲ့ ကိုယ်ညီ ခလေးသို့ သဘောထားဆက်ဆံရန်နှင့် အစစအရာရာ ကူညီစောင့်ရှောက်ရန်ပါ ပြောသည်။

သူနှင့် ဘာသာတွဲချင်းတော့မတူသော်လည်း နေ့ကျောင်းအတွဲတူသည်။

ညိုညို့ကို တွေ့ချင်ခဲ့ ဘယ်နေ့ရာက စောင့်ရမည်ကို သိပြီး သားမို့ လူကြီးများ၏ တရင်းတနှီး အပြောအဆိုကြောင့် သူ့အတွက် လမ်းကြောင်းဖွင့် အခွင့်အရေးရသွားသည်။



ရင်းနှီးမှုယူရမည်က ပထမအဆင့်။

ထိုမှ တစ်ဆင့်တက်ရမည်မှာ နှလုံးသားရေးရာ ဆက်နွယ်မှု လမ်းကြောင်း။

သူတို့ လူငယ်ချင်းသာ အပေးအယူမျှလျှင် လူကြီးချင်းကိစ္စက အကြောင်းမဟုတ်။

ကြီးတော်နှဲ တစ်ယောက်လုံး သူ့ဘက်က ရပ်တည်ပေးမှာသေချာသည်။

သည်ကိစ္စအတွက်က ဆဘွတင်စရာမလို။

ပွင့်မာနှင့်တူနီးဇာ အတွေ့အကြုံ ရှိပြီးသား။

လောမကြီးဖို့ဘဲ လိုသည်။

ကျောင်းသား သူငယ်ချင်းတစ်စုနှင့် အတွဲအထိုင်ရှိခဲ့ရာမှ အတွဲအထိုင် ကွဲသွားသည်။

သူငယ်များနှင့် သွားအတူ လာအတူရှိခဲ့သည့် လမ်းကြောင်းကို ပြောင်းခဲ့ရသည်။

သူတို့နှစ်ယောက် ရင်းနှီးမှုမှာ ထင်တာထက်ပို၍ မြန်ဆန်ခဲ့သလို နီးစပ်မှု အချိန်အတိုင်းအတာ မှာလည်း တိုးတက်ခဲ့သည်။

ပတ်ဝန်းကျင်မှာ ခလှုတ်တိုက် စကားများ၊ တိုးတိုး တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စမျိုးမှာ တက္ကသိုလ်ပရဝဏ်မှာ အဆန်း တကျယ်တော့ မဟုတ်၊ အသိအမှတ်ပြုသည့် သဘော ပြောကြဆိုကြခြင်းသာ ဖြစ်သည်။

ညိုညိုမှာ တက္ကသိုလ် လူပျိုဖြူများထဲမှာ စကား မဟုတ်သောကြောင့် စိစိညံ့ညံ့ ပြောတာမျိုးတော့မရှိ။

ဤသည်မှာ သူတို့နှစ်ယောက် ကြားတွင် ထူးထူးထွေထွေ ပြဿနာဖြစ်စရာ အကြောင်းရိပ် မထိုးခဲ့။

စွင့်ပွင့်လင်းလင်း ဆန္ဒကိုဖွင့်ဟသည့် အဆင့်သို့ မရောက်သေးသေးမှ ရင့်ရှင်းအထိ ရှိပြီးသားဖြစ်နေသည်။

တစ်နေ့...

မင်းဆွေ သူ၏ဆန္ဒကို ဖွင့်ဟခဲ့သည်။

ညိုညိုကလည်း နားလည်မှု ရှိပြီးသားမို့ ငြင်းပစ်တာမျိုးဖြင့် မတုံ့ပြန်ခဲ့။

'ကျောင်းပြီးမှ အဲဒီကိစ္စ စဉ်းစားကြတာပေါ့ ကိုမင်းဆွေ၊ ကျောင်းမပြီးခင်တော့ ခုလိုပဲ နေကြတာပေါ့'

သူ့ဘက်က မငြင်းကြောင်းကို ရိုးရိုးစင်းစင်းလေးပင် ပြောခဲ့သည်။

သူကလည်း ညိုညို၏ ဆန္ဒသဘောထားအတိုင်း ဆန္ဒတူညီကြောင်း ပြော၍ အပေးအယူ မျှတစေခဲ့သည်။



သည်အဆင့်သို့မရောက်ခင် အချစ်ခရီးထဲက ပြောကြဆိုကြစမြဲ ဒိဿနစကားအဖွဲ့အနွဲ့တွေ ပွဲနွှဲခဲ့ကြသည်။

သူတို့နှစ်ယောက်အကြောင်းကို ကြီးတော်နှဲ့အား ပထမဆုံး အသိပေးခဲ့သည်။

ကြီးတော်နှဲ့၏ နှုတ်ခမ်းလွှာပေါ်တွင် ထင်ထင်မြင်မြင်ထင်ရစ်သွားသည့် အပြုံးမှာ ဝင့်ဝင့်မြူးမြူး အပြုံး။

ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်မှု ပြည့်ထင်နေသော ကြီးတော်နှဲ့ အားဖြည့်စကားပြောခဲ့သည်။

'ဘုရားကိုးဆူနေ့ထည်းက ကြီးနှဲ့ရိပ်မိခဲ့တာပေါ့ သားရယ်၊ ဖြစ်ပါစေလို့လည်း မျှော်လင့်ခဲ့တယ်လေ၊ လူကြီးချင်းကိစ္စကိုတော့ တာမူမကြောင့်ကြနဲ့ ကြီးနှဲ့တာဝန်ထား၊ အောတစ်ခုတော့ရှိတယ်၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သားမိဘတွေကိုတော့ စောစောစီးစီး ဖွင့်ပြောထားဖို့တော့ လိုလိမ့်မယ်၊ ကြီးနှဲ့ပြောတာထက် မင်းပြောတာက ပိုပြီးကောင်းမယ်၊ ယဉ်းဆာဖေအကြောင်းလည်း သားအသိသားပဲ'

'ဟုတ်ကဲ့ ကြီးနှဲ့၊ ကျွန်တော်ပြောပါ့မယ်'

ကြီးနှဲ့ မှာလိုက်သည့်အတိုင်း ဖခင်ကြီးကို ကိုယ်တိုင်ပြောရန် မဝံ့သောကြောင့် မိခင်ကြီးကို အလုံးစုံ ဖွင့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူက ဘယ်သို့ ဘယ်ညာ ဘာမှ ပြန်မပြောဘဲ တွေပြီး ငေးနေသည်။

ဆယ့်ငါးမိနစ်လောက် ကြာသွားသည်အထိ မိခင်ကြီး ထံမှ တုံ့ပြန်စကားသံ ထွက်မလာ။

သူက အမေ့စကားဖြင့် ထပ်ဆင့်ရသည်။

'ကျွန်တော်တို့ကိစ္စကို မေမေ ဘယ်လိုသဘောရသလဲ မေမေ'

'မေမေလည်း အဲဒါ စဉ်းစားနေတာပဲ၊ သားဆန္ဒကို မေမေ ဘာမှ ပြောစရာမရှိပေမယ့် သားအဖေကို ဖွင့်ပြောဖို့ အချိန်မျိုး စောနေမလားလို့'

'ဒီကိစ္စအတွက် ကြီးနွဲ့က လူကြီးချင်း စကားစ,ထားရမှာ ရှိသေးတယ် မေမေ၊ ဖေဖေ့သဘောထားမသိဘဲ စကားစ,လို့ ဘယ်ဖြစ်ပါ့မလဲ'

'အေးပါလေ၊ မေမေ သားဖေဖေကို ပြောပါ့မယ်'

ထိုသို့ပြောဆိုကြပြီး သုံးရက်မြောက်သောနေ့—

ဖခင်ကြီးက သူ့ရှေ့မှောက်သို့ ခေါ်၍ သူ၏ သဘောထားကို ပြောလာသည်။

'မင်းတို့ကိစ္စကို ဝါ အထူးတလည် ကန့်ကွက်စရာမရှိဘူး၊ ပြောစရာတော့ရှိတယ်၊ ဒါက ဘာလဲဆိုရင် ကျောင်းမပြီးခင် ဒီကိစ္စကို အဆုံးသတ်တဲ့ အဆင့်ကို မရောက်အောင်



ထိန်းသိမ်းပါ့မယ်ဆိုတဲ့ ကတိကိုတော့ ပေးရမယ်၊ ဇီကြွားထဲမှာ အသွားအလာ အနေအထိုင် ဆင်ခြင်ရမယ်၊ လွန်လွန်ကျူးကျူး ကိစ္စမျိုးကိုတော့ ဝါလုံးဝ လက်မခံဘူး၊ ပထမ ရည်ရွယ်ချက်က ဘွဲ့ရဖို့၊ ဒုတိယရည်ရွယ်ချက်က မင်းတို့ကိစ္စ ရှောရှောရှူရှူဖြစ်ဖို့ ပြောစရာတော့ ဒါပဲ'

'စိတ်ချပါ ဖေဖေ၊ ဖေဖေ့ဆန္ဒအတိုင်း ဖြစ်စေရပါမယ်'

ရှေ့ဆက်ရမည့်လမ်းကြောင်းမှာ ဖြောင့်ဖြူးမည့်အတက်သို့ အလေးသာသွားပြီ ဆိုရမည်သို့။

ကြီးနွဲ့ကလည်း၊ မိသားဖသားပီပီ ဘောင်းရမ်းယူဖို့ကလွဲ၍ ထူးခြားနည်းလမ်း ရွေးစရာမျိုး မဖြစ်စေဖို့ အသင့်ထင် မှာ ထည်း။

မင်းသူက သည်အကြောင်းတွေ အကုန်လုံး ညိုညိုကို ပြန်ပြောပြသည်။

'ဒါဖြင့် ညိုညိုသည်း ဖေဖေတို့ မေမေတို့ကို ပြောပြလိုက်တော့မယ်နော်'

'မပြောနဲ့ဦး ညိုညို၊ ကြီးနွဲ့က လူကြီးချင်း စကားလမ်းကြောင်းရင် ရသားပဲ၊ ပြောလိုက်ရင် တစ်မျိုးတစ်မည်ဖြစ်သွားမှာ စိုးရတယ်၊ ကိုမင်း ကြီးနွဲ့ကို အဲဒီအကြောင်း ပြောပြီး မေးလိုက်ဦးမယ်'

'အဲဒါဆို တစ်မျိုးကြီးဖြစ်သွားမှာပေါ့ ကိုမင်း'

'ဘယ်လိုတစ်မျိုးကြီးလဲ'

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုအား အရင်မပြောဘဲ သူများပြောမှ ဖေဖေ၊ မေမေတို့ သိရတာဆိုရင် ညိုညို့ကို ပြောစရာဖြစ်နေမလားလို့

'သုံးလေးရက်လောက် စောင့်ပါဦးလေ၊ ညို၊ ဒါမှမဟုတ် ညိုပါ ကြီးနဲ့ဆိုလိုက်လာပြီး ဒီအကြောင်း ပြောပါလား'

'အောင်းသားပဲ'

ညိုညို့ဘက်အနေ ဘယ်လိုအခြေအနေမျိုးရှိမယ် ထင်သလဲ

ညိုညို့ကို စောင့်ရှောက်ဖို့၊ ကူညီဖို့အတွက် ပြောခဲ့သေးတာပဲဥစ္စာ၊ အခြေအနေ ကောင်းမှာပါ၊ ပြဿနာဖြစ်စရာအကြောင်းတော့ ရှိမယ်မထင်ပါဘူး'

သူတို့နှစ်ယောက် ထိုသို့ ပြောဆိုပြီးနောက် ကြီးဒေါ်နဲ့ထံသို့ ရောက်ခဲ့ကြသည်။

ကြီးဒေါ်နဲ့က သူတို့ပြောဆိုသည်များကို နားထောင်ပြီးနောက် ညိုညို့မိဘများအား ညိုညိုကိုယ်တိုင် ဖွင့်ပြောရန် ဆိုသည်ကို လက်ခံလိုက်သည်။

သို့တစေ ပြောရမည့်ရက်ကိုမူ သတ်မှတ်ပေးလိုက်သည်။

ထိုသို့ဖွင့်ပြောပြီး နောက်တစ်နေ့ ကြီးနဲ့က ညိုညို၏ မိခင်နှင့် သွားတွေ့မည်။ ထိုကိစ္စအတွက် ပြောကြဆိုကြမည်။

ကြီးနဲ့က ထမ်းလွမ်းသည့် စကားလမ်းကြောင်း ပြောကြည့်မည်၊ အခြေအနေပေးလျှင် ဆုံးဖြတ်ပြောစရာရှိသည်ကို ပြောခဲ့မည်။

ဤသို့ စည်းဝါးရိုက်ခဲ့ကြသည်။



ညိုညိုကလည်း သူမ၏ မိခင်ကြီးကို ဖွင့်ပြောခဲ့သည်။

မိခင်ဖြစ်သူက အံ့အားသင့်သည်ဟု မဆိုသာသော်လည်း ဆိုဖွယ်စကားကိုပြောသည်၊

ညိုညို၏ မိခင်ဖြစ်သူ ဒေါ်သိန်းသိန်း၏ ဆန္ဒမှာ ကျောင်းပြီးမဟုတ်၊ အလုပ်အကိုင် အတည်တကျရှိပြီးမှ ရှေ့ဆက်ရမည့်ကိစ္စကို ဆက်စေချင်သည်၊ ဆန္ဒသဘောထားပေးသည်။

'ဒါက မေမေ့သဘောထားလေ၊ သမီးအဖေရဲ့ သဘောထားက ရှိသေးတယ်၊ မိန်းကလေးဆိုတာ အသက်အရွယ်မရောက်သေးဘဲ သမီး၊ တစ်စုံတစ်ရာ မဖြစ်သင့်တာ ဖြစ်လာရင် အနှောင့်အယှက်ရှိတယ်၊ အဲဒီတော့ အဖြူအမည်းမကွဲခင် သမီးဘက်က ထိန်းသိမ်းစရာရှိတာကို အစွမ်းကုန် ထိန်းသိမ်းချင်မှမယ်၊ ဒါကိုတော့ သမီး သတိမြဲမြဲထားရသိမ့်မယ်နော်'

'စိတ်ချပါမေမေ၊ သမီးတို့နှစ်ယောက် ဆက်ဆံရေးဟာ သန့်ရှင်းတည်ကြည် ကြပါတယ်၊ မေမေ့ကို သမီးပြောစရာ တစ်ခုတော့ရှိပါတယ်'

'ဘာများလဲ သမီးရဲ့'

'ကိုမင်းသူက ကျောင်းပြီးရင် အစိုးရဝန်ထမ်း အလုပ်အကိုင် လုပ်မှာမဟုတ်ဘူး၊ သူ့အဖေရဲ့လုပ်ငန်းကို ဦးစီးပြီး လုပ်မှာ၊ ခုလည်းတတ်သင့်သိသင့်တာတွေကို လေ့လာလုပ်ကိုင်နေပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီးတော့ မေမေတို့ သဘော

www.burmeseclassic.com



ထားကို သမီးသိချင်ပါတယ်၊ ဒါမှပဲ ကိုမင်းသူ့ကို သမီး ပြောစရာ ရှိတာ ပြောနိုင်ပါမှာ'

'ဒီကိစ္စကိုတော့ မေမေ့ဆဘောထားတစ်ခုတည်းနဲ့ အဆုံး အဖြတ် ပေးလို့ မဖြစ်သေးဘူး သမီး၊ မသိန်းနွဲ့နဲ့ တွေ့ပြီး လူကြီးချင်း ပြောစရာရှိတာတွေ ပြောရဆိုရဦးမယ်၊ မေမေ မှာစရာကိုတော့ မမေ့နဲ့နော် သမီး'

'ဟုတ်ကဲ့ပါ မေမေ'

ညိုညို့မိခင်၏ သဘောထားကတော့ အခြေအနေကောင်း သည်ဟု ဆိုရမည့် သဘောထား။

ထိုအကြောင်းကို မင်းသူ့ကို ပြန်ပြောပြသည်။

မင်းသူ ပြုံးသွားသည်။

'ကိုမင်း စာကိုတော့ မပေါ့နဲ့နော်၊ ခြေချော်လက်ချော် စာမေးပွဲကျတာမျိုး ဖြစ်သွားရင် ညိုညိုတို့ကိစ္စ အထစ်အငေါ့ ဖြစ်သွားလိမ့်မယ်'

'စိတ်ချပါညိုရယ်၊ ပိုပြီးကြိုးစားမယ်၊ ကိုမင်း တစမှာ ညိုဟာ အဓိကပါ'

'ကိုမင်းကို တစ်ခုလည်း ပြောစရာရှိသေးတယ်'

'ဘာများလဲ ညို'



'ညိုတို့ အခုလိုသွားလာနေကြတာလဲပြီး၊ တစ်ဆင့်တက် အခွင့်အရေး တောင်းတာမျိုးတော့ မလုပ်ရဘူးနော်'

'ဒါအတွက် လည်း စိတ်ချညို၊ ကိုမင်း အတိပေးတယ်'

လူငယ်တို့၏ အချစ်ရေးကိစ္စ၊ နှလုံးသား ရေးရာတွင် အများအားဖြင့် လူငယ်ချင်း ဘယ်လိုပင် ပြေလည်စေကာမူ၊ လူကြီးများ ပြဿနာတွင် အထစ်အငေါ့လေးများ ရှိစမြဲ။

အပေးအယူကိစ္စတွင် ချောမွေ့ အဆင်ပြေမှုရှိသလို၊ အဖု အထစ် ကိစ္စများလည်း ပေါ်စမြဲရှိကြသည်။

လက်ရှိအနေအထားအရမူ အဖုအထစ်ကိစ္စမျိုး ပေါ်စရာ မရှိဟု ထင်နိုင်စရာသော်လည်း၊ အပြတ်ပြေဖို့တော့ မရသေး မည် သို့ပင်ရှိစေ၊

သူတို့နှစ်ယောက် ကြားမှာတော့ ကြည်နူး ပျော်ရွှင်စရာ အရိပ်အဆင်များ လွှမ်းထင်လျက်။

www.burmeseclassic.com

ကြီးနဲ့နှင့် ညီညီ့မိခင်တို့ မိန်းမသူချင်း ပြောကြ ဆိုကြ သွားတွင် အဆင်ပြေသည်ဟု ကြီးနွဲ့ထံမှ ပြန်လည်ကြားရသည်။

သူတို့ကိစ္စအတွက် မောင်ဖြစ်သူနှင့် ပြောကြဆိုကြသွားသွင် လည်း အထစ်အငေါ့ သိပ်မရှိဟုသိရသည်။

သူကလည်း ဖခင်ကြီး လသောကျေအောင် စာကြိုးစား သဖို၊ လုပ်ငန်းခွင်ကိစ္စတွင်လည်း အချိန်အားရသမျှ ကြိုးစား ပန်းစား လုပ်ကိုင်ခဲ့သည်။

ဖခင်ကြီး ကိုယ်တိုင်က နှောက်ဆုံးနှစ်မို့ လုပ်ငန်းခွင် ကိစ္စကို အရေးမထားဘဲ၊ စာကိုသာအလေးအားဖို့ ပြောရ သည်အထိ၊ သူ့အပေါ်မှာ ကျေနပ်မှုရှိလာသည်။

စာမေးပွဲစစ်ရန် နှစ်ပတ်လာလိုတော့သည်။

သူတို့နှင့်ယောက် တွေ့တွေ့ဆုံဆုံ သွားသွား၊ လာလာ ရှိနေ သည်ကို ရပ်လိုက်ကြသည်။

ထိုနှစ်စာမေးပွဲမှာ ညီညီ့အတွက်ထက် သူ့အတွက် ပို၍ အရေးကြီးသည်။

လိုအပ်သည်ထက် ပို၍ကြိုးစားရမည့် အခြေအနေ။



မှတ်ဘဲ ခြေချော်လက်ချော်ဖြစ်သွားခဲ့ရင် ပြဿနာ အကြီးအကျယ်တက်မည်။

ဖြည့်၍မလွယ်သော ဆက်ထုံးကြီးတစ်ခု ကြားခံလာမည်။

သူ့အတွက်တော့ အချစ်စာမေးပွဲကြီး ဟုလည်း ဆိုနိုင် သည်။

စာမေးပွဲဖြေရပြီ။

ကြိမ်းသေပေါက်ဟု ပြောရမည်သို့အောင် အားပါးတရ ကျေကျေနပ်နပ်ကြီး ဖြေဆိုနိုင်ခဲ့သည်။

အောင်စာရင်းထွက်မည့်အချိန်ကိုပဲ စောင့်ရတော့မည်။

အောင်စာရင်းထွက်ပြီးလျှင် သူတို့စေ့စပ်ပွဲ။

လူကြီးချင်း ညှိနှိုင်းရမည့်ကိစ္စ အဝဝမှာလည်း ကြီးမား သော အထစ်အငေါ့မရှိ။

ဖြေရှင်းမရအောင် ကန့်လန့်ခံနေတည့် ပြဿနာလည်းမရှိ။

သူတို့စေ့စပ်ပွဲနှင့် မင်္ဂလာကိစ္စကိုလည်း ကြီးတော်နွဲ့ ကပင် တမကတ ခေါင်းဆောင်ပြီး လုပ်ပေးနေသည်။

အထစ်အငေါ့ ပြဿနာတစ်ခုတော့ ရှိနေသည်။

မိန်းကလေးရှင်ဘက်က မင်္ဂလာဆည်ခံပွဲကို ခမ်းခမ်း နားနား လုပ်ချင်သည့် ဆန္ဒသဘောထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးသမီး၊

တစ်သက်မှာ တစ်မင်္ဂလာမို့ တော်ရုံသင့်ရုံ မဖြစ်စေချင်၊

ဒါကို ကြီးတော်နွဲ့က လက်ခံသည်။

လက်မခံသည်ကတော့ မဟုတ်၊ အင်တင်ဘင် ဖြစ်နေသူက မင်းသူ၏ ဖခင်ကြီး ဦးစံထွန်း။

ခမ်းခမ်းနားနား မင်္ဂလာဆောင်ပွဲမှာ အေးယက်ရှင်များ အသိလင်တရှိသလို မနေသာလို့ လာရသူများလည်း အနည်းနှင့်အများဆိုသလို အသိအအောင့်ဖြစ်ရသည်မျိုး ရှိသည်။

ဦးစံထွန်းက ရုံးမှာ လက်မှတ်ထိုးပြီး ညစာခံပွဲသာ ဆောင်သည့် မင်္ဂလာဆွမ်းကျွေးသန့်သန့်လုပ်မည်။

မင်္ဂလာညစာခံပွဲအတွက် ကုန်ကျမည့် ငွေကြေးပမာဏကို လှူတို့နှစ်ယောက် ပူးတွဲနာမည်ဖြင့် ဘဏ်စာရင်း ဖွင့်ပေးချင်သည်။

ဒေါ်သိန်းနွဲ့က မင်္ဂလာကိစ္စအဝဝကို သူတာဝန်ယူ လုပ်ကိုင်မည်ဖြစ်၍ မိန်းကလေးရှင်၏ ဆန္ဒကို လက်ခံဖို့ မောင်ဖြစ်သူကို ဖျောင်းဖျနားချခဲ့သည်။

'ဒေါ်သိန်းသိန်းတို့နဲ့ ထင်ပြီး ညှိကြည့်ပါဦးလား မရယ်၊ ကျွန်တော်က ငွေကုန်ကြေးကျအတွက် နောက်တွန့်ပြီး



ပြောနေတာ မဟုတ်ဘူးနော်၊ အဓိပ္ပာယ်ရှိရှိ လုပ်ကိုင်စေချင်တဲ့ ဆန္ဒနဲ့ ပြောနေရတာပါ၊ ကလေးတွေအတွက်လည်း၊ အဓိပ္ပာယ်ရှိ၊ လူကြီးတွေအတွက်လည်း၊ ကသိလှင်တနဲ့ မျက်နှာမလွှတ်အောင် ပြောတာပါ၊ ညှိလို့မရတဲ့အဆုံးကျရင်တော့ လိုက်လျောရတော့မှာပေါ့'

ညိုညိုကလည်း၊ ခမ်းခမ်းနားနား မင်္ဂလာပွဲ ဖြစ်စေချင်သည့် ဆန္ဒသဘောထား မင်းသူကို ဖွင့်ပြောလာသည်။

မင်းသူကလည်း ညိုညို့ ဆန္ဒအတိုင်း အကောင်အထည် ဖော်ရစေပါမည်ဟု နှစ်သိမ့်စကားဖြင့် စနိုးစနောင့်ဖြစ်နေသည့် ညိုညို့ကို နှစ်သိမ့်ခဲ့သည်။

စာအယ်တော့ သူက ကြီးတော်နွဲ့ အားကိုးဖြင့် ထိုသို့ စကားဆိုဝံ့ခြင်းဖြစ်သည်။

ဖခင်ဖြစ်သူကလည်း ခါးခါးသီးသီး ငြင်းဆန်နေသည် မဟုတ်ကြောင်း၊ ကြီးတော်နွဲ့ထံမှတစ်ဆင့် သူက သိထားနှင့်သည်။

သို့မို့ကြောင့် ချစ်သူ၏ရင်ကို အေးမြစေမည့် စကားပေးစကား ပြောရဲခြင်းဖြစ်သည်။

အောင်စာရင်းထွက်ပြီ၊

ပြည့်ပြည့်ဝဝကြီး အောင်မြင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုလည်း ဖြောင်သည်။
ပျော်ရွှံ့မဖော မော်နိုင်သွားသည်။
ညိုညိုကဲလည်း အာကျနပ်ကြီး ကျေနပ်သွားသည်။
ဒေါ်သိန်းနွဲ့လည်း မျက်နှာပန်းအလှကြီး လှသွားသည်။

စေ့စပ်ပွဲ—

ဖြောင်မြင့်စွာ ပြီးဆုံးခြင်းဖြင့် အဆုံးသတ်နိုင်ခဲ့သည်။

ဖခင်ကြီးကလည်း အင်တင်တာင်ကို လျှော့ပေးလိုက်သည်။

အဆင်အစ လျှော့ပေးခြင်း ချောချော ပြေပြေ သွားသည့်အလျှောက် မင်္ဂလာရက် သတ်မှတ်လိုက်ကြသည်။

အားလုံး— အားလုံးသော ကိစ္စအရပ်ရပ်မှာ ပြေပြေ လျှောလျှော ချောချောမွေ့မွေ့ ဟူဆိုရသည်မှာတစ်ပါး အခြား မရှိ။

သူတို့နှစ်ယောက်၏ ရာသက်ပန်နှင်းမောင်နှံအဖြစ်လက်တွဲရတော့မည့် အချိန်အတိုင်းအတာကို စောင့်ရမည်မှာ သုံးသမျှသာ။

နှစ်နှင့်ချီ၍ စောင့်ခဲ့ပြီးသောမှ သုံးလသာရှိသည့်အချိန်မှာ ဘာမှမဟုတ် ဖြင့်လျှင် [illegible] လှည့် ပြီးသွားမည်။



သူတို့နှစ်ယောက် တွဲသွားတွဲလာမှာရော ပို၍လွတ်လပ်သွားပြီ။
ပျော်တပြုံးပြုံး မော်မဆုံးနေခဲ့ရာမှ—

www.burmeseclassic.com

(တစ်ဆယ့်နှစ်)

ကံတရားက သူတို့ကို အလှည့်ပေးခဲ့သည်။

သို့တစေ ကြမ္မာအကြိမ်းအမောင်း အလှည့်အပြောင်းအမှု သူတို့အား အလှည့်မပေးခဲ့။

မထင်မှတ်ရာပဲ ဖြစ်ပေါ်လာသည့် ကြမ္မာ၏ မေ့နေရာက ခြင်းကို အလူးအလိမ့် ခံလိုက်ရသည်။

နှစ်စဉ်ကျင်းပမြဲ ပေါင်းတည်စွယ်တော်ပွဲမှာကြက်ပျံမကျ အောင် စည်ကားသည်။

စွယ်တော်လှည့်လည်ပွဲမှာတခမ်းတနားရှိဘိဟု ပြောစမှတ် ပြုရသည်။



ပေါင်းတည်ဇာတိဖွား အများစုမှာ တခြားအချိန်တွင် အမွှေးရပ်ဇာတိမြေကို လှမ်းမေ့တမ်းတခြင်း မဖြစ်ရှိစေသော်မှ စွယ်တော်အဖူးမြော်ခံပွဲနှင့် လှည့်ပွဲနေ့ရက် ကြွေးကြော်ပြီဆိုလျှင် မွေးရပ်ဇာတိမြေကို လှမ်းမေ့တမ်းတရစမြဲ ရှိကြ၏။

အလှည့်အခိုက် အခါအခွင့် အခြေအနေပေးသူများမှာ မွေးရပ်ဇာတိမြေကို အရောက်ပြန်ကြသည်။

ဒေါ်သိန်းသိန်းမှာ ပေါင်းတည်ဇာတိ။

စွယ်တော်ဖူးမြော်ရန်၊ လှည့်ပွဲကြည့်ရန်နှင့် ဆွေမျိုးထဲမှ သက်ကြီးရွယ်အိုများအား ကန်တော့ရန်အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဇာတိမြေကို ပြန်စမြဲရှိသည်။

အလွန်အလွန် အခိုက်အလှည့် မသင့်သော နှစ်များတွင်သာ ပျက်ကွက်လေ့ရှိသည်။

မင်းသူနှင့် ညိုညိုတို့ စေ့စပ်ပွဲအပြီး တစ်လနှင့် သုံးရက်မြောက်နေ့မှာ စွယ်တော်ပွဲခနှင့် ဆုံကြုံလာသည်။

ထိုနှစ်မှာ အထူးသွားရမည့်နှစ်ဟု ဆိုရမည်။

စွယ်တော်ကို အနီးကပ် ဖူးမြော်မည်။

စွယ်တော်လှည့်ပွဲ ပါဝင်ဆင်နွှဲမည်။

ဆွေမျိုးရင်းခြာထဲမှ သက်ကြီးရွယ်အိုများကို ကန်တော့မည်။

ထိုနှစ်အမှု အကြောင်းတစ်ရပ် ထပ်တိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူနှင့် မကြာခင်မှီ လက်ထပ်ပေးတော့မည့် သတို့သားကိုပါခေါ်၍ ဆွေမြူမျိုးမြူ သွားမည့်အကြောင်း။

ဒေါ်သိန်းနွဲ့လည်း လိုက်မည်။

ဒေါ်သိန်းနွဲ့ကားဖြင့် သွားကြမည်။

မင်းသူ၏ မိခင်ကြီးမှာမူ အိမ်မှုကိစ္စ အထွေထွေကြောင့် မလိုက်ပါနိုင်ခဲ့။

သူတို့သွားကြမည့်အုပ်စုမှာ ငါးယောက်။

ပထမ အစီအစဉ်လုပ်စဉ်က လေးယောက်။

ဒေါ်သိန်းသိန်း၏ ညီမဝမ်းကွဲတစ်ယောက်ပါ လိုက်မည်ဆိုသောကြောင့် ငါးယောက်ဖြစ်သွားသည်။

ကားကို မင်းသူက မောင်းမည်။

လမ်းခရီး ကားစက်ချွတ်ယွင်းမှုရှိခဲ့သော်မှ အခကြောင်းမဟုတ်၊ မင်းသူတစ်ယောက်လုံး ပါသည်။

ဦးတည်ခရီးမှာ ပေါင်းတည်။

သို့တစေ ရှေ့ခရီးအဆက် ရှိသေးသည်။

လမ်းကြုံပြီး ခရီးသာမဝေးသည့် ရွှေဘောင် ရွှေမျက်မှန်ဘုရားနှင့် ရွှေနတ်တောင်ဘုရားကို ဆက်မည်။

ထိုမှတစ်ဆင့် ပြည်ရွှေဆံတော်ဘုရားဖူးဖြင့် သူတို့ခရီးစာကို အဆုံးသတ်မည်။

အသွားခရီးတွင် ဒေါ်သိန်းနွဲ့က ရှေ့ခန်းမှာ ထိုင်သည်။



ဒေါ်သိန်းသိန်းတို့ သုံးယောက်က နောက်ခန်းမှာ ထိုင်သည်။

ရက်မပုပ်အောင် စွယ်တော်ဖွင့်သည့်နေ့နှင့် လှည်းလည်ပွဲနေ့ တစ်နေ့တည်းတိုက်အောင် ရက်သတ်၍ သွားကြသည်။

ဒါပေသည့် ပေါင်းတည်မှာ သုံးရက်ကြာသွားသည်။

ဆွေမျိုးပေါသည့် ဒေါ်သိန်းသိန်း၏ ဆွေမျိုးများအိမ်သို့ လှည့်လည်ရသည်မှာ နှစ်ရက်ကြာသွားသည်။

ဒါတောင် ဆွေမျိုးမစုံသေးဟု ဒေါ်သိန်းသိန်းအမြွန်ရှိခဲ့သည်။

ရွှေနတ်တောင်နှင့် ပြည်မှာ တစ်ရက်ခရီး။

နောက်တစ်နေ့ ရန်ကုန်သို့အပြန်...

ဒေါ်သိန်းနွဲ့က ကြို့ပင်ကောက်ရှိ မောင်ဖြစ်သူထံ ဝင်သည်။ နှားနားနေနေ နှစ်နာရီလောက် နေခဲ့သည်။

သူ့အား ထိန်းထိန်း၊ သိမ်းသိမ်း၊ လမ်းကြောင်းခဲ့သူအဘ ဦးသာခင် ဘဝတစ်ပါးသို့ ပြောင်းသွားပြီ။

စိတ်မကောင်းဖြစ်ရသည်ကလွဲလို့ မည်သို့မျှ မတတ်နိုင်။ အပြန်ခရီးမှာ သတို့သမီး အပြုခရီး။

ကြို့ပင်ကောက်မှ အထွက်တွင် အထိုင်နေရာပြောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းနွဲက နေ့စက်ခန်းသို့ ပြောင်းထိုင် လိုက်သည်။
ညိုညို့ကို ဧည့်ခန်းသို့ ပြောင်းထိုင်စေလိုက်သည်။
သာယာဝတီသို့ အချင်တွင် ဆေးဘီးပေါက်သည်။

စပယ်ယာဘီးနှင့်လဲလှယ်တတ်ဆင်ပြီးနောက်၊ပေါက်သည့်ဘီးကို ဆိုင်ဝင်ဖာသည်။

တစ်ဆယ်းလုံး ဘာမှမဖြစ်၊ ထိုတစ်ကြိမ်သာ ဖြစ်သည်။
သုံးဆယ်အလွန် ငမြို့ဆေးတံထားသို့ အရောက်၊
မမျှော်လင့်သော ဖြစ်ရပ်နှင့် ဆုံစည်းတွေ့ကြုံလိုက်ရသည်။

ကားလမ်းကြော ရှင်းသောကြောင့် မိုင်လေးဆယ်ကျော်နှုန်း မောင်းခဲ့သည်။

ငမြို့လေး တံတားအဝင်သို့ အရောက် အုံးခနဲမြည်သံနှင့် အတူ ဆားမှာ လမ်းဘေးချိုင့်ထဲသို့ တစ်ဖက်လိမ့် တိမ်းမှောက်သွားသည်။

တံတားထိပ်တိုင်ကို တိုက်လိုက်သည့်အရှိန် မြင်းသလို တစ်ပတ်လိမ့် တိမ်းမှောက် သွားသည့် အရှိန်ကလည်း ပြင်းသည်။

စီယာတိုင် ရော့တန်ပြုတ်ပြီး၊ အရှိန်ကို မထိန်းနိုင်ခဲ့ဘဲ တိုက်မိသွားခြင်းဖြစ်သည်။



ကားမောင်းကျွမ်းကျင်ပေမယ့် ရုတ်တရက် ဖြစ်လာသည့် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကို ရုတ်တရက် ထိန်းသိမ်းရန်မှာမှ မလွယ်ကူ။

သတိထားပေမယ့် ရုတ်တရက် ဖြစ်လာသည့်အခါ သတိလက်လွှတ်ဖြစ်ရသည်။ စိုးရိမ်တကြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားရသည်။

မင်းသူက သတိလက်မလွှတ်ပေမယ့် မလှုပ်ရှားနိုင်။
ညိုညို့ကို ခေါ်ကြည့်လိုက်သည်။
ညိုညို့ထံမှ တုံ့ပြန်သံ ထွက်မလာ။
ရုတ်တရက် တွေ့ကြုံလိုက်ရသည့် ဖြစ်ရပ်က နောက်ဖက်မှာထိုင်ပြီးလာသူ သုံးယောက်ကိုလည်း သတိ လက်လွှတ် ဖြစ်သွားစေသည်။

မင်းသူ၏ လက်တစ်ဖက်မှာ လုံးဝလှုပ်လို့မရ၊
နံရိုးထဲကလည်း မခံမရပ်နိုင်အောင် အောင့်နေသည်။
ကားထဲကနေ ထွက်ဖို့ပင်မလွယ်။
မြည်လှမ်းပေါ်တွင် ဥဒဟိုသွားလာနေသည့် ကားများက ရပ်တန့်၍ အကူအညီ ပေးကြသည်။

သူတို့ သာယာဝတီ ဆေးရုံကို ရောက်တော့ မှောင်ရီပျိုးချိန်။

www.burmeseclassic.com



မင်းသူက လက်တစ်ဖက် ကျိုးသည်။ နံရိုးနှစ်ချောင်း ကျိုးသွားသည်။ လက်နှစ်ဆစ်စာလောက် နဖူးကွဲသွားသည်။

ညိုညို့ အခြေအနေ ဘယ်လိုရှိသည်ကို မသိရသေး။

ကြီးနဲ့တို့ သုံးယောက်မှာ အပွန်းအပဲ့ ဒဏ်ရာများသာ ရကြသည်။

ခုတော့ သတိရနေကြပြီ။

ညိုညို့ အခြေအနေကို မေးရသည်။

သတိမရသေးဘူးဟုဘဲ ပြောကြသည်။

နောက်တစ်နေ့ ရန်ကုန်မှ လိုက်လာသူများ ရောက်လာကြသည်။

ရေ၏ ဖခင်ကြီး ကိုယ်တိုင်လည်း ပါသည်။

ညိုညိုနှင့် ပတ်သက်၍ မဆုံးနိုင်သော အိပ်မက်များ။

ရင်ထဲမှာ အသိတစ်မျိုးကို ခံစားနေရသည်။

ရစ်ဝဲလာသည့် မျက်ရည်များမှာ အကြိမ်ကြိမ်။



အိမ်ထောင်ရေးနှင့်ပတ်သက်ရင် ကံခေသူဟု ဆိုရမည်။

ပထမချစ်သူနှင့်ရှင်ကွဲကွဲပြီး၊ မရောက်သင့် မရောက်အပ် ရာသော နေရာသို့ ရောက်ခဲ့ရသည်။

အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသည်။

ဘဝပျက်လမ်းကြောင်းပေါ်သို့ ရောက်လုဆဲဆဲ ဖြစ်ခဲ့သည်။

ဒုတိယချစ်သူနှင့် သေကွဲ ကွဲရသည်။

ကြီးမားသော ဒဏ်ရာဒဏ်ချက်များ ရရှိခဲ့သည်။

ထိုဒဏ်ရာဒဏ်ချက်များ ပျောက်သွားသည့်တိုင်း နှလုံးသား ခံစားမှုဒဏ်ရာမှာမူ သေသည့် တိုင်အောင် ပျောက်တော့မည် မဟုတ်။

ဘဝ နေဝင်ချိန်ကို တစ်ကိုယ်တည်း လျှောက်လှမ်းရင်း လာရာ လမ်းသို့ ပြန်ရတော့မည်ပါ။

ခမ်းခမ်းနားနား မင်္ဂလာပွဲ မဆင်နွှဲလိုက်ရသလို အသုဘမှာလည်း စည်စည်ကားကား မရှိဘဲ အကျဉ်းရုံးလိုက်ရသည့် ညိုညို၏ ကံဇာတာမှာ။

www.burmeseclassic.com



ကိစ္စဝစ္စများ ပြီးဆုံးပြီးနောက် ... ညိုညို၏ ဇာတာကို အသိဗေဒင်ဆရာ တစ်ယောက်ထံ စစ်ဆေးပေးသည်။

'ဒေါ်သိန်းသိန်း သပိုးရဲ့ ဇာတာက ရှင်းရှင်းလေးပဲ'

သူ့ လက်အကွက်၊ ၅ တေး၊ ၀ နေ၊ ၃ အင်္ဂါတို့ဟာ
ဂြိုဟ်ဆိုးဖြစ်တယ်၊ ၅ တေးတွလ၊ သိဟ်
ရာသိနေ၊ ရာဟုရဲ့ အန္တရာယ်
ဗုဒ္ဓဟူးရဲ့၊ သူတ္တိဒသ

သုံးချက်ပေါင်း ညွှန်တယ်၊ ဖြစ်လိုကတော့ မသေ ဘယ်ရှိပါမလဲ—

'ကောဇာကို ကြည့်ပြီး၊ စနေလှေ့ဂ်ရဲ့၊ ဂ တန်း ကို မြင်ထားတယ်လေ၊ တစ်ခါ ၇ တန့်ကိုစနေအ ပါယကဏ္ဍရှိနဲ့ ညှပ်ထားပြန်တယ်၊ အင်္ဂါကလဂ်ပေါ် စီးထားတယ် ၈ တန်ကို သမဘာတ် မြင်ထားတယ်'

'ရာဟုပေါ် ရာဟုစီးပြီး၊ အင်္ဂါကိုပါ စီးထားပြန်တယ် အစီးခံထားရတဲ့ အင်္ဂါဟာ လှေ့ဂ်ကို ပြန်စီး ထားပြန်ရော ဒီတော့အ ဘယ်သူကို မြင်မထားဘူး...

'ဒီတော့ ဒီအချိန်မှာ ဖြစ်ရင် ဘယ်လို မရခတော့ဘူးပေါ့'

'ဇာတာဇာရာဟု ဖြစ်တဲ့အချိန်၊ လဂ်ကို အင်္ဂါစီးတဲ့အချိန်မှာ ထိခိုက်မိပြီး သေတာပါ...

'အင်္ဂါဟာ၊ ၇ တန့်သခင်၊ မရဏ ထခင်လည်းဖြစ်တော့ ဗေဒင်အလိုအရကတော့ ဇာတာရှင်ကို၊ အင်္ဂါအ သတ်ဆိုက်တာပေါ့—



'ခန္ဓာကိုယ်အထက်ပိုင်းမှာ ကြီးမားတဲ့ဒဏ်ရာ တွေ့ရမယ်လေ'

ဗေဒင်အလိုအရ ထိုသို့ အဟောထွက်သည်။
မင်းသူကပဲ အိမ်ထောင်ရေး ကံခေတာလား။
ညိုညိုအ ဇာတာခွင်ကပဲ ညံ့တာလား။
မင်းသူက ညိုညိုနဲ့ဆက်နွယ်မိလို့ သည်လိုဖြစ်ရတာလား။
ဆိုသည်ကိုမူ...

နွားကြပါဦးစို့

မေတ္တာမျှားစွာဖြင့် ရှင်လန်းချမ်းမြေ့ပါစေ...

ကျော်မြသန်း

BURMESE CLASSIC

www.burmeseclassic.com